၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL

အတွဲ (၈)၊ အမှတ် (၅)
၂၀၁၈ခုနှစ်၊ မတ်လ (၇)ရက်

## ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ









» စာ- ၁၄

myanmar national airlines
70th ANNIVERSARY

NEW ROUTE ANNOUNCEMENT
MYANMAR NATIONAL AIRLINES HAS EXTENDED TO PHUKET

YANGON · PHUKET · YANGON
DIRECT FLIGHT | STARTING FROM 25TH MARCH, 2018 | STARTING FROM $210 | ALL IN FARE

| DAY | SECTOR | DEPT | ARRV | A/C |
|---|---|---|---|---|
| FRIDAY SUNDAY | YANGON-PHUKET | 1755 | 2015 | E190 |
| FRIDAY SUNDAY | PHUKET-YANGON | 2155 | 2235 | E190 |




MYANMAR NATIONAL AIRLINES HQ
NO.104, KANNA ROAD,
KYAUKTADA TOWNSHIP, YANGON, MYANMAR
+95 1 378 603 ext.117
reservations@flymna.com | www. flymna.com

# အယ် ဒီ တာ့ အာ ဘော်

## တပေါင်းလပြည့် မင်္ဂလာနေ့ ထွန်းလက်ရောင်ဖြာ သာသနာ......

၂၀၁၈ခုနှစ် မတ်လ (၁)ရက်သည် (တပေါင်းလပြည့်နေ့)ဖြစ်သည်။ ပအိုဝ်းအမျိုးသားနေ့လည်းဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားများ အလေးအမြတ်ထားရာ သူရိယစန္ဒာမင်းကြီး၏ မွေးနေ့ မွေးရက်ဖြစ်သည်။ တပေါင်းလပြည့်နေ့ အစွဲပြု၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရက ပအိုဝ်းလူမျိုးဟု သတ်မှတ်ခေါ်ဝေါ်သုံးစွဲခွင့်ပြုခဲ့သည့် ၁၉၄၄ခုနှစ်မှ စတင်ကာ ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ပအိုဝ်လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အနေဖြင့် ယခင်အစိုးရလက်ထက်ကတည်းက တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် စိတ်ရောကိုယ်ပါကြိုးစားအားထုတ်လျက်ရှိသည်ကို အထင်အရှားမြင်တွေ့နေရသည်။

တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့နှင့် နယ်မြို့အသီးသီးရှိ တန်ခိုးကြီးစေတီတော်များ၌ ဘုရားဖူးများဖြင့် စည်ကားခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ်၊ တပေါင်းလပြည့်နေ့အခါသမယတွင် ရွှေတိဂုံစေတီနှင့် အခြားသောစေတီတော်များတွင် နံနက် (၆)နာရီမှ စတင်ကာ ဘုရားဖူးများစည်ကားခဲ့ပြီး၊ ဆီမီးဆက်ကပ်ပူဇော်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ စတုဒိသာအလှူကျွေးမွေးခြင်း၊ တရားနာခြင်းများပြုလုပ်ခဲ့ကြသည်၊

မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်၊ ကလေးမြို့ ရွှေဘုံသာစေတီ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့တွင်နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနီယဘုရားပွဲ မန်းရွှေစက်တော်ဘုရားပွဲတော်၌ ဘုရားဖူးကားများပြည့်ကျပ်နေပြီး တဲကျောင်းများ ပြည့်လျှံသည်အထိ စည်ကားခဲ့သည်။ မန်းရွှေစက်တော်ဘုရားပွဲအား နှစ်စဉ်တပို့တွဲလဆန်း (၅)ရက်မှ မြန်မာနှစ်ဆန်း (၁)ရက်နေ့အထိ ကျင်းပလေ့ရှိသည်၊

ကရင်ပြည်နယ် ကျက်သရေဆောင်ဖွဲကပင်တောင် ဘုရားပွဲတော်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများနှင့် စည်ကားလျက်ရှိသည်၊ ဖွဲကပင်တောင်သည် ဘားအံမြို့မှ (၈)မိုင်အကွာတွင်တည်ရှိပြီး အမြင့်ပေ(၃၇၀၀)ကျော်တွင်တည်ရှိကာ ကရင်ဘာသာစကားဖြင့် ဖွဲကပေါင်၊ မွန်ကရင်ဘာသာစကားဖြင့် ဒိုးကရွယ်ကဗန်း ဟုခေါ်ဆိုပြီး သဘော်ချည်တောင်ဟုအဓိပ္ပာယ်ရသည်။

မတ်လ (၁)ရက် (တပေါင်းလပြည့်နေ့)တွင် ကျရောက်သော သီတဂူဆရာတော်ကြီး သက်တော် (၈၁) နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာအဖြစ် စစ်ကိုင်းတောင်ရိုးမှ သံဃာအပါး (၁၀၀၀)အား စစ်ကိုင်းတောင်ရိုး သီတဂူဗုဒ္ဓတက္ကသိုလ်၌ ဆွမ်းကြီးလောင်းလှူခဲ့သည်။ အဘိဓဇမဟာ ရဋ္ဌဂုရု၊ ရွှေကျင်နိကာယဉပဥက္ကဋ္ဌသီတဂူအဓိပတိဆရာတော်၏ သက်တော် (၈၀)နှစ်ပြည့် မွေးနေ့အလှူတော်အဖြစ် သံဃာအပါး (၃၀၀၀)နှင့် သီလရှင်အပါး (၁၀၀၀)အား ဖေဖော်ဝါရီ (၂၇)ရက်မှ မတ် (၂)ရက်အထိ စစ်ကိုင်းမြို့ ထူပါရုံစေတီ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ သီတဂူဝိပဿနာအကယ်ဒမီတို့၌ ဆွမ်းကြီးလောင်းအလှူပြုခဲ့သည်၊

ထို့အတူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ သက်တော် (၇၈)နှစ်ပြည့် မွေးနေ့ ဂုဏပူဇာအလှူတော်မင်္ဂလာအား မတ်လ (၁)ရက် (တပေါင်းလပြည့်နေ့) တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ဒေသရှိ ရန်ကုန် - မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၇)မိုင် (၆)ဖာလုံအနီး ဓမ္မဝိနယစင်တာကျောင်းတိုက်တွင် ပြုလုပ်ခဲ့သည်၊

ပင့်သံဃာအပါး (၃၀၀)၊ သီလရှင်အပါး (၁၀၀)နှင့် အထူးပင့် သံဃာတို့ဆရာတော်မွေးနေ့သို့ တက်ရောက်ကြည်ညိုသူများက လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး ပါမောက္ခချုပ်ဆရာတော်ဟောကြားသည့် အနမောဒနာတရားတော်မြတ်ကို နာကြားခဲ့ကြသည်။ ပါမောက္ခချုပ်ဆရာတော်သည် ၁၉၄၀ပြည့်နှစ် (မြန်မာသက္ကရာဇ် ၁၃၀၁)တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၊ ညောင်ပင်ကျေးရွာဇာတိဖြစ်သည်၊ ငယ်စဉ်အရွယ်၌ပင် သာသနာတော်သို့ဝင်ရောက်ခဲ့သည်။

ပါမောက္ခချုပ်ဆရာတော်သည် နိုင်ငံတကာသို့ ဗုဒ္ဓ၏ အဘိဓမ္မတရားများဖြန့်ဝေလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အဘိဓမ္မာတက္ကသိုလ်စသည့် တက္ကသိုလ်များ၏ ပါမောက္ခချုပ်ဖြစ်သည့်အပြင် စစ်ကိုင်းမြို့ သုဓောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်၊

၂၀၁၈ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ်လ(၁)ရက် (တပေါင်းလပြည့်နေ့) (၁)နာရီတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာမဟာဗိမာန်တော်ကြီး၌ ကျင်းပရာနိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူကြသည်၊

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုကို တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများနှင့်အတူ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဘိတဓရ၊ ဓမ္မက ထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာသဒ္ဓမ္မဇောတိက၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ မဟာကမ္မဋ္ဌာနစရိယနှင့် ကမ္မဋ္ဌာနစရိယဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်၊

၂၀၁၈ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် ရဟန်းတော် (၁၉၉) ပါး၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီး (၉)ပါး၊ လူပုဂ္ဂိုလ်အမျိုးသား (၂၇)ဦးနှင့် အမျိုးသမီး (၃၃)ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့သည်၊

အနှစ်ချုပ်ဆိုရသော် မတ်လသည် ကျက်သရေမင်္ဂလာတို့နှင့် ပြည့်စုံသောလဖြစ်ပေသည်၊ မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ် တပေါင်းလသည် သာသနာတော်ထွန်းပြောင်လင်းလက်မှုအရှိန်ပြင်းအား မြင့်မားသည့် ကာလဟု ဆိုညွှန်းသမှု ပြုလိုက်ရပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ မတ်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလ ဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(၁) ကြိမ်ဖြစ်ပေါ်နိုင်ပါသည်၊ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာပြီးကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်၊

**မိုးအခြေအနေနှင့် မိုးရွာချက်**

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်၊

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် (၂)ရက်မှ (၃)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ရက်ခန့်ရွာနိုင်ပါသည်၊

**နေအပူချိန်**

မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်ထက် (၁.၅)ဒီဂရီစင်တီဂရိတ် ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် တို့တွင်မတ်လ၏ ပျမ်းမျှအပူချိန်ခန့်ရှိနိုင်ပါ သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅)ရက်မှ (၇) ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၂)ရက်မှ (၄)ရက်ခန့်နံနက်ပိုင်းတွင်မြူထူ များဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မတ်လ ပထမ(၁၀)ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်မှ ၁-ပေခန့်မြင့်တက်လာနိုင်ပြီးချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင်ပေဝက်ခန့် ကျဆင်းလာနိုင်ပါသည်၊

ချင်းတွင်းမြစ်ရေသည် မတ်လ ပထမ(၁၀)ရက်ပတ်အတွင်းခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်မြင့်တက်လာနိုင်ပါသည်၊

မိုး/ဇလ

## အိန္ဒိယနိုင်ငံ Narayana ဆေးရုံမှ ကျောက်ကပ်၊ ဦးနှောက်နှင့် အာရုံကြော၊ ကင်ဆာအထူးကုဆရာဝန်ကြီးများ ကျန်းမာရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကျင်းပ

အိန္ဒိယနိုင်ငံ Narayana ဆေးရုံမှ ကျောက်ကပ်၊ ဦးနှောက်နှင့် အာရုံကြော၊ ကင်ဆာအထူးကုဆရာဝန်ကြီးများ ကျန်းမာရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၀)ရက်နေ့ ညနေ (၆)နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်၊

ထို့နောက် အိန္ဒိယနိုင်ငံ Narayana ဆေးရုံမှ ကျောက်ကပ်အထူးကုဆရာဝန်ကြီး Dr. Deepak Shankar Ray၊ ဦးနှောက်နှင့် အာရုံကြောအထူးကု ဆရာဝန်ကြီး Dr.Partha Pratim Bishnu၊ ကင်ဆာ အထူးကုဆရာဝန်ကြီး Dr.Anshuman Kumarတို့က ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာသူများမှ သိလိုသည်များအား မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာဆရာဝန်ကြီးများမှ ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့နောက်တာဝန်ရှိသူများက အိန္ဒိယနိုင်ငံ Narayanaဆေးရုံမှ အထူးကုဆရာဝန်ကြီးများအား အမှတ်တရဂုဏ်ပြု လက်ဆောင်များအား ပေးအပ်ခဲ့ကြပြီးမှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူး ခဲ့ကြသည်။

ဆက်လက်၍ ဖေဖော်ဝါရီ (၂၁) ရက် နံနက် (၁၀)နာရီအချိန်တွင်မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီး၊ မယ်လမုဘုရားအနီးရှိ OSC ဆေးရုံရှိ ခန်းမဆောင်တွင် OSC ဆေးရုံမှ Medical Director ဒေါက်တာ ခိုင်စုစုဝေမှ အိန္ဒိယနိုင်ငံ Narayanaဆေးရုံမှ အထူးကုဆရာဝန်ကြီးများက မြန်မာပြည်သို့လာရောက်၍ ကျန်းမာရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အိန္ဒိ ယနိုင်ငံ Narayana ဆေးရုံမှ ကျောက်ကပ်၊ ဦးနှောက်နှင့်အာရုံကြော၊ ကင်ဆာအထူးကုဆရာဝန်ကြီးများမှ ကျန်းမာရေးဆိုင်ရာများဖြစ်သော မိသားတစ်စု၏ Life Style နေ့စဉ်သွားလာနေထိုင်မှု၊ စားသောက်မှု၊ ဦးနှောက်ဆိုင်ရာလေဖြန်းမှု၊ လေဖြတ်မှုဆိုင်ရာများ ကာကွယ်မှုဆိုင်ရာ၊ကုသမှုဆိုင်ရာများအားရှင်းလင်းဆွေးနွေးဖြေကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာသူများက သိလိုသည်များအား မေးမြန်းကြရာ သက်ဆိုင်ရာဆရာဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြပြီး အထူးကုဆရာဝန်ကြီးများက OSCဆေးရုံတွင် ဆေးကုသမှုခံယူနေကြသော လူနာများအားသွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။

Narayana Health (NH) ဆေးရုံသည် အိန္ဒိယနိုင်ငံအတွင်းသာမက အခြားသောနိုင်ငံပေါင်းများစွာက အကောင်းဆုံးဟုသတ်မှတ်ပြီး လက်ခံထားသော နာမည်ရဆေးရုံကြီးတစ်ခုဖြစ်ပြီး ဆုတံဆိပ်ပေါင်းများစွာကိုလည်း လက်ခံရရှိထားသည့် ဆေးရုံကြီးဖြစ်ပြီး NHဆေးရုံသည် ၂၀၀၀ ခုနှစ်မှစပြီး ယခုလက်ရှိတိုင်နာမည်ကြီးကျော်ကြားနေသောဆေးရုံကြီးဖြစ်ပြီး NHဆေးရုံကြီးသည်ရောဂါပေါင်း (၃၀)ကျော် တို့ကိုလည်းတာဝန်ယူကုသပေး လျှက်ရှိပြီး လူနာပေါင်းတစ်ဆယ့်ငါး သန်းနှင့်အထက်



လာရောက်ကုသ လျှက်ရှိကြောင်းNH ဆေးရုံကြီးသည် နိုင်ငံပေါင်း (၁၇) နိုင်ငံတွင် တည်ရှိပြီးဆေးရုံအခွဲပေါင်း (၂၉)ရုံနှင့် လူနာကုတင်ပေါင်း(၇၅၀၀) တည်ရှိပြီး အဖွဲ့အစည်းဝင်ပေါင်း တစ်သောင်းငါးထောင်ရှိပြီး(၇၇)နိုင်ငံရှိ လူနာများသည် NH ဆေးရုံတွင် လာရောက် ကုသမှု ခံယူ လျှက် ရှိကြောင်း သတင်းရရှိသည်၊

သတင်းအဖွဲ့










# ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ကြရာတွင် ရေနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်လိုအပ်လျက်ရှိ

ကမ္ဘာ့ရေနေ့ (World Water Day 2018)အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂၌ ကျင်းပရာအမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ရေချိုရရှိမှု၏အရေးပါမှုနှင့် ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းသုံးစွဲနိုင်ရေး အာရုံစိုက်လာစေရန်မတ်လ(၂၂)ရက်ကို ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်၍ နှစ်စဉ်ကမ္ဘာ့ရေနေ့သည် ရှားပါးသည့်အရင်းအမြစ်များ၏ စဉ်ဆက်မပြတ်တည်ရှိမှုကို အသုံးပြုနေသောအနာဂါတ်စိန်ခေါ်မှုများအတွက် ပြင်ဆင်ရန်သတိပေးသည့် နေ့တစ်နေ့လည်းဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေနှင့်ဆက်နွယ်သည့် နိုင်ငံတကာပူးပေါင်းလှုပ်ရှားမှုများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊

မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်မှစတင်၍ ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားများကို အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကကြီးမှူး၍ ရေနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်သူများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပလျက်ရှိပါကြောင်း၊

၂၀၁၈ခုနှစ်ကမ္ဘာ့ရေနေ့၏ အထူးပြုအကြောင်းအရာမှာ "Nature for Water" (ရေအတွက်သဘာဝပတ်ဝန်းကျင်)ဖြစ်ပါကြောင်း၊ ၂၁ရာစုနှစ်အတွက် ရေဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်တည်ရှိနေသည့်သဘာဝပတ်ဝန်းကျင် အခြေအနေများကိုမည်သို့အသုံးပြုနိုင်မည်ဆိုသည်ကိုဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ "Nature for Water" (ရေအတွက်သဘာဝပတ်ဝန်းကျင်)ဟု သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ သဘာဝအခြေအနေများမှ ရှာဖွေတွေ့ရှိထားသည့် ရလဒ်များကိုအသုံးပြု၍ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရေထုညစ်ညမ်းမှုလျှော့ချခြင်းတို့တွင် အဖြေရှာဆောင်ရွက်နိုင်ရေး အတွက်လည်းဖြစ်ပါကြောင်း၊

ယနေ့ကမ္ဘာ့လူဦးရေ၏(၂ ဒသမ ၁)သန်းခန့်သည် မိမိတို့အိမ်များတွင် လုံခြုံဘေးကင်းသည့်သောက်သုံးရေမရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ကျန်းမာရေး၊ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (Sustainable Development Goal) များတွင် "၂၀၃၀ပြည့်နှစ်၌လူသားတိုင်းအတွက် ရေနှင့် မိလ္လာစနစ်ရရှိနိုင်ရေးနှင့် ရေရှည်စီမံခန့်ခွဲနိုင်ရေး"ဟူ၍ ရည်မှန်းချက်အမှတ်စဉ်(၆)တွင် ထည့်သွင်းဖော်ပြထားပါကြောင်း၊

ရေသည်သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သည့်အရာတစ်ခုဖြစ်ပါကြောင်း၊ ရေသည်လူသားများအသက်ရှင်သန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ တစ်ဘက်တွင်လည်းရေကြောင့်ပင်သေကြေပျက်စီးဆုံးရှုံးရသည့် သဘာဝဘေးအန္တရာယ်များနှင့်လည်း ရင်ဆိုင်နေရပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင်း ရေနှင့်ဆက်နွယ်သည့် အခက်အခဲပြဿနာများကို ကမ္ဘာ့နေရာအနှံ့အပြားတွေ့ကြုံနေရပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံဆောင်ရွက်ကြရာတွင် ရေနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အင်တိုက်အားတိုက်ဆောင်ရွက်ကြရန်လိုအပ်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း လူများ၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိများဘေး အန္တရာယ်မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အလယ်ပိုင်းခြောက်သွေ့ဒေသများမှလွဲ၍ ကျန်ဒေသများတွင် မိုး ကောင်းမွန်စွာရွာသွန်းလေ့ရှိပြီးမြစ်ချောင်းများ၊ သဘာဝရေကန်များနှင့် ရေခိုအောင်းလွှာအမြောက်အမြားရှိနေပါကြောင်း၊ လူဦးရေအရဖြစ်စေ စီးပွားရေးအရဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက်ဖြစ်စေလုံလောက်သည့် ရေအရင်းအမြစ်များရှိသည်ဟု ဆိုပါကြောင်း၊ အဆိုပါအခွင့်အလမ်းများကိုအသုံးချနိုင်ရန် လိုအပ်နေဆဲဖြစ်သည့်အတွက်နိုင်ငံအများစုကဲ့သို့ရေကြီးခြင်း၊ ရေရှားပါးခြင်းနှင့် ရေထုညစ်ညမ်းခြင်းစသည့် ရေနှင့်ဆက်နွယ်သည့်ပြဿနာများကို ခံစားနေရပါကြောင်း၊ ထို့ကြောင့်နိုင်ငံ၏ ရေအရင်းအမြစ်ကိုအသုံးချနိုင်မည့် အခွင့်အလမ်း(Potential)များပြားပါကြောင်း၊ အဆိုပါအခွင့်အလမ်းများကိုအသုံးချနိုင်ရန် လိုအပ်နေဆဲဖြစ်သည့်အတွက် နိုင်ငံအများစုကဲ့သို့ရေကြီးခြင်းနှင့် ရေထုညစ်ညမ်းခြင်းစသည့် ရေနှင့်ဆက်နွယ်သည့်ပြဿနာများကိုခံစားနေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ ရေအရင်းအမြစ်များကိုထိရောက်စွာစီမံခန့်ခွဲနိုင်ရေး၊ ထိရောက်ကောင်းမွန်သောရေကိုသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ ရေသိုလှောင်နိုင်ရေး၊ ဝန်ကြီးဌာနအလိုက်မျှတစွာ ရေခွဲဝေသုံးစွဲနိုင်ရေနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ရေနှင့်ဘတ်ဂျက်ခွဲဝေသုံးစွဲနိုင်ရေးတို့အတွက်ရေနှင့် ဆက်နွယ်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု (IWRN) ကိုအကောင်အထည်ဖော်ရေးသည် အရေးကြီးလှပါကြောင်း၊

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် "အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများအတွက်အရေးပါသော တတိယအကြိမ်အာရှ-ပစိဖိတ်ရေညီလာခံ"တွင် ကောင်းမွန်သောရေသံသရာစီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်မှုနှင့် အားလုံးပါဝင်သည့်ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းပြီးရေရှည် ရရှိနိုင်မည့်သောက်သုံးရေပေးဝေရေး၊ မိလ္လာစနစ်နှင့် ရေဆိုးစီမံခန့်ခွဲမှုဝန်ဆောင်မှုများတိုးတက်ကောင်းမွန်စေရေးနှင့် တိုးချဲ့ရေးတို့အတွက် နိုင်ငံတော်အဆင့်၊ ဒေသန္တရအဆင့်ထိန်းသိမ်းကြီး ကြပ်ရေးစီမံကိန်းများထူထောင်ရေး အပါအဝင်ရေနှင့် ဆက်နွယ်သည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအတွက် ငွေကြေးထောက်ပံ့ခြင်းကိုစောင့်ကြည့်သည့်ဒေသတွင်းစနစ်တစ်ခုထူထောင်ရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း။ ဆွေးနွေးမှုရလဒ်အဖြစ် Yangon Declarationကိုထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၈ခုနှစ်၊ မတ်လအတွင်းဘရာဇီးနိုင်ငံတွင် ကျင်းပမည့် Water World Forum 2018တွင်ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက်အာရှ-ပစိဖိတ်ရေဖိုရမ်နှင့် ပူးပေါင်းပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ခုနှစ်မှ ၂၀၂၈ခုနှစ်အထိကို "ရေဆိုင်ရာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ဆယ်စုနှစ်"ဟု ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ထားပါကြောင်း။

အဆိုပါ ဆယ်စုနှစ်အတွက် ရည်ရွယ်ချက်များလည်း ချမှတ်ထားပါကြောင်း၊ ရေဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆယ်စုနှစ်ကို ဒေသတွင်း၌သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ အတူတကွပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွက်အဓိက လိုအပ်နေသည့်လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအတွက် မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။ နိုင်ငံတော်၏ ရေအရင်းအမြစ်များ အားလုံးကိုထိရောက်စွာစီမံခန့်ခွဲနိုင်ရေးအတွက် အဓိကကျသည့်မြစ်များနှင့် မြစ်ဝှမ်းများကို စနစ်တကျစီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။ လိုအပ်သည့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများနှင့် ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်များ တည်ဆောက်မှုနှင့်အတူရေနှင့်ဆက်နွယ်သည့် ဌာနအဖွဲ့အစည်းများရှိဝန်ထမ်းများနှင့် ပတ်သက်ဆက်နွယ်သူများအားလုံးကိုလည်းစွမ်းဆောင်မှု အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကိုတစ်ပြိုင်တည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံအတွက်အရေးပါသည့် ရေနှင့်ဆက်နွယ်သောရေပေးဝေမှု၊ မိလ္လာနှင့် ရေသန့်စနစ်များပြည့်စုံကောင်းမွန်စေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေအားလျှပ်စစ်

စာ- ၅ »

# ယာဉ်ကွေ့ရာတွင် သတိပြုရမည့်အချက်များ



၁။ ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူမရှိသော လမ်းဆုံလမ်းခွတွင် လက်ယာဘက်သို့ကွေ့လိုလျှင် လက်ယာဘက်သို့ ကပ်၊ အမြန်နှုန်းလျှော့၊ အန္တရာယ်ကင်းမှကွေ့ရမည်။ ယာဉ်ထိန်းအချက်ပြမီး (သို့မဟုတ်) ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူရှိသော လမ်းဆုံလမ်းခွတွင် အချက်ပြမီး(သို့မဟုတ်) ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူမှ ညွှန်ပြထားသည့်အတိုင်း လက်ယာဘက်သို့ ကွေ့ရမည်။

ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူမရှိသော လမ်းဆုံလမ်းခွတွင် လက်ဝဲဘက်သို့ ကွေ့လိုလျှင် လက်ဝဲအစွန်းယာဉ်ကြော (သို့မဟုတ်) လမ်း၏အလယ်သို့ကပ်၍ အန္တရာယ်ကင်းမှကွေ့ဝင်ရမည်။ ယာဉ်ထိန်းအချက်ပြမီး (သို့မဟုတ်) ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူရှိသော လမ်းဆုံလမ်းခွတွင် အချက်ပြမီး (သို့မဟုတ်) ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူမှ ညွှန်ပြထားသည့်အတိုင်း လက်ဝဲဘက်သို့ ကွေ့သွားရမည်။

၃။ လမ်းမ၏ လက်ယာဘက်ရှိ လမ်းသွယ်ထဲသို့ကွေ့ဝင်လိုလျှင် လမ်းလက်ယာဘက်သို့ကပ်မောင်း၍ အမြန်နှုန်းလျှော့အန္တရာယ်ကင်းမှ ကွေ့ဝင်ရမည်။

၄။ လမ်းမ၏ လက်ဝဲဘက်ရှိလမ်းသွယ်ထဲသို့ ကွေ့ဝင်လိုလျှင် လမ်း၏အလယ်ဘက်သို့ ကပ်၊ လမ်းလက်ဝဲဘက်သို့ ကပ်၊ အမြန်နှုန်းလျှော့၊ ခေတ္တရပ်၊ အန္တရာယ်ကင်းမှ ကွေ့ဝင်ရမည်။

၅။ နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်းလမ်းသို့ကွေ့လိုလျှင် အောက်ပါအတိုင်းလိုက်နာရမည် -

(က) လက်ယာဘက်သို့ ကွေ့ဝင်ရပါက နှစ်လမ်းမောင်းလမ်း၏ လက်ယာဘက်သို့ ကပ်၊ တစ်လမ်းမောင်းလမ်း၏ လက်ယာဘက် ယာဉ်ကြောင်းတစ်ခုခုအတွင်းသို့ ကွေ့ဝင်ရမည်။

(ခ) လက်ဝဲဘက်သို့ ကွေ့ဝင်ရပါက နှစ်လမ်းမောင်းလမ်း၏ လမ်းအလယ်သို့ ကပ်၊ တစ်လမ်းမောင်း၏ လက်ဝဲယာဉ်ကြော တစ်ခုခုအတွင်းသို့ ကွေ့ဝင်ရမည်။

၆။ တစ်လမ်းမောင်းလမ်းမှ နှစ်လမ်းမောင်းလမ်းသို့ကွေ့ဝင်လိုလျှင် အောက်ပါအတိုင်း လိုက်နာရမည် -

(က) လက်ယာဘက်သို့ ကွေ့လိုပါကတစ်လမ်းမောင်းလမ်း၏ လက်ယာဘက်သို့ကပ်ပြီးမှ ကွေ့ဝင်ရမည်။

(ခ) လက်ဝဲဘက်သို့ကွေ့လိုပါက တစ်လမ်းမောင်းလမ်း၏ လက်ဝဲဘက်သို့ကပ်ပြီးမှ ကွေ့ဝင်ရမည်။

၇။ ယာဉ်ကွေ့မည်ဖြစ်ကြောင်း အချက်ပြခြင်းကိုကွေ့မည့်နေရာသို့ မရောက်မီ အနည်းဆုံး ၃၀.၅ မီတာ (ပေ ၁၀၀ မှ ကြိုတင်၍ပြရမည်။

၈။ လက်ယာဘက်သို့ကွေ့ရန် လက်ဝဲဘက်ယာဉ်ကြောမှ လက်ယာဘက်ယာဉ်ကြောကိုဖြတ်၍ ကွေ့မောင်းခြင်း မပြုရ။

၉။ လက်ဝဲဘက်သို့ကွေ့ရန် လက်ယာဘက်ယာဉ်ကြောမှ လက်ဝဲဘက်ယာဉ်ကြောကိုဖြတ်၍ လမ်းအလယ်တွင် နေရာယူခြင်းလုံးဝမပြုရ။

၁၀။ အောက်ပါနေရာများတွင် "ဂ" ကွေ့မကွေ့ရ -

(က) လမ်းအလယ်တွင် အလျားလိုက်တစ်ဆက်တည်း ရေးဆွဲထားသော မျဉ်းဖြူ၊ မျဉ်းဝါတစ်ကြောင်း (သို့မဟုတ်) နှစ်ကြောင်းရှိသောလမ်း၊

(ခ) လမ်းဆုံ၊ လမ်းခွ၊

(ဂ) လမ်းထောင့်၊ လမ်းကွေ့၊

(ဃ)ကုန်းထိပ်နှင့် ၎င်းမှ ၁၀၀ မီတာ (၃၂၈-ပေ)အတွင်း

(င) တံတားအဝင်အဝနှင့် တံတားပေါ်၊

(စ) တစ်လမ်းမောင်းလမ်း၊

(ဆ)"ဂ" ကွေ့မကွေ့ရဟု တားမြစ်ထားသောနေရာ၊

၁၁။ "ဂ" ကွေ့ကွေ့နိုင်သောနေရာတွင် ယာဉ်အသွားအလာရှင်းမှ ကွေ့ရမည်။

၁၂။ လမ်းကျဉ်း၍ ရှေ့တိုးနောက်ဆုတ်ကွေ့ရပါက အခြားယာဉ်များ တားဆီးပိတ်ဆို့ခြင်းမဖြစ်စေရ၊

၁၃။ တောင်ပေါ်လမ်းတွင် အကွေ့တိုင်း၌ ဟွန်းတီးပြီးအမြန်နှုန်းလျှော့မောင်းရမည်။

# ဆိုက်ဘာလုံခြုံရေးဦးစီးဌာနက အငယ်တန်းအင်ဂျင်နီယာရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသတင်း အချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနက အငယ်တန်းအင်ဂျင်နီယာ (၂)ရာထူး(၁၈)နေရာ အတွက် လျှောက်လွှာများ ခေါ်ယူကြောင်းသိရသည်။

အဆိုပါရာထူးအတွက် လက်ရှိဝန်ထမ်းမဟုတ်သူ များအတွက် အသက် ၃၀နှစ်ထက်မကျော်လွန်သူဖြစ်ရ မည်ဖြစ်ပြီး၊ ပညာအရည်အချင်းသတ်မှတ်ချက် B.C.Sc၊ B.C.Techဘွဲ့ရရှိသူ (သို့) B.Sc(Physic/Match) A.G.T. Iဘွဲ့၊ ဒီပလိုမာရရှိပြီး ကွန်ပြူတာအခြေခံသင် တန်းအောင်လက်မှတ်ရရှိသူဖြစ်ရမည်ဖြစ်ပြီး အသက် (၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရန် သတ်မှတ်ထားပြီး၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး၊ ဌာနဆိုင်ရာအသိအမှတ်ပြုဘာသာ ရပ်ဆိုင် ရာ သင်တန်းတက်ရောက်ပြီးသူဖြစ်ပြီး၊ အသက်၃၅နှစ် ထက် မကျော်လွန်သူဖြစ်ရမည် ဖြစ်သည်။

အဆိုပါရာထူးအတွက် အင်္ဂလိပ်စာ၊ အထွေထွေဗဟု သုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည့် အရည်အ ချင်းစစ်စာမေးပွဲဖြေဆိုရမည်ဖြစ်သည် ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းများဆောင် ရွက်သွားမည်ဖြစ်သည်ကိုလည်း သိရသည်။

အငယ်တန်းအင်ဂျင်နီယာ (၂)ရာထူးအတွက် လျှောက်လွှာများကို ရုံးအမှတ် (၂)နေပြည်တော်ရှိသတင်း အချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန (ရုံးချုပ်) တွင် ရုံးချိန်အတွင်း မတ်လ (၉)ရက်နေ့ထိနောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါကသတင်း အချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဝက်ဘ် ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

လှမျိုး - ဆ.သ.ရ




# မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

မြန်မာရေကြောင်း အင်ဂျင်နီယာများ၏ တစ်ခုတည်း သောအသင်းဖြစ်သည့် မြန်မာနိုင်ငံရေကြောင်း အင်ဂျင် နီယာအသင်း(၃၂)နှစ်ပြည့်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ(၂၄)ရက် နံနက်(၉)နာရီ အချိန်တွင် အမှတ်(၂၆/၂၇)၊ လယ်ယာ-၃လမ်း၊ သာ ကေတမြို့နယ်အစည်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအစည်းဝေးသို့ နာယကဆရာကြီးများ ဖြစ်ကြသော ဆရာကြီးဦးစိန်လှိုင်၊ ဆရာကြီးဦးဉာဏ၊ ဆရာကြီးဦးတင် မောင်ဦး၊ ဥက္ကဋ္ဌဦးရဲမြင့်ဖေ၊ ဒုဥက္ကဋ္ဌဦးအေးလွင်၊ ဦးနန်း ဝင်း၊ အတွင်းရေးမှူးဦးသန်းဝင်း၊ ဘဏ္ဍာရေးမှူးဦးစန်းမြင့် နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဦးမျိုးသိန်း နာယက (MMEATC)ဦးအေးဆွေ-ကျောင်းအုပ်ကြီး (MMEATC)၊ ဦးဇော်မြင့်သိန်း-ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ရေ ကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဖိတ်ကြားထား သော ဧည့်သည်တော်များ၊ ရေကြောင်းအင်ဂျင်နီယာများ၊ ဆရာများ (MMEATC)၊ အသင်းသားများနှင့် မိုးဆက်သစ် ရေကြောင်းအင်ဂျင်နီယာလူငယ်များ စုံလင်စွာတက်ရောက် ခဲ့ပါသည်။ အခမ်းအနားတွင် သဘာပတိအဖြစ်နာယက ဆရာကြီးများဖြစ်ကြသော ဆရာကြီးဦးစိန်လှိုင်၊ ဆရာကြီး ဦးဉာဏ၊ ဆရာကြီးဦးတင်မောင်ဦးတို့ကလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆရာဦးအောင်သိုက်ကဆောင် ရွက်ပါသည်၊ အခမ်းအနားတွင် အဖွင့်အမှာစကားကို သဘာပတိ ဆရာကြီးဦးစိန်လှိုင်မှပြောကြားခဲ့ပြီး အသင်း ဥက္ကဋ္ဌဆရာ ဦးရဲမြင့်ဖေမှ နှုတ်ခွန်းဆက်စကားပြောကြား ပြီးနောက် အသင်းအတွင်းရေးမှူးဦးသန်းဝင်းမှအလုပ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအားဖတ်ကြားခြင်း၊ အစီ ရင်ခံစာကို အစည်းအဝေးမှအတည်ပြုခြင်း၊ ဘဏ္ဍာရေး မှူး ဆရာဦးစန်းမြင့်မှ ၂၀၁၇၊ ဇန်နဝါရီ ၁ရက်မှဒီဇင်ဘာ ၃၁ရက်အထိငွေ စာရင်းရှင်းတမ်းအားဖတ်ကြားတင်ပြခြင်း၊ အစည်းအဝေးမှအတည်ပြုခြင်း၊ ဘဏ္ဍာရေးမှူးအသစ် အဖြစ် ဆရာဦးခင်မောင်ထွေးအား ခန့်အပ်ရန်အသင်း သားများ ဆန္ဒသဘောထားခံယူခြင်း၊ အတည်ပြုခြင်းနှင့် မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းအား ရေ ကြောင်းအင်ဂျင်နီယာများ အထွေထွေဝန်ဆောင်မှုသမ ဝါယမအသင်းလီမိတက်မှ အသင်းမြေနေရာပေးကမ်း လှူဒါန်းခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်းများ ကို ဆောင်ရွက်ခဲ့ပါသည်။ အခမ်းအနားကိုနေ့လည်(၁၁) နာရီခန့်အချိန်တွင် ရုတ်သိမ်းပြီးကြွရောက်လာသောဧည့် သည်တော်များကို အကျွေးအမွေးဖြင့် ဧည့်ခံကာအခမ်း အနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ အသင်းနှစ် ပတ်လည်သင်းလုံး ကျွတ်အစည်းအဝေးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ညစာစားပွဲအခမ်းအနားကိုဖေဖော် ဝါရီလ (၂၈) (ဗုဒ္ဓဟူးနေ့)ညနေ ၇း၀၀နာရီအချိန်တွင် ရန်ကုန်မြို့ရှိ၊ မြေပဒေသာကျွန်း၊ နတ်မောက်လမ်းရှိ Dolphin Restaurant၌ ယခင်နှစ်များအတိုင်းကံစမ်းမဲ များဖောက်ခြင်း၊ ကာရာအိုကေတေးသီးရှင်များ သီဆို ခြင်း၊ အစရှိသောပျော်စရာအစီအစဉ်များဖြင့် ကျင်းပ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

PPN

ကြော်ငြာရှင်များ ဆက်သွယ်လိုပါက

Advertising Department

ဖုန်း-၀၁-၈၆၁၀၀၉၁

e-mail-transcomnews.2017@gmail.com

Transcom News Journal

စီမံခန့်ခွဲမှုအရာရှိ
ဦးနီအောင်
စာတည်းမှူးချုပ်
မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ
ထိန်လင်း
ငွေစာရင်းအရာရှိ
ကျော်သူရ

လက်ထောက်စာတည်း
တင်မောင်
သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်
သတင်း (ရထား)
အောင်ဆန်းဦး
သတင်း (ဆက်သွယ်ရေး)
လှမျိုး

ကာတွန်းသရုပ်ဖော်
မောင်တင်ယု
သတင်းထောက်
အိမ်စည်
ဝေဝေဖြိုး
သဖင်ဖူး
ပိုးပေမာ

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်
ကွန်ပျူတာ
ခိုင်ယုသွယ်
ဖင်ဘိုထွန်း
မင်းခန့်ဇော်
အောင်ကောင်းဆက်

စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ထုတ်ဝေသူ
ကျော်မြင့်
၀၀၄၉၆
ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃

တိုက်တည်နေရာ။ ။အမှတ် (၈၃/၉၁)၊ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၈၆၁၀၀၉၂၊ စာတည်းမှူးချုပ်-၀၁-၃၇၅၄၄၃။ e-mail-transcomnews.2017@gmail.com

## ဆက်လုပ်ခွင့်ပြုပါ (၂)

ပို့ဆက်စွမ်းအား၊ ဦးထိပ်ထားလျက်
တို့မျှားစံပြ၊ လေ့ကျင့်ကြပြီး
ရခွင့်အမွေ၊ ကျင့်ဆောင်မြဲစေ
ဥပဒေတွေ၊ စေညွှန်လုပ်ထုံး
ဆင့်ပွားဆုံးမ၊ လမ်းပြရှေ့ဆောင်
ခေါင်းဆောင်မှန်တော်၊ နောက်လိုက်ပျော်၍
ပွေ့ဖက်အားအင်၊ အောင်ပွဲဆင်ကြ
တွင်ရစ်သမိုင်း၊ နှိုင်းမရ ကမ္ဘည်းသစ်ပါ...အို...မိခင်။

ရည်ရွယ်ချက်ကို၊ တွက်ဖွဲ့ခွဲဝေ
တွဲအားဖြစ်ယူ၊ လူငွေပစ္စည်း
စက်နည်းသိပ္ပံ၊ အသိသတိ
ထိသုံးတွက်ရေ၊ ပြောင်းလဲထွေစီး
အားမာန်ကြီးတုံ၊ ခက်ခဲစုံကျော်
ရဲမက်တော်နှင့်၊ ရဲဘော်ရဲဘက်
တက်စုံရှက်ဖွင့်၊ တင့်နန်းခွင်၌
ဦးကင်ဆံချည်၊ ဆွေးမြေ့သည်ထိ ထမ်းရွက်ဆဲ
ချစ်သူချစ်သား၊ အမေ့သား......။

ဦးဇော် (ICTC)

# ရန်ကုန်မြစ်ဆိပ်ကမ်းပတ်ဝန်းကျင် သန့်ရှင်းရေး လူထုအသိပညာပေး အမှိုက်ကောက်လှုပ်ရှားမှုတစ်ပျော်တစ်ပါး ကျင်းပ





မြန်မာ့စီးပွားရေးကဏ္ဍတွင်သာမက ရန်ကုန်မြစ်နှင့် ရန်ကုန်ဆိပ်ကမ်းဧရိယာတို့၌ အနာဂတ်တွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်လာမည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် ရေရှည်တည်တံ့မှုကို ဦးတည်ရန် လိုအပ်ကြောင်းနှင့် မြစ်၊ ချောင်းများအတွင်း ပလပ်စတစ်နှင့်အခြားမှိုက်များအား စည်းကမ်းမဲ့ပစ္စန့်ပစ်သင့်ကြောင်း လူထုအသိပညာပေးမှု မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြစ်ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုအသိပညာပေး အမှိုက်ကောက်လှုပ်ရှားမှုကို ဖေဖော်ဝါရီလ(၂၃)ရက်နေ့မွန်းလွဲ ၃နာရီတွင် ဗိုလ်တထောင်ဆိပ်ကမ်းဧရိယာ၌ Royal HaskoningDHVမှဦးဆောင်ကာ ပါဝင်လုပ်အားပေးသူပေါင်း ၃၀၀ကျော်ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါလူထုလှုပ်ရှားမှု၌ ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်လျက်ရှိသော နယ်သာလန်နှင့် မြန်မာဝန်ထမ်းများနှင့်အတူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းမှုဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ Royal Haskon ingDHV၏ မိတ်ဘက်ကုမ္ပဏီများမှ ဝန်ထမ်းများအပါအဝင် စိတ်ပါဝင်စားသူ ပြည်သူများပူးပေါင်းလုပ်အားပေးခဲ့ကြကြောင်းသိရသည်။

Royal HaskoningDHVအနေဖြင့် အလားတူလှုပ်ရှားမှုတစ်ရပ်ကို ၂၀၁၆ ဧပြီလတွင် လမ်းမတော်တုန်းကြီးလမ်း ဆိပ်ခံတံတားအနီး၌ ပထမအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၆ဒီဇင်ဘာလတွင် ဗိုလ်တထောင်ဆိပ်ကမ်းဧရိယာ၌ဒုတိယအကြိမ်အဖြစ်လည်းကောင်း ဦးဆောင်ကျင်းပခဲ့ပြီး ယခုအကြိမ်သည်တတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကာ တစ်နှစ်ထက်တစ်နှစ် လူထုစိတ်ဝင်စားမှု၊ ပူးပေါင်းပါဝင်မှု မြင့်တက်လာခြင်းအား အားတက်ဖွယ်တွေ့ မြင့်ရပါသည်။

ယနေ့လူထု အသိပညာပေး အမှိုက်ကောက်လှုပ်ရှားမှုအား Hasko-ning DHV Myanmar Co.Ltd.မှဦးဆောင်ကာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ထိန်းသိမ်းရေးနှင့်သန့်ရှင်းမှုဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ နှင့် ပူးပေါင်း၍ Puma Energy Myanmarမှ Co-sponsorအဖြစ်အောင်မြင်စွာ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

Royal HaskoningDHVသည် ၂၀၁၂ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်၍ ရေကြောင်းသွားလာရေး ဆိပ်ကမ်းနှင့် စက်ရုံတည်ဆောက်ရေးများတွင် အင်ဂျင်နီယာဒီဇိုင်းနှင့် အကြံပေးဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသော နယ်သာလန်နိုင်ငံအခြေစိုက်ကုမ္ပဏီဖြစ်ပြီး ၁၉၈၆-၈၈ခုနှစ်တွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်အောက်ပိုင်း ရေလမ်းကြောင်းဖွံ့ဖြိုးရေးဖြစ်နိုင်ချေ လေ့လာမှုအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်မောင်-ပို့/ဆက်

# မိုးလေဝသနှင့် ဇလဗေဒမှ ဧရာဝတီ၊ ချင်းတွင်းမြစ်ရေကျဆင်းနေ၍ ရေယာဉ်များ သတိပြုမောင်းနှင်ရန် အသိပေး



ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ ကျဆင်းလာကာမြစ်ကြောင်းများအတွင်း သောင်များပေါ်ထွန်းနေ၍ ရေယာဉ်များသတိပြုမောင်းနှင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဧရာဝတီမြစ်ရေ၊ ချင်းတွင်းမြစ်ရေရော ကျဆင်းနေတယ်။ ဧပြီလလောက်မှ မိုးရပြီး၊ မြစ်ရေပြန်တက်မှာဆိုတော့ မြစ်ရေက ဆက်ကျနိုင်သေးတယ်။ ဒါ့ကြောင့် မြစ်ကြောင်းမှာသွားလာနေတဲ့ ရေယာဉ်တွေအနေနဲ့သတိထားမောင်းနှင်ဖို့ ဌာနဆိုင်ရာတွေဆီလည်း သတိပေးချက်ထုတ်ပြန်ထားတယ်"ဟု ၎င်းကပြောသည်။

ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီတတိယပတ်အတွင်း မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူ၊ ကသာ၊ သပိတ်ကျင်း၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင်ပေဝက်မှ တစ်ပေခန့်မြင့်တက်လာနိုင်သည်။ သို့သော် မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ ချောက်၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟင်္သာတနှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်ကျဆင်းလာနိုင်၍ သတိပေးချက်များ ထုတ်ပြန်ထားကြောင်းနှင့် လက်ရှိရာသီဥတုအခြေအနေအရ ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးရွာနိုင်ပြီး၊ ကျန်ဒေသများတွင်ပုံမှန်ရာသီဥတုအခြေအနေသာရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ဖေဖော်ဝါရီ ၁၈ရက်မှ ၂၈ရက်အတွင်း ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီနှင့် မုံရွာမြို့တို့တွင် လက်ရှိရေမှတ်အောက်သို့ ပေဝက်ခန့် ဆက်လက်ကျဆင်းလာကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

T.Z

» ကမ္ဘာ့ရေနေ့ မှ စာ- ၃

စက်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးစီမံဆောင်ရွက်မှုများတွင် အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများ အကြားရေသုံးစွဲမှုနှင့် ပတ်သက်သည့်အသိပညာ၊ ဗဟုသုတ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ဆွေးနွေးတိုင်ပင်ရေးနှင့် အကျိုးတူပူးပေါင်းဆောက်ရွက်ရေး၊ ဆွေးနွေးတိုင်ပင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း တိုးမြှင့် ဆောင်ရွက်သွားကြမှာဖြစ်ဖြစ်ပါကြောင်း၊

ယနေ့ကျင်းပသည့် ကမ္ဘာ့ရေနေ့-၂၀၁၈ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များအပါအဝင်ရေနှင့် ဆက်နွယ်သက်ဆိုင်သူများအားလုံး၏ဆွေးနွေးအကြံပြုလျက်များသည် နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် လိုအပ်သည့်မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ရာတွင်များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ရေဆိုင်ရာလုပ်ငန်းများသည် နိုင်ငံအသီးသီး၏ဖွံ့ဖြိုးတိုးတက်မှုများအတွက်အဓိကကျသည့်လုပ်ငန်းများဖြစ်သည့်အတွက်မှန်ကန်သည့်အကျိုးရလဒ်များရရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ(Sustainable Development Goals)ကို ဆက်လက်ပိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။ ထို့နောက် အမျိုးသားအဆင့်ရေ အရင်းအမြစ်ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေဆိုးများကို Video Projector ဖြင့်ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကမ္ဘာ့ရေနေ့ ၂၀၁၈အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကိုလှည့်လည်ကြည့်ရှုသည်။

ထို့နောက်အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Hong Liang? မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး Mr.Wouter Jurgens? World Bank Country Director Ms.Ellen Goldstein နှင့်တာဝန်ရှိသူများကနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ကမ္ဘာ့ရေနေ့ ၂၀၁၈အခမ်းအနားတွင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ စဉ်ဆက်မပြတ်ဆည်မြောင်းဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုများနှင့်အဖြေများ၊ ရေကြီးရေလျှံမှုအတွက် ကြိုတင်သတိပေးစနစ်၊ ကုန်တွင်းပို့ဆောင်မှုအနေအထားနှင့် ဖွံ့ဖြိုးရေးစီမံချက်၊ အမျိုးသားရေဖြန့်ဝေမှုမြောင်းများနှင့် သန့်ရှင်းရေးအတွက်တည်ဆောက်မှုများ၊ ရန်ကုန်ကြေငြာချက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရေနှင့်ပတ်သက်သည့် ပါဝင်ထောက်ပံ့မှုများ၊ မြန်မာရေချိုကဏ္ဍ၊ စိုက်ပျိုးရေအခြေပြုလုပ်ငန်းများအတွက်ရွေ့လျားရေစွမ်းအား ဆိုင်ရာအခြေအနေများ၊ ဧရာဝတီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံတက်လှမ်းမှုများ၊ မြန်မာနိုင်ငံအတွင်းရှိ အဓိကရေဝေရေလဲဒေသကြီးများတွင် ရေအရင်းအမြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကနဦးဆောင်ရွက်မှုများ၊ ရေဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုနှင့် လုပ်ငန်းများကိုပြည်သူလူထုထံ အသိပညာပေးဖြန့်ဖြူးခြင်း၊ ရေအတွက်သဘာဝပတ်ဝန်းကျင်၊ မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းစက်မှုလုပ်ငန်း၊ ကျေးလက်ရေပေးဝေရေး ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ၏ ရေသဘောတူညီချက်နှင့်မြန်မာ၊ဧရာဝတီရေအရင်းအမြစ်များ အသုံးချမှု၊ တောင်တမန်အင်းရေညစ်ညမ်းမှုမှ သင်ခန်းစာများ၊ ဧရာဝတီမြစ်ဝှမ်းဒေသအစီရင်ခံချက်၊ ချင်းတွင်းမြစ်ဝှမ်းဒေသအဖွဲ့အစည်းမှ တစ်ဆင့် မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ထိန်းသိမ်းမှု၊ ဧရာဝတီမြစ်ကြောင်းပို့ဆောင်ရေး၊ ဧရာဝတီမြစ်နှင့် မြန်မာ့စီးပွားရေး၊ သဘာဝဘေးလျော့ပါးရေး ရှုထောင့်၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းအပါအဝင်တစ်ကိုယ်ရေသန့်ရှင်းရေး၊ နိုင်ငံတကာရေအသုံးချမှု စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံရှိရေအရင်းအမြစ်စီခံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ မြန်မာ့စွမ်းအင်စီမံချက် လူငယ်အင်ဂျင်နီယာများအရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အဆိုအမိန့်များမြန်မာနိုင်ငံရှိသဘာဝကန်ကြီးများတွင် ရေနှင့်ပတ်သက်သည့် ရောဂါဖြစ်ပွားမှုအခြေအနေထိန်းချုပ်ခြင်းဆိုင်ရာ အကြောင်း အရာများနှင့်ဘရာဇီးနိုင်ငံတွင်ကျင်းပမည့် ၈ ကြိမ် မြောက် ကမ္ဘာ့ရေဖိုရမ်းတွင် ထည့်သွင်းဆွေးနွေးမည့်အကြောင်းအကြောင်းအရာများကို သက်ဆိုင်ရာကဏ္ဍများအလိုက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်-ပို့/ဆက်

## ကျောက်ဆည်ဘူတာအနီးနှင့် မန္တလေးဘူတာကြီးအနီး မြန်မာ့မီးရထားပိုင်မြေနေရာများတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် အဆိုပြုလွှာများ တင်သွင်းရမည့်ရက်များ ကြော်ငြာထား

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ဘူတာအနီးရှိ မြန်မာ့မီးရထားပိုင်မြေနေရာတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာများ တင်သွင်းရန်ဖိတ်ခေါ်ခဲ့ကြောင်း၊ စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံများကို မတ် ၁၂ရက်အထိ မန္တလေးဘူတာကြီးအနီးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်း၊ EOIအဆိုပြုလွှာတွင် ဖော်ပြရမည့်တို့ကို ပြည့်စုံစွာဖော်ပြပြီးမတ် ၃၀ရက်နောက်ဆုံးထားကာ မန်နေဂျာ (စီးပွားရေး/တိုင်)တိုင်း အမှတ်(၃) မန္တလေးဘူတာကြီးသို့ ပေးပို့ရမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်ဘူတာအနီး ရုံးကြီးလမ်းနှင့် ဆေးရုံလမ်းထောင့်ရှိ မြန်မာ့မီးရထားပိုင်မြေနေရာ အကျယ်အဝန်းပေ (၅၈၀-၇၀) (ဝဒသမ၉၃ဧက)၌ ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ၊ အဆင့်မြင့်လူနေဈေးဆိုင်ခန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ အဆင့်မြင့်ရုပ်ရှင်ရုံလုပ်ငန်းများ၊ Service Apartmentများ၊ ယာဉ်ရပ်နားရန် နေရာပါဝင်သည့် အခြားလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI)တင်သွင်းရန်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးဘူတာကြီးအနီး ၇၈လမ်း၊ (၂၈နှင့် ၂၉ လမ်းကြား)ရှိ မြန်မာ့မီးရထားပိုင် (ယခင်)ပုပ္ပားဟိုတယ် အမှတ် (၂) (ယခု) Hotel Amazing Mandalayအဆောက်အအုံ အပါအဝင်မြေနေရာ အကျယ် အဝန်း ဝဒသမ ၆၄ဧကရှိ မြေနေရာတွင် လုံလောက်သောယာဉ်ရပ်နားရန် နေရာပါဝင်သည့် အထပ်မြင့်ဟိုတယ်လုပ်ငန်းကို BOTစနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်ကာ တင်ဒါစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားက ထုတ်ပြန်ထားသည်။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံကို ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို မန္တလေးဘူတာကြီးရှိ မန်နေဂျာ (စီးပွားရေး/တိုင်း)ရုံးတွင် ဝယ်ယူနိုင်ကြောင်း တင်ဒါပုံစံတွင်ဖော်ပြရမည့် အချက်အလက်များကို ပြည့်စုံစွာဖော်ပြကာ မတ် ၁၉ရက်နောက်ဆုံး ထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

## ကျန်းမာရေးဝန်ကြီးမှ မြန်မာနိုင်ငံ မြစ်ရိုးတစ်လျှောက် နယ်လှည့် ဆေးကုသရန် ကျပ်သိန်း ၄၀၀၀ ကျော်ဖြင့် သင်္ဘောတစ်စီး လိုအပ်

ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းတွင်သင်္ဘောဖြင့် Mobile clinic (နယ်လှည့်ဆေးကုရေယာဉ်)ထားရှိရန်ကျပ်သိန်း ၄,၀၀၀ ကျော်ဖြင့်သင်္ဘောတည်ဆောက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဒေါက်တာမြင့်ထွေးကပြောသည်။

“မိုဘိုင်းကလင်းနစ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ တော်တော်အရေးကြီးတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေဖြစ်တယ်၊ ဒီကိစ္စနဲ့ပတ်သတ်ပြီး ရခိုင်ပြည်နယ်တင်မက ဧရာဝတီမြစ်ရိုးတစ်လျှောက်ဒါမျိုးသင်္ဘောတစ်စင်းရှိရင် မြစ်ကြီးနားကစပြီး၊ အောက်အထိမြစ်ရိုးတစ်လျှောက်က ပြည်သူများကျန်းမာရေးအများကြီးကြည့်လို့ရတယ်”ဟုၡင်းကပြောသည်။

အဆိုပါသင်္ဘောဖြင့် လုံခြုံရေးကောင်းသည့်ဒေသများ၊ ကျန်းမာရေးအဆင့်နိမ့်နေသည့် နေရာများ၊ ကျန်းမာရေးဆေးခန်းဖွင့်ရန် ခက်ခဲသောနေရာများ၊ ထူးခြားသောကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်နေရသော နေရာများသွားရောက်ကုသသင့်ကြောင်းနှင့် Mobile Clinic များတွင်မျက်စိ၊ နားနှာခေါင်း၊ အထွေထွေ သွားရောဂါဆရာဝန်များ ပါဝင်မည်ဖြစ်ပြီး မြစ်ကြောင်းများ၌ သွားလာနိုင်ရန် ကျပ်သိန်း ၄,၅၀၀ ကြား ကုန်ကျရိတ်ရှိသောကြောင့် ဈေးနှုန်း သက်သက်သာသာဖြင့် တည်ဆောက်နိုင်မည့် သင်္ဘောမျိုးရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းမည် ဖြစ်ကြောင်း သိရသည်။

“သင်္ဘောကိုလှူမယ့်သူတွေ ရှိမယ်ဆိုရင်တော့ အဆင်သင့်ပဲ။ သို့သော်လည်း လှူမယ့်သူကိုတော့မစောင့်ဘူး။ သင်္ဘောတစ်စီးလုပ်ဖို့အတွက် သိန်းလေးထောင့်ငါးရာနဲ့ဆိုရလောက်တယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကို သိန်းသုံးထောင်လောက်နဲ့ရမလားဆိုပြီးတောင်းကြည့်မယ်၊ ဒီနိုင်ငံအတွက် အလွန်အရေးကြီးတယ်၊ ကပ်ရောဂါ ဖြစ်တဲ့အချိန်မှာလည်းဒီလိုသင်္ဘောမျိုးနဲ့ ကျွန်တော်တို့ဆောင်ရွက်သွားလို့ရတယ်”ဟုၡင်းကပြောသည်။

အဆိုပါကိစ္စနဲ့ပတ်သတ်၍ သင်္ဘောလှူဒါန်းမည့် အလှူရှင်များရှိပါကကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆရာဝန်နှင့်သူနာပြုပေးပို့ရန် အဆင်သင့်ရှိကြောင်းသိရသည်။

T.Z

## ကျပ်သိန်းတစ်ရာနှင့်အထက် ထီဆုငွေများကို မတ်လ ၅ ရက်မှ စတင်၍ နေ့ချင်းပြီးထုတ်ပေးသွားမည်

၁၂ ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘလေသိန်းဆုဖွင့်ပွဲ၏ကျပ်သိန်းတစ်ရာနှင့် အထက် ထီဆုငွေများကို မတ်လ ၅ ရက်မှစတင်၍ နေ့ချင်းပြီး ထုတ်ပေးသွားမည်ဖြစ်ပြီးကျန်ဆုငွေများကို မတ်လ ၁၂ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အောင်ဘလေသိန်းဆုဌာနခွဲမှ သိရသည်။

၁၂ ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘလေသိန်းဆုဖွင့်ပွဲတွင်အက္ခရာ ၄၇ လုံး ထီစာအုပ်ပေါင်း ၃၈၄၅၄၄၆ အုပ်ရောင်းချခဲ့ရာ ငွေကျပ်သန်းပေါင်း ၁၉၂၂၇ ဒသမ ၂၃ သန်း ရရှိခဲ့ပြီး အဆိုပါရရှိငွေများအနက်ငွေကျပ်သန်းပေါင်း၁၁၅၃၆ ဒသမ ၃၃၈ သန်းအား ထီဆုငွေအဖြစ်ခွဲဝေပေးခဲ့ခြင်းဖြစ်ကြောင်း အောင်ဘလေသိန်းဆုဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိခိုင်ကပြောသည်။

အဆိုပါ ၁၂ ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘလေထီဖွင့်ပွဲအခမ်းအနားတွင် အောင်ဘလေသိန်းဆုဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိခိုင်က“ဒီနေ့ဖွင့်လှစ်တဲ့ ၁၂ ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘလေထီဖွင့်ပွဲက အုပ်ရေ ၃၈၄၅၄၄၆ အုပ်ရောင်းချရာကနေ ငွေကျပ်သန်းပေါင်း ၁၉၂၂၇ ဒသမ ၂၃သန်းရရှိခဲ့တာပါ။ ဒီထဲက ငွေကျပ်သန်းပေါင်း ၁၁၅၃၆ ဒသမ ၃၃၈ သန်းကို ထီဆုငွေအဖြစ် ခွဲဝေပေးခဲ့ခြင်းဖြစ်ပါတယ်။ ရရှိငွေထဲက ၆၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ်ပြန်ခွဲဝေပေးတာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အဆိုပါ ထီဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာနမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်သည်။

ရန်ကုန်နှင့် မန္တလေးမြို့များတွင် ငွေထုတ်ယူနိုင်သည့်အချိန်များမှာ နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိဖြစ်သည်။ ယင်းသို့ ထီဆုငွေများကိုထုတ်ယူရာတွင် အောင်ဘလေသိန်းဆုပေါက်စဉ်ထုတ်ပေးသည့်နေ့မှစတင်၍ တစ်နှစ်အတွင်းဆုငွေတောင်းခံခြင်းမပြုပါက အဆိုပါဆုငွေကို နိုင်ငံတော်အခွန်ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်ကြောင်းသိရသည်။

အိမ်စည်

## ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် မြန်မာမုန့်များရောင်းချမည့် ညဈေးတန်း ထည့်သွင်းကျင်းပမည်



ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် မြန်မာမုန့်များသာ ရောင်းချမည့် ညဈေးတန်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် တစ်ဦးထံမှ သိရသည်။

အဆိုပါ ညဈေးတန်းတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ အကူအညီများရယူသွားမည်ဖြစ်ပြီး စည်ပင်သာယာရေးကော်မတီက ဆိုင်ခန်းနေရာနှင့် လျှပ်စစ်မီးထောက်ပံ့ပေးမည်ဖြစ်ပြီး မုန့်ရောင်းချလိုသူများအနေနှင့် အခမဲ့ရောင်းချခွင့်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျုံးတောင်ဘက်ခြမ်းတွင် လမ်းလျှောက်သင်္ကြန် ဖော်ဆောင်မည်ဖြစ်ပြီး ကျုံးအရှေ့ဘက် ၁၉ လမ်းမှ ၂၆ လမ်းအကြားတွင်း မန္တလေးတိုင်းလွှတ်တော်မဏ္ဍပ်၊ မြို့တော်သင်္ကြန်ညဈေးတို့ ထားရှိမည်ဖြစ်ကာ ကျုံးမြောက်ဘက်၊ အနောက်ဘက်တို့တွင်လည်း မဏ္ဍပ် များထားရှိမည်ဖြစ်ကြောင်းသိရသည်။



ယင်းညဈေးတန်းကို တောသင်္ကြန်ညဈေးဟု အမည်ပေးထားပြီး မန္တလေးကျုံး၏ အရှေ့ဘက်တွင်ထားရှိမည်ဖြစ်ကာ နိုင်ငံခြားသားများကို အဓိကဆွဲဆောင်နိုင်ရန်နှင့် အများပြည်သူ အပြည့်အဝအပန်းဖြေနိုင်ရန် ရည်ရွယ်စီစဉ်ခြင်းဖြစ်ကြောင်း၊ သင်္ကြန်ရက်များတွင် ညစဉ် ၇ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ညဈေးတန်းကို ကျုံးအရှေ့ဘက် ၆၆ လမ်းပေါ် ၁၉ လမ်းမှ ၂၄ လမ်းအထိထားရှိမည်ဖြစ်ပြီး မြန်မာ့သင်္ကြန်နှင့်ပတ်သက်သည့် ရုပ်ရှင်များ၊ ရုပ်သေးများ၊ ကာတွန်းပြပွဲများ ပြသထားရန် မြို့တော်စည်ပင်သာယာရေး ကော်မတီက စီစဉ်ထားကြောင်းသိရသည်။

ပိုးအိမ်

## တစ်သက်တာအေအာရ်တီဆေး အခမဲ့ပေးသည့်ဝန်ဆောင်မှုကို ဗဟိုအမျိုးသမီးဆေးရုံတွင်စတင်

ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် HIV/AIDS ကူးစက်ခံထားရသည့် ကိုယ်ဝန်ဆောင် မိခင်များအတွက် တစ်သက်တာ အေအာရ်တီဆေးဝါးများ အခမဲ့ထုတ်ယူနိုင်သည့်ကျန်းမာရေးစောက်ရှောက်မှုပေးသည့် စင်တာဖွင့်လှစ်ထားပြီး ဝန်ဆောင်မှုလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း ယင်းဆေးရုံမှသိရသည်။ မိခင်မှကလေးသို့ HIV ပိုးကူးစက်မှုကာကွယ်ရေးစီမံချက်ဖြင့် ကိုယ်ဝန်ဆောင်မိခင်များ အများဆုံးတက်ရောက်သည့် ဗဟိုအမျိုးသမီး ဆေးရုံကြီးတွင် HIV/AIDS ကူးစက်ခံထားရသည့်မိခင်များအတွက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် ဘဝတစ်သက်တာလုံးသောက်သုံးရမည့် အေအာရ်တီဆေးဝါးများအခမဲ့ ထုတ်ယူနိုင်ရန်အတွက်ယခုကဲ့သို့ ပြုလုပ်ခြင်းဖြစ်ကြောင်း ဗဟိုအမျိုးသမီးဆေးရုံမှတာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိရန်ကုန်တိုင်း ဒေသကြီးအတွင်းအေအာရ်တီစင်တာ ၁၉ခုနှင့် အေအာတီဆင့်ပွား ကုသဌာနပေါင်း ၂၉ခုကိုဖွင့်လှစ်ထားရှိပြီး HIV/AIDS ရောဂါရှိသူများကို ကျန်းမာရေးစောက်ရှောက်မှုများ ပေးလျက်ရှိကြောင်းသိရသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြစ်ပွားမှုနှုန်းအမြင့်ဆုံးဖြစ်ကြောင်း အိပ်ချ်အိုင်ဗွီကူးစက်ဖြစ်ပွားမှု အခြေအနေကို စောင့်ကြပ် ကြည့်ရှုခြင်းစစ်တမ်းများအရတွေ့ရှိရကြောင်းသိရသည်။

ထို့ပြင် အခြားမီးယပ်ဆိုင်ရာရောဂါများဖြင့် တက်ရောက်ကုသနေသည့် အမျိုးသမီးလူနာများကိုပါပိုးရှိမရှိစစ်ဆေးပေးပြီး ပိုးရှိနေပါက တစ်သက်တာ အေအာရ်တီဆေးပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆေးရုံကြီးသည် ခုတင် ၈၀၀ဆံ့ဆေးရုံကြီးဖြစ်ပြီး တစ်နေ့လျှင်ပြင်ပလူနာဌာနတွင် လူနာ ၅၀၀ခန့်ကုသပေးနေပြီး အတွင်းလူနာအဖြစ်တက်ရောက်ကုသသည့် ဦးရေ၉၀၀ ခန့်ရှိကြောင်းသိရသည်။

T.Z

# "အောင်မြင်မှုများ ကမ္ဘာသို့ ဆက်လက်ပြန့်လွင့်ပါစေ" အောင်လအန်ဆန်

ပြီးခဲ့သည့်ဖေဖော်ဝါရီ ၂၃ ရက်သည်ရန်ကုန်မြို့သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံအတွင်းရောက်ရှိနေသည့် မြန်မာပရိသတ်ကြီးအတွက် အကောင်းဆုံးသောလက်ဆောင်ကို ပေးနိုင်ခဲ့သူတစ်ဦးရှိသည်။ ထိုသူမှာအောင်လအန်ဆန်းပင်ဖြစ်တော့သည်၊ One Championship ကကျင်းပသည့် Mixed Martial Arts(MMA)ကိုယ်ခံပညာအသုံးပြုကစားရသည့် ပြိုင်ပွဲ၏ Light Heavyweight တန်းကမ္ဘာ့ချန်ပီယံ ခါးပတ်လုပွဲတွင်မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်သူ ကချင်ပြည်နယ်ဖွားအမေရိကန်နိုင်ငံသား အောင်လအန်ဆန်ကပြိုင်ဘက်ဘရာဇီးနိုင်ငံသား အလက်ဇန္ဒားမချာဒိုကို ပထမအချီ ၅၆စက္ကန့်မှာတင်ခြေထောက်ကန်ချက်နှင့် အနိုင်ယူပြီး One Championship ၏ Light Heavyweight တန်းကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မြန်မာ့စပါးအိုးမြေပြင် တဟုန်ထိုးကျော်ကြားမှုများရရှိနေသည့် အောင်လအန်ဆန်ကို မြန်မာနိုင်ငံမြစ်ကြီးနားမြို့မှာမွေးဖွားခဲ့ခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်မှာ အမေရိကန်နိုင်ငံသို့ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်၊ ထိုသို့မပြောင်းရွှေ့ခင်ရန်ကုန်၌ ပညာသင်ကြားခဲ့သူဖြစ်သည်၊ အမေရိကန်သို့ပြောင်းရွှေ့ပြီး ၂၀၀၄ ခုနှစ်တွင် မီချီဂန်မြို့ရှိ အန်ဒရူတက္ကသိုလ်တွင် စိုက်ပျိုးရေးသိပ္ပံဘာသာရပ်ကိုတက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်နေစဉ်ကာလအတွင်း ဘရာဇီး ဂျူ-ဂျစ်ဆုနှင့် အခြားကိုယ်ခံပညာများလေ့ကျင့်ခဲ့သူဖြစ်သည်။ စိုက်ပျိုးရေးသိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးနောက်ရွှေ့ပြောင်းပျားမွေးမြူရေးအလုပ်ကို လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင်ကိုယ်ခံပညာဖြင့်အသက်မွေးရန်ဆုံးဖြတ်ကာ ၂၀၁၅ ခုနှစ်တွင်အောင်လအန်ဆန်သည်ပရော်ဖက်ရှင်နယ်အဖြစ် စတင်ခဲ့သူဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် သူ၏နာမည်ကျော်ချုပ်ကွက်များကြောင့်မြန်မာစပါးအိုးမြွေအဖြစ် ကျော်ကြားလာခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ပွဲစဉ်များမကျင်းပမီတွင်လည်းအချိန်ယူလေ့ကျင့်မှုများ ပြုလုပ်ခြင်းသာမကပြိုင်ဘက်ကစားသမားများ၏ အားသာချက်အားနည်းချက်များကိုလည်း ကြိုတင်လေ့လာထားသူဖြစ်သည်၊ ပြိုင်ဘက်ကိုအနိုင်ယူနိုင်မည့် နည်းဗျူဟာများကိုလည်းကြိုတင်လေ့လာကာရာဖွေထိုးသတ်သည့် အတွက်ကြောင့်ပင်သူ၏ကစားသမားဘဝ ၃၂ပွဲမြောက်ကိုထိုးသတ်ရာတွင် ၂၂ပွဲမြောက်နိုင်ပွဲကို ပိုင်ဆိုင်နိုင်ခဲ့သည်။

One Championship အဖွဲ့အစည်းသည် One MMA ပြိုင်ပွဲတွင်ဝိတ်တန်း ၉ခုကျင်းပလျက်ရှိရာ အောင်လအန်ဆန်သည် လက်ရှိကမ္ဘာ့ချန်ပီယံများအနက်ဝိတ်တန်း ၂ ခု တွင်ချန်ပီယံဆုရယူနိုင်သည့် ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ပြီးဖြစ်သည်။ အောင်လအန်ဆန်အတွက် ပထမဆုံးကမ္ဘာ့ ချန်ပီယံဆုမှာ ၂၀၁၇ခုနှစ် ဇွန်လ၃၀ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် ရုရှားနိုင် ငံသားဗစ်တာလီဘစ်ဒက်ရှ်ကို ငါးချီပြည့်ထိုးသတ်ပြီး အမှတ်ဖြင့်အနိုင်ယူကာ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းရွှေခါးပတ် ဆုရရှိခဲ့ပြီးနှစ်ကုန်ပိုင်းကထိုးသတ်ခဲ့သည့်ဟဲဗီးဝိတ်တန်းတွင်လည်းပြိုင်ဘက်ကိုအနိုင်ရခဲ့သည့်သူဖြစ် သည်၊

ယခုတစ်ကြိမ်တွင် ရရှိလိုက်သည်ရွှေခါးပတ်မှာ အောင်လအန်ဆန်အတွက် ဒုတိယမြောက်ရွှေခါးပတ်ဖြစ်သည်၊ ထို့ကြောင့်ပင်အောင်လအန်ဆန်သည် ယခုရရှိလိုက်သည့် အနိုင်ကြောင့် One Championship ၏ MMA ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ်မတူညီသည့် ထိပ်တန်း ၂ ခု၌ရွှေခါးပတ်ရယူနိုင်ခဲ့သည့်တဦးတည်းသော တိုက်ခိုက်ရေးသမားအဖြစ်စံချိန်တင်နိုင်ခဲ့သူဖြစ်သည်။ ပထမရွှေခါးပတ်ကိုရရှိပြီးစလအတွင်းမှာပင် One Championship ရဲ့ကမ္ဘာ့ချန်ပီယံရွှေခါးပတ် ၂ ခုကိုအနိုင်ယူနိုင်ခဲ့သူလည်းဖြစ်သည်။

ဒုတိယမြောက်ရွှေခါးပတ်ရရှိလိုက်သည့် လိုက်ဟဲဗီးဝိတ်ကမ္ဘာ့ရွှေခါးပတ်လုပွဲ မစမီပွဲကြိုစကားအဖြစ်လည်း အောင်လအန်ဆန်က "MMA ကိုစကစားခဲ့ကတည်းက ကျွန်တော်မှာပန်းတိုင်တစ်ခုထားခဲ့ပါတယ်၊ အဲဒါကတော့ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံဆုရဖို့ဖြစ်ပါတယ်။ အဲဒီပန်းတိုင်ကို ပြီးခဲ့တဲ့ဇွန်လမှာ ကျွန်တော်ရောက်ခဲ့ပါတယ်၊ အဲဒီလိုရောက်ခဲ့တာကလည်း ပရိသတ်တွေအားပေးမှုကြောင့်လို့ ကျွန်တော်ယုံကြည်တယ်၊ အခုကြိုးစားနေ တာကအပေါ်ဝိတ်တန်းရွှေခါးပတ်ဆုကို ရယူနိုင်ဖို့ဖြစ်ပါတယ်"ဟုသူ၏ခံယူချက်နှင့် ကြိုးစားအားထုတ်မှုကို ပြောပြခဲ့သည်။

သူ၏ပြိုင်ဘက်ဖြစ်သည့် မချာဒိုကိုလည်း "ကျွန်တော်ရဲ့ပြိုင်ဘက်မချာဒိုကို လေးစားမှုအပြည့်ရှိပါတယ်။ ကျွန်တော်ရဲ့ပြိုင်ဘက်ဖြစ်တဲ့ မချာဒိုရဲ့အားသာချက်တွေကိုလည်းလေ့လာထားပါတယ်ဟု"ဆိုလေသည်၊ပြိုင်ဘက်အပေါ်လေးစားမှုနှင့် ပြိုင်ဘက်၏ အားသာချက်များကို လေ့လာထားချက်များက အောင်လအန်ဆန်အတွက် ရွှေခါးပတ်ချန်ပီယံဖြစ်စေသည့်အချက်တစ်ခုလည်းဖြစ်ပေလိမ့်မည်။

ထိုနေ့ကထိုးသတ်ခဲ့သည့် ပြိုင်ဘက်မချာဒိုမှာ ၁၀ ပွဲထိုးသတ်ထားရာတွင် ရှစ်ပွဲနိုင်နှစ်ပွဲရှုံးနိမ့်ထားသူတစ်ဦးဖြစ်ပြီး အောင်လအန်ဆန်နှင့်ထိုးသတ်ခဲ့ဖူးသည့်အလိန်ဂါလာနေးကိုလည်း အနိုင်ရရှိထားသူတစ်ဦးဖြစ်သည်။ ထိုရက်ကအောင်လအန်ဆန်နှင့်ထိုးသတ်ခဲ့ရသည့်အတွက်လည်း မချာဒိုက "ကျွန်တော်အနေနဲ့အောင်လအန်ဆန်နဲ့ ထိုးသတ်ရမှာဖြစ်တော့တကယ်ကို ဝမ်းသာမိပါတယ်။ အခုလိုထိုးသတ်ခွင့်ရတဲ့အတွက် တကယ်ကို ပျော်ရွှင်ရပါတယ်"ဟုဆိုပါသည်။

လိုက်ဟဲဗီးဝိတ်ပွဲ၌ အောင်လအန်ဆန်သည်ပြိုင်ဘက်က အချုပ်အဖမ်းကျွမ်းကျင်သူဂျူဂျစ်ဆုသမားဖြစ်သည့်အတွက် အထိုး၊ အကန် နည်းဗျူဟာပြောင်းသုံးပြီး အနိုင်ယူမည်ဟု ပွဲစဉ်မတိုင်မီက ပြောခဲ့သည့်အတိုင်းပင် လက်တွေ့လုပ်ဆောင်ခဲ့သူဖြစ်သည်၊ထိမိလှသည့် အကန်တချက်နှင့် မချာဒိုကိုယိမ်းယိုင်စေခဲ့သည်၊ ထို့နောက်ဆက်တိုက် လက်သီးတွဲလုံးဆင့်ထိုးချိန်တွင် ဒိုင်ကပွဲကို ရပ်တန့်စေပြီးအောင်လအန်ဆန်ကိုအနိုင်ပေးခဲ့သည်။

ထိုပွဲ၌ အောင်လအန်ဆန်၏ ခြေကန်ချက်သည် ဘရာဇီး ကစားသမားမချာဒို၏မေးရိုးကိုထိခဲ့ရာ မချာဒိုလဲကျသွားချိန်တွင် အောင်လအန်ဆန်ကထပ်မံထိုးသတ်ခဲ့ခြင်းကြောင့် ကြိုးဝိုင်းဒိုင်ကပထမအချီပွဲကစားချိန် ၅၆ စက္ကန့်တွင်ပင် အောင်လအန်ဆန်ကိုအနိုင် ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ပွဲသိမ်းထိုးသတ်မှုကို ဒိုင်လူကြီးများသာမတားခဲ့ပါက မချာဒိုကြုံနိုင်သည်ထိခိုက်ဒဏ်ရာများနှင့်ပတ်သက်၍လည်း အောင်လအန်ဆန်ကပြောထားသည်မှာ "အကယ်၍ဆက်ထိုးမယ်ဆိုရင် ဦးနှောက်သွေးကြောပေါက်တဲ့အထိရှိတဲ့အတွက် ရပ်လိုက်တာပါ"ဟုဆိုပါသည်။

လက်ရှိတွင် One Championship MMA ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိထားသည့် အားကစားသမားများအနက် မာတင်ငုယင်နှင့်အောင်လအန်ဆန်နှစ်ဦးသာဝိတ်တန်းနှစ်ခု၌ ကမ္ဘာ့ချန်ပီယံဆုရယူထားနိုင်ပြီး မာတင်ငုယင်သည် ဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ်မတ်လ ၂၄ ရက်တွင်ဘရာဇီးနိုင်ငံသားဖာနန်ဒက်စ်နှင့် ထိုးသတ်ရမည်ဖြစ်သည်။

အောင်လအန်ဆန်ကတော့ မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကို ပြီးခဲ့သည့်နှစ်အတွင်းကရရှိထားသော်လည်း ချန်ပီယံဆုကာကွယ်ထိုးသတ်ခွင့်ရရန် ပြိုင်ဘက်ကစားသမားမရှိသည့်အတွက်ကြောင့် ဖေဖော်ဝါရီ ၂၃ ရက်ကကျင်းပသည့်ပွဲတွင် ဝိတ်တန်းတက်ကာလိုက်ဟဲဗီးဝိတ်တန်ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခဲ့ရခြင်းဖြစ်သည်။ MMA ပြိုင်ပွဲဝိတ်တန်းနှစ်ခုချန်ပီယံအောင်လအန်ဆန်၏ ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲသည်ယခုနှစ်အတွင်းထိုးသတ်ခွင့်ရဖွယ်ရှိနေသည်။ ထိုသို့ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲထိုးသတ်ခွင့်သည် မြန်မာနိုင်ငံတွင်ဖြစ်မည်မဟုတ်ဘဲ အခြားနိုင်ငံများတွင်ထိုးသတ်ရမည်ဖြစ်သည်၊


မည်သို့ဆိုစေ မြန်မာနိုင်ငံအတွက် ဂုဏ်ဆောင်ပေးလျက်ရှိသည်အောင်လအန်ဆန်၏ အောင်မြင်မှုများသည် One Championshipကကျင်းပသည့် MMA လိုက်ဟဲဗီးဝိတ်ကမ္ဘာ့ရွှေခါးပတ်လုပွဲ ကျင်းပရာသုဝဏ္ဏကွင်းအတွင်းသာမက ကမ္ဘာ့သို့ပင်ရောက်ရှိခဲ့သည့် အောင်ပွဲဖြစ်သည်။ သူ၏မြန်မာနိုင်ငံအပေါ် ချစ်သည့်စိတ်သည်လည်း ကမ္ဘာ့ကမြင်တွေ့ခွင့်ရရှိခဲ့ပေသည်။


"မြန်မာပြည်မှာအောင်မြင်တဲ့သူတစ်ယောက်ဖြစ်အောင်ကြိုးစားပေးချင်တယ်၊ မြန်မာပြည်ကကျွန်တော်လူမျိုး.ကျွန်တော်လူတွေ.ကျွန်တော်အိမ်ပြန်လာပြီးတော့အောင်မြင်တဲ့နိုင်ငံဖြစ်လာအောင် ကြိုးစားပေးချင်တယ်၊"


အောင်လအန်ဆန်၏မြန်မာပြည်အပေါ်ထားရှိသည့်စိတ်စေတနာသည် ဤမျှသာမဟုတ်။ယခုနှစ်မကုန်ခင်တွင် MMA သင်တန်းကျောင်းတစ်ခုလာရောက်ဖွင့် လှစ်ပေးရန်ရည်ရွယ်ထားကြောင်းကိုလည်း သူ၏ချစ်ပရိသတ်ကြီးကို အသိပေးထားပါသည်၊

ထို့နေ့ရက်ကိုကြိုဆိုရင်းဖြင့် အောင်လအန်ဆန်၏အောင်မြင်မှုများသည်လည်း ကမ္ဘာ့သို့ဆက်လက်ပျံ့လွင့်စေရန် မြန်မာပြည်သူပြည်သားများကဆန္ဒရှိနေသည်၊ အောင်လအန်ဆန်။


ကျော်မိုးသြ











# မြန်မာသင်္ဘောသားများ၏ CBA (Collective Bargaining Agreement) ကိစ္စ



❝ယခင်ကြယ်ငါးပွင့်ရှိတုန်းက မြန်မာအစိုးရပိုင်သင်္ဘောကုမ္ပဏီကို သက်ညှာစွာ စဉ်းစားပေးရမယ်ဆိုပြီး လျှော့လျှော့ပေါ့ပေါ့လုပ်ခဲ့တာမျိုး ခုချိန်မှာမရှိသင့်တော့ပါဘူး။

လက်ရှိအလုပ်အကိုင်အခွင့်အလမ်းတွေဆက်စပ်နေတဲ့ ဂျပန်/ကိုရီးယား/စင်ကာပူ ဈေးကွက်များကို ထည့်သွင်းစဉ်းစားကြဘို့လိုပါတယ်။❞

### Core conventions

Main article: List of ILO Conventions

There are eight core conventions, which cover collective bargaining, forced labour, child labour and discrimination. They require,

- freedom to join a union, bargain collectively and take action
  - Freedom of Association and Protection of the Right to Organise Convention, 1948, No 87
  - Right to Organise and Collective Bargaining Convention, 1951, No 98
- abolition of forced labour
  - Forced Labour Convention, 1930, No 29
  - Abolition of Forced Labour Convention, 1957, No 105
- abolition of labour by children before the end of compulsory school
  - Minimum Age Convention, 1973, No 138
  - Worst Forms of Child Labour Convention, 1999, No 182
- no discrimination at work
  - Equal Remuneration Convention, 1951, No 100
  - Discrimination (Employment and Occupation) Convention, 1958, No 111

**Collective bargaining** is a process of negotiation between employers and a group of employees aimed at agreements to regulate working salaries, working conditions, benefits, and other aspects of workers' compensation and rights. The interests of the employees are commonly presented by representatives of a trade union to which the employees belong. The collective agreements reached by these negotiations usually set out wage scales, working hours, training, health and safety, overtime, grievance mechanisms, and rights to participate in workplace or company affairs.

The union may negotiate with a single employer (who is typically representing a company's shareholders) or may negotiate with a group of businesses, depending on the country, to reach an industry-wide agreement. A collective agreement functions as a labour contract between an employer and one or more unions. Collective bargaining consists of the process of negotiation between representatives of a union and employers (generally represented by management, or, in some countries such as Austria, Sweden and the Netherlands, by an employers' organization) in respect of the terms and conditions of employment of employees, such as wages, hours of work, working conditions, grievance procedures, and about the rights and responsibilities of trade unions. The parties often refer to the result of the negotiation as a *collective bargaining agreement* (CBA) or as a *collective employment agreement* (CEA).

### TITLE 2. CONDITIONS OF EMPLOYMENT

*Regulation 2.1 – Seafarers' employment agreements*

*Purpose: To ensure that seafarers have a fair employment agreement*

1. The terms and conditions for employment of a seafarer shall be set out or referred to in a clear written legally enforceable agreement and shall be consistent with the standards set out in the Code.

2. Seafarers' employment agreements shall be agreed to by the seafarer under conditions which ensure that the seafarer has an opportunity to review and seek advice on the terms and conditions in the agreement and freely accepts them before signing.

3. To the extent compatible with the Member's national law and practice, seafarers' employment agreements shall be understood to incorporate any applicable collective bargaining agreements.

### SEAFARERS' EMPLOYMENT AND SOCIAL RIGHTS

*Article IV*

1. Every seafarer has the right to a safe and secure workplace that complies with safety standards.

2. Every seafarer has a right to fair terms of employment.

3. Every seafarer has a right to decent working and living conditions on board ship.

4. Every seafarer has a right to health protection, medical care, welfare measures and other forms of social protection.

5. Each Member shall ensure, within the limits of its jurisdiction, that the seafarers' employment and social rights set out in the preceding paragraphs of this Article are fully implemented in accordance with the requirements of this Convention. Unless specified otherwise in the Convention, such implementation may be achieved through national laws or regulations, through applicable collective bargaining agreements or through other measures or in practice.

### *Standard A1.4 – Recruitment and placement*

1. Each Member that operates a public seafarer recruitment and placement service shall ensure that the service is operated in an orderly manner that protects and promotes seafarers' employment rights as provided in this Convention.

2. Where a Member has private seafarer recruitment and placement services operating in its territory whose primary purpose is the recruitment and placement of seafarers or which recruit and place a significant number of seafarers, they shall be operated only in conformity with a standardized system of licensing or certification or other form of regulation. This system shall be established, modified or changed only after consultation with the shipowners' and seafarers' organizations concerned. In the event of doubt as to whether this Convention applies to a private recruitment and placement service, the question shall be determined by the competent authority in each Member after consultation with the shipowners' and seafarers' organizations concerned. Undue proliferation of private seafarer recruitment and placement services shall not be encouraged.

3. The provisions of paragraph 2 of this Standard shall also apply – to the extent that they are determined by the competent authority, in consultation with the shipowners' and seafarers' organizations concerned, to be appropriate – in the context of recruitment and placement services operated by a seafarers' organization in the territory of the Member for the supply of seafarers who are nationals of that Member to ships which fly its flag. The services covered by this paragraph are those fulfilling the following conditions:

(a) the recruitment and placement service is operated pursuant to a collective bargaining agreement between that organization and a shipowner;

(b) both the seafarers' organization and the shipowner are based in the territory of the Member;

(c) The Member has national laws or regulations or a procedure to authorize or register the collective bargaining agreement permitting the operation of the recruitment and placement service; and

(d) the recruitment and placement service is operated in an orderly manner and measures are in place to protect and promote seafarers' employment rights comparable to those provided in paragraph 5 of this Standard.

ရှာပြင်က သင်္ဘောသားဟောင်းတစ်ယောက်ပြောချင်တဲ့ စကားတစ်ခုပြောခွင့်ပြုကြပါ။ အခုတလော CBA ဆိုတာ အလကားပါဘဲ။ မလိုပါဘူးဆရာရယ်။ ဘယ်သူကမှလဲ လိုက်နာတာမဟုတ်ဘဲနဲ့လို့ ယူနီယံခေါင်းဆောင်တစ်ယောက်က ကျွန်တော့်ကိုပြောလိုက်လို့ပါ။

ကျွန်တော်တစ်ခါပြောခဲ့ဘူးပါတယ်။ ၁၉၇၄ ခုနှစ်က မြန်မာသင်္ဘောသားတွေ ၂စီးစာ ငှားရမ်းချင်တဲ့ Fuji Asano Kiun ကုမ္ပဏီက Burma Seaman Union ရုံးကိုလာပြီး မြန်မာ CBA ရှိရင် ပြပါလို့တောင်းဆိုတဲ့အတွက် ညတွင်းချင်း CBA တစ်ခုလက်နှိပ်စက်ရိုက် ဗိုလ်မှူးကျော်ဝင်း SECD နှင့် ဦးသန်းအောင် Seaman Union တို့လက်မှတ်ထိုးပြီး ဒီမှာ CBA ရှိပါတယ်ဆိုပြီး ပြတော့မှ ဂျပန်လိုင်းတွေမှာမြန်မာတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပွင့်သွားခဲ့ပါတယ်။ ပြောချင်တာကတော့ မြန်မာသင်္ဘောသားများ နိုင်ငံခြားမှာသွားရောက်အလုပ်လုပ်ကိုင်နိုင်ဖို့ အခြေခံအလုပ်ခွင်စည်းမျဉ်းစည်းကမ်းများပါတဲ့ စုပေါင်းညှိနှိုင်းသဘောတူညီချက် Collective Bargaining Agreement CBA လိုပါတယ်။ အရင်ကလဲရှိခဲ့တယ်။ အခုလဲရှိနေဆဲပါ။ အချိန်အခါနဲ့လိုက်လျောညီထွေစွာပြင်ဆင်သင့်တဲ့ အားနည်းတဲ့အချက်တွေပြင်ကြဘို့ဘဲရှိပါတယ်။ CBA မလိုပါဘူးဆိုပြီး အမှိုက်ပုံးထဲလွှင့်ပစ်ရင် နစ်နာမှာက သင်္ဘောသားအလုပ်သမားတွေပါ။ CBA ရှိရဲ့နဲ့ မလိုက်နာကြဘူးဆိုတာက ပြဿနာတစ်ခုသပ်သပ်ပါ။ မလိုက်နာတဲ့သူတွေကိုလိုက်နာအောင်ကြပ်မတ်ဘို့ ဥပဒေပြဋ္ဌာန်းထိန်းသိမ်းဘို့က နိုင်ငံတော်အစိုးရ DMA ၏တာဝန်ပါ။

ကျွန်တော့်သင်တန်းများမှာ ပြောလေ့ရှိသလိုအလုပ်တစ်ခုဆိုတာ ပြီးမြောက်အောင်မြင်ဘို့ အလုပ်ရှင်နဲ့အလုပ်သမားဆိုတာ မရှိမဖြစ်ပါဝင်ရတာပါ။ အလုပ်ရှင်နဲ့အလုပ်သမားကြားမှာ သူမသာ ကိုယ်မနာမျှတမှုဖြစ်ဘို့ဆိုတာက အလုပ်မစမီစည်းမျဉ်းစည်းကမ်း သဘောတူညီချက်တွေရှိမှ အဆင်ပြေမယ်ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့အပြည်ပြည်ဆိုင်ရာ အလုပ်သမားများ၊ အဖွဲ့ ILO က လမ်းညွှန်ချက်တွေပေးခဲ့တာပါ။ ILO ကပြဋ္ဌာန်းတဲ့ အဓိကကွန်ဗင်းရှင်းကြီး ၈ခုကို ခေါင်းစဉ်အုပ်စု ၄ခုခွဲလိုက်တဲ့အခါ ပထမဆုံးခေါင်းစဉ်အုပ်စု freedom to join a union, bargain collectively and take action ဆိုပြီး Right to Organise and Collective Bargaining Convertion, 1951, No 98 ကိုဖော်ပြထားပါတယ်။ ဒါကြောင့် CBA ဆိုတာကို လွန်ခဲ့တဲ့ ၆၇ ခုနှစ်ထဲက တစ်ကမ္ဘာလုံးမှာအလုပ်ခွင်အမျိုးမျိုးမှာ ရေးဆွဲလိုက်နာခဲ့ကြရတာပါ။ MLC 2006 ကို လက်မှတ်ထိုးထားပြီးဖြစ်လို့ MLC အရ Employment Agreement နဲ့အတူ Collective Agreement ရှိဖို့လိုပါတယ်။

ဒါနဲ့ပတ်သက်လို့ စာမျက်နှာ ၁၁၀ ပါရှိတဲ့ MLC 2006 စာအုပ်ကြီးကို လေ့လာတဲ့အခါ Collective Aggrement ဆိုတဲ့စကားလုံးကို ၃၇ကြိမ်တိုင်တိုင်ပါဝင်ရေးသားထားတာတွေ့ရပါတယ်။ CBA အရေးကြီးပုံကို ပေါ့ပေါ့မတွေးကြပါနဲ့။ MLC ထဲက Regulation 2.1 နဲ့ Article IV (5) မှာ ဖတ်ကြည့်ကြပါ။ Standard A 1.4 Recruitment and Placement 3 (a) မှာလည်း SPRS တွေဟာ ယူနီယံနှင့် ကုမ္ပဏီပိုင်ရှင်အကြားသဘောတူထားတဲ့ CBA ရှိရမယ်လို့ ပြောထားပါတယ်။ သင်္ဘောသားအလုပ်အကိုင်မှာ CBA တစ်ခုရှိရပါမယ်။ Employment Agreement မှာလဲ ဘယ် CBA ကို လိုက်နာမယ်ဆိုတာ တိတိကျကျဖော်ပြရပါမယ်။

လွယ်လွယ်ဥပမာတစ်ခုပြောပြပါမယ်။ ကန်ထရိုက်တိုက်တစ်လုံးဆောက်တဲ့အခါ အိမ်ပိုင်ရှင်နဲ့ ဆောက်လုပ်သူကန်ထရိုက်တာနှစ်ဦးကြားမှာ ဘာစာချုပ်စာတမ်း စည်းမျဉ်းစည်းကမ်း လက်မှတ်ထိုးထားခြင်းမရှိဘဲ ဆောက်လို့ရမယ်ထင်ပါသလား။ ငွေပေးငွေယူကအစအလုပ်ပြီးစီးမှု အချိန်ဇယား quality ကအစကြိုတင်ညှိနှိုင်းသဘောတူစာချုပ်ချုပ်မထားလို့ အိမ်အပ်ဘို့နောက်ကျအုတ်ရိုး quality က သံရိုက်တာနဲ့ပဲ့ကျဆိုရင် ဘာကိုလက်ကိုင်ထားပြီး ပြောကြဆိုကြမှာလဲ။ ခုရှုပ်မှနောက်ရှင်းဆိုသလိုပေါ့။ စာရွက်ပေါ်မှာ တိတိကျကျရေး သဘောတူထားမှ တော်ယုံကျမှာမဟုတ်ဘူးလား။ ကျွန်တော်ကတော့ အခု Myanmar Maritime Tripartite Committee MMTC က အကောင်အထည်ဖော်ဘို့ ကြိုးစားနေတဲ့မြန်မာ့စံ Standard CBA for Myanmar seamen ကို မျှော်လင့်ချက်ကြီးစွာနဲ့ ကြိုဆိုမှာပါ။ တလောက ကျွန်တော် comment တစ်ခုမှ ရေးလိုက်သလို သိက္ခာရှိရှိ လူရိုသေ ရှင်ရိုသေ ဖြစ်ဘို့ဘဲ လိုပါတယ်။ MLC မှာ မည်သူက မည်သည့်အဖွဲ့အစည်းကဦးဆောင်ရေးဆွဲစံသတ်မှတ်ထားတဲ့ CBA အတိုင်း တသွေမတိမ်းတူရမယ်လို့မပြောထားပါဘူး။ သင်္ဘောကုမ္ပဏီနဲ့သင်္ဘောသားအကြား တရားမျှတမှုမှာ မည်သူကမှအနိုင်ကျင့်ကာ ခြိမ်းခြောက်တာမရှိစေဘဲ ကိုယ့်မြန်မာလူမျိုးသင်္ဘောသားများအတွက် ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်ကိုသာအဓိကအရေးထားစဉ်းစားကြပါ။ ကာလဒေသနဲ့ အညီမိမိနိုင်ငံမိမိလူမျိုးအတွက် အကောင်းဆုံးဖြစ်မဲ့အချက်အလက်များကို မြန်မာလူမျိုးများ ကိုယ်တိုင်ပါဝင်ရေးဆွဲကြဘို့ပါဘဲ။

ယခင်ကြယ်ငါးပွင့်ရှိတုန်းက မြန်မာအစိုးရပိုင်သင်္ဘောကုမ္ပဏီကို သက်ညှာစွာ စဉ်းစားပေးရမယ်ဆိုပြီး လျှော့လျှော့ပေါ့ပေါ့လုပ်ခဲ့တာမျိုး ခုချိန်မှာမရှိသင့်တော့ပါဘူး။ လက်ရှိအလုပ်အကိုင်အခွင့်အလမ်းတွေ ဆက်စပ်နေတဲ့ ဂျပန်/ကိုရီးယား/စင်ကာပူ ဈေးကွက်များကို ထည့်သွင်းစဉ်းစားကြဘို့လိုပါတယ်။

- သူများ CBA တွေနဲ့ ယှဉ်ရင် မတန်တဆနဲပါးလွန်းတဲ့ လျော်ကြေး compensation ကိစ္စ၊
- NCA ကမ်းနီးသွားကျွန်းပတ်သင်္ဘောသေးတွေအတွက်လည်း အဆင်ပြေမဲ့ Worldwide trade နဲ့လည်း လိုက်ညီမဲ့အနည်းဆုံးလုပ်ခကိစ္စ၊
- မတရားအနိုင်ကျင့်ခံရမှုကို ကာကွယ်ပေးမဲ့အစီအမံလူ ကုန်ကူးမှုမဖြစ်စေရန် ကြိုတင်စီမံချက်။

စတာတွေ ပါဝင်ရေးဆွဲပေးကြပါ။ တာဝန်သိတဲ့ SRPS များကလဲ ကလိမ်ကကျစ်ပွဲစားတွေ တခွက်စားဉာဏ်နဲ့ လိမ်လို့မရအောင် စဉ်းစားပြီး အကြံဉာဏ်ပေးကြသင့်ပါတယ်။ မြန်မာသင်္ဘောသားများ၏မူလအခွင့်အရေးများကို မဆုံးရှုံးစေရန် ကာကွယ်စောင့်ရှောက်ပေးမဲ့ CBA တစ်ခုပေါ်ပေါက် လာဘို့အချိန်တန်ပါပြီခင်ဗျာ။

**Capt: Kyaw Mya Oo**

# ဝင်ကြေးခြောက်ဒေါ်လာဖြင့် ဝန်ကြီးများရုံးကို လေ့လာခွင့်ရမည်

ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဝန်ကြီးများရုံးကို အာဇာနည်နေ့တစ်ရက်သာ အများပြည်သူဝင်ရောက်လေ့လာခွင့်ပေးထားသည့် ဝန်ကြီးများရုံးကို အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာဖြင့် လေ့လာနိုင်ကြောင်း Asia Tours Myanmar ကုမ္ပဏီ ဝန်ကြီးများရုံးသမိုင်းကြောင်းကို ရှင်းပြပေးသည့်လမ်းညွှန်သူကိုလည်းစီစဉ်ပေးထားပြီး လူဦးရေကန့်သတ်ရခြင်းက ဆောက်လုပ်ရေး ဧရိယာအချို့ရှိသည့်အတွက်ကြောင့်ဖြစ်ကြောင်းနှင့် နိုင်ငံခြားသားတစ်ဦးကို အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာသတ်မှတ်ထားပြီး နိုင်ငံသားများကိုတစ်ဦးလျှင် ကျပ်ငွေ ၈၀၀၀ ဖြင့် တစ်နေ့လျှင် လေးကြိမ်၊တနင်္လာ နေ့မှစနေနေ့အထိ လာရောက်လေ့လာနိုင်သည်ဟု Asia Tours Myanmar ထံမှသိရသည်။

ထို့ပြင် လူတစ်ဦးကိုအမေရိကန်ဒေါ်လာ ကောက်ခံမှုမှာများနေပြီး လူတိုင်းလေ့လာနိုင်ရန် နှစ်ဒေါ်လာခန့်သာ ဝင်ကြေးထားရှိသင့်ကြောင်း၊ ဝန်ကြီးများရုံးနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခွင့်ကုမ္ပဏီကိုပေးသည့်ကိစ္စနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်သို့ ရန်ကုန်တိုင်းလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းထားကြောင်း ဗိုလ်တထောင်မြို့နယ်မဲဆန္ဒနယ်ကတိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးက ပြောကြားသည်။

ပိုးအိမ်




ပို့ဆောင်ဆက်သွယ်
TRANSCOM NEWS JOURNAL
www.thetransportnews.com
သတင်းဂျာနယ်



နိုင်ငံတွင်းမီးတင်းနေထိုင်ကြသည့် လူသန်းပေါင်းများစွာအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတို့တွင် ဆိပ်ကမ်းတစ်ခုကုန်စည်စီးဆင်းမှုသည်လည်းများစွာအရေးပါလှပါသည်။ နိုင်ငံတကာနှင့် ကုန်စည်စီးဆင်းနိုင်ရန်အတွက် ဆိပ်ကမ်းဟူသည်မှာ အဓိကအသက်သွေးကြောတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံအတွက်များစွာအရေးပါသည့် ဆိပ်ကမ်းကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာစက်မှုဆိပ်ကမ်းနှင့် ပတ်သက်သည့် အကြောင်းအရာအချို့ကို အဆိုပါဆိပ်ကမ်းမှ အထွေထွေမန်နေဂျာ ဦးသိန်းဌေးနှင့် တွေ့ဆုံမေးမြန်း ဖော်ပြပေးလိုက်ပါသည်။










**ကုန်ထုတ်လုပ်မှုအပိုင်းတက်လာမယ်ဆိုရင် ကျွန်တော်တို့ဆိပ်ကမ်းတွေမှာလည်း သင်္ဘောအဝင်အထွက်တွေများလာမယ် ထင်ပါတယ်။ စီးပွားရေးက နိုင်ငံရေးနဲ့ဆက်နွယ်နေတယ်ဆိုတာ အားလုံးသိပြီးသားပါ။ အရင်လို စီးပွားရေးပိတ်ဆို့ထားတာမရှိသလောက်ဖြစ်တော့ စီးပွားရေး ဒီထက်ကောင်းလာမယ်လို့မျှော်လင့်ပါတယ်.....**

**မေး။ ဆရာတို့မြန်မာစက်မှုဆိပ်ကမ်းနှင့် ပတ်သက်ပြီးမိတ်ဆက်ပေးပါဦး ဆရာ။**

ဖြေ။ ကျွန်တော်တို့ မြန်မာစက်မှုဆိပ်ကမ်းကတော့ မြန်မာအက္ခရာဝါစွမ်းအားရှင်ဂရု(ပ်)အက်(စ်) ကုမ္ပဏီလီမိတက်နဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ Bot စနစ်နဲ့ဆောင်ရွက်နေတဲ့ လုပ်ငန်းဖြစ်ပါတယ်၊ အရင်တုန်းက ဒီမြေကအမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ကြွေထည်မြေထည်လုပ်ငန်းပိုင်မြေဖြစ်ပြီး မြေနေရာကိုငှားရမ်းပြီး တံတားတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ တံတားတည်ဆောက်ပြီးနောက် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၄ရက်နေ့မှာစတင်ဖွင့်လှစ်ခဲ့ပါတယ်၊အဲဒီတုန်းက သင်္ဘောကြီး(၂) စီးကပ်နိုင်ပြီး အထွေထွေကုန်ပစ္စည်းများဖြစ်တဲ့ သစ်၊ ဘိလပ်မြေ၊ သံချောင်းအစရှိတဲ့ ကုန်ပစ္စည်းတွေကို ကိုင်တွယ်ခဲ့ပါတယ်၊ အဲဒီနောက်ပိုင်းမှာ ကုန်သေတ္တာတင်သင်္ဘောတွေ ဆိုက်ကပ်နိုင်အောင် စက်ယန္တယားတွေတပ်ဆင်ခဲ့ပြီး ကုန်သေတ္တာတွေကိုကိုင်တွယ်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ တံတားနဲ့ ဆက်စပ်နေတဲ့ ပြည်တွင်းရေကြောင်းဌာနပိုင် အလုံသင်္ဘောကျင်းနေရာကို နိုင်ငံတော်အစိုးရကို တင်ပြခွင့်ပြုချက်ရယူပြီး တံတားကိုတိုးချဲ့တည်ဆောက်ခဲ့ပါတယ်၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်ကစပြီး သင်္ဘော (၄)စီးဆိုက်ကပ်နိုင်တဲ့ အဆင့်ရောက်ရှိလာပါတယ်၊ အဲဒီလိုနဲ့ကုန်သေတ္တာများကိုင်တွယ်တဲ့တံတားအဆင့်ကို ရောက်လာခြင်းဖြစ်ပါတယ်။

**မေး။ ဆရာတို့ရဲ့ မြန်မာစက်မှုဆိပ်ကမ်းရဲ့ လက်ရှိအကျယ်ဘယ်လောက်ရှိပြီး ကုန်သေတ္တာဘယ်လောက်အထိထားနိုင်တယ် ဆိုတာကိုလည်း သိချင်ပါတယ်ရှင်။**

ဖြေ။ ကျွန်တော်တို့ဆိပ်ကမ်းအနေနဲ့(၁၀၇)ဧက ကျယ်ပြီးတော့ ပေ(၂၀)ကုန်သေတ္တာ အလုံးပေါင်း ၂၀၀၀၀ကျော် ထိန်းသိမ်းထားနိုင်ပါတယ်၊ တန်ချိန် ၁၅၀၀၀ ကျော်ရှိတဲ့ သင်္ဘောကြီး (၄)စီးတပြိုင်နက်ဆိုက်ကပ်နိုင်ပါတယ်၊ ကုန်သေတ္တာကိုင်တွယ်ဖို့ Quay Crane (၅)လက်၊ Mobile Crane (၈)လက်၊ Reach Stocker Empty Handler နဲ့ RTG စက်ယန္တယားတွေ အလုံအလောက်ရှိပါတယ်၊ ကုန်သေတ္တာကိုင်တွယ်တဲ့ တံတားအနေနဲ့ကျွန်တော်တို့တံတားရဲ့ မြောက်ဘက်မှာထီးတန်း၊ အေးရှားဝေါ(လ်)၊ AIPT တို့ရှိပြီး ကျွန်တော်တို့တံတားရဲ့တောင်ဘက်မှာဗိုလ်အောင်ကျော်၊ MITT တံတားတွေရှိပါတယ် ကျွန်တော်တို့အနေနဲ့ ကုန်သေတ္တာအားလုံးရဲ့ ၄၀%ကျော်ကို ကိုယ်တွယ်လျက်ရှိပါတယ်။

**မေး။ ဒီဆိပ်ကမ်းရဲ့ ကုန်အဝင်အထွက်အခြေအနေကိုလည်း သုံးသပ်ပေးပါဦးရှင်။**

ဖြေ။ ၂၀၁၅-၂၀၁၆ခုနှစ်မှာ ကုန်သေတ္တာကိုင်တွယ်ရတာများတယ်၊ မနှစ်က နည်းနည်း ပြန်ကျလာတယ်၊ နိုင်ငံအနေနဲ့သွင်းကုန်ထုတ်ကုန်တွေလျော့နည်းလာတယ်လို့ပဲ ထင်ပါတယ်၊ သင်္ဘောတွေကတော့ ကုန်ပေါ်မူတည်ပြီးအဝင်အထွက် အနည်းအများ ဖြစ်တယ်ဆိုတော့ ထုတ်ကုန်များရင်တော့ သင်္ဘောတွေများလာမှာပါ။ အဝင်သင်္ဘော ကတော့ သိသိသာသာ တိုးလာတာမရှိပါဘူး။

**မေး။ ဒီလိုအခြေအနေမှာ လက်ရှိဆိပ်ကမ်းရဲ့ သင်္ဘောကပ်နိုင်မှုအခြေအနေနဲ့ ကပ်နေတဲ့သင်္ဘောတွေ၊ ကုန်တွေအခြေအနေကိုလည်း သိချင်ပါတယ်ရှင်၊**

ဖြေ။ ကျွန်တော်တို့တံတားအနေနဲ့ တစ်လကိုသင်္ဘောအစီး (၆၀)ကပ်ပြီး ကုန်တင်/ချ နိုင်ပါတယ်။ လက်ရှိမှာတော့ တစ်လကိုသင်္ဘော(၂၅)စီးနဲ့ (၃၀)ကြားဆိုက်ကပ်လျက်ရှိပါတယ်။ အဓိက ကတော့နိုင်ငံရဲ့ပို့ကုန်ပါဘဲ၊ လက်ရှိမှာတော့သီလဝါဘက်မှာ စီးပွားရေးဇုံတွေသတ်မှတ်ပြီးလုပ်နေတာရှိပါတယ်။ ဆောင်ရွက်ဆဲကာလမို့ ထုတ်လုပ်မှုအပိုင်းမှာ လောက်လောက်လားလားမရှိသေးပါဘူး။ နောက်ပြီး တချို့ပို့ကုန်တွေကို ကန့်သတ်လိုက်တာတွေရှိတယ်။ ဥပမာပြောရရင် သစ်ဆိုရင်အရင်တုန်းက အလုံးလိုက်ပို့ခွင့်ပြုတယ်၊ ကျွန်တော်တို့တံတားအပြင် ဆူးလေတို့သီလဝါတို့ဘက်မှာလည်း သစ်လုံးတင်တဲ့ သင်္ဘောတွေကပ်တယ်၊ နောက်ပြီးတော့ပဲဆိုရင် အိန္ဒိယက ပုံမှန်ဝယ်တယ်၊ မနှစ်ကစပြီးတော့ ဝယ်တာမရှိဘူးလို့သိရတယ်။ဒါတွေကလည်း သင်္ဘောအစီးရေနည်းသွားတဲ့ အကြောင်းတစ်ချက်ဖြစ်တယ်၊ လက်ရှိမှာတော့ ထုတ်ကုန်အနေနဲ့ စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ပစ္စည်းနှင့် အထည်ချုပ်စက်ရုံက ချုပ်လုပ်ပြီး ပြန်ပို့တဲ့ကုန်တွေရှိတယ်၊ သွင်းကုန်အနေနဲ့ မော်တော်ယာဉ်၊ ယန္တယားအထည်ချုပ်စက်ရုံက လိုအပ်တဲ့အထည်အလိပ်တွေ၊ ဂျုံ၊ သကြားစသဖြင့်သွင်းတာတွေ့ရပါတယ်။

**မေး။ ဆိပ်ကမ်းတွေရဲ့ သင်္ဘောအဝင်အထွက်အခြေအနေက နောက်ပိုင်းမှာရော ဘယ်လိုတွေရှိလာနိုင်မလဲဆိုတာ သုံးသပ်ပေးပါဦးရှင်။**

ဖြေ။ တိုးလာနိုင်တယ်လို့ဘဲ ပြောရမယ်။ အိန္ဒိယကလည်း တချို့ပဲတွေပြန်ဝယ်မယ်ကြားတယ်၊ စက်မှုဇုန်တွေကလည်း တည်ဆောက်မှုအပိုင်း တဖြည်းဖြည်းပြီးလာပြီး ကုန်ထုတ်လုပ်မှုအပိုင်းတက်လာမယ်ဆိုရင် ကျွန်တော်တို့ဆိပ်ကမ်းတွေမှာလည်း သင်္ဘောအဝင်အထွက်တွေများလာမယ် ထင်ပါတယ်။ စီးပွားရေးက နိုင်ငံရေးနဲ့ဆက် နွယ်နေတယ်ဆိုတာအားလုံးသိပြီးသားပါ။ အရင်လို စီးပွားရေးပိတ်ဆို့ထားတာမရှိ သလောက်ဖြစ်တော့ စီးပွားရေးဒီထက်ကောင်းလာမယ်လို့မျှော်လင့်ပါတယ်။

**မေး။ ဆရာတို့ဆိပ်ကမ်းနဲ့ ပတ်သက်ပြီးတော့ ထပ်ဆောင်းအသိပေးချင်တာဘာများရှိမလဲဆရာ။**

ဖြေ။ အသိပေးချင်တာကတော့ ကျွန်တော်တို့ဆိပ်ကမ်း ဝန်ဆောင်မှုအပိုင်းကို နိုင်ငံတကာ ဆိပ်ကမ်းတွေနည်းတူ အကောင်းဆုံးဖြစ်အောင်ကြိုးစားဆောင်ရွက်နေပါတယ်၊ ကောက်ခံတဲ့ အခွန်အခတွေကိုလည်းအများနည်းတူ ကောက်ခံပြီးလုပ်ငန်းများ အလွယ်တကူဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပါကြောင်းအသိပေးလိုပါတယ်။

ဟုတ်ကဲ့။ အခုလိုမျိုး မြန်မာစက်မှုဆိပ်ကမ်းနဲ့ ပတ်သက်ပြီး ပြည့်စုံစွာရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။

(သတင်းအဖွဲ့)
တင်မောင်-ပို့/ဆက်

## ဂေါ်ရင်ဂျီကျွန်းဒေသ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာကောင်းများရှိနေသော ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဂေါ်ရင်ဂျီကျွမ်းဒေသတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးအတွက် ရည်ရွယ်ကာ အသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီတတိယအပတ်အတွင်းက ဂေါ်ရင်ဂျီကျွန်းဒေသရေပြာအိုင် တည်းခိုရိပ်သာ၌ကျင်းပခဲ့ပါသည်။

၎င်းဒေသတွင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် ဂေါ်ရင်ဂျီကျွန်းဒေသခံများ၊ အစိုးရဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ တာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း၊ ကြွေချိုင်နှင့် နံ့သာပုကျေးရွာများရှိဒေသခံများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက Coastal Tourism and Challenges ခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များ၊ လူထုအခြေပြုခရီးသွားလုပ်ငန်း စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဂေါ်ရင်ဂျီကျွန်းဒေသသည် လက်ရှိအခြေအနေအရ ခရီးသွားလုပ်ငန်းကို တပိုင်တနိုင်ဆောင်ရွက်နေကြခြင်းဖြစ်ပြီး စနစ်တကျလုပ်ငန်းများဆောင်ရွက်နိုင်ရန်လိုအပ်သည်များကို တစ်ဆင့်ချင်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဟုသိရသည်။ အိမ်စည်



## နည်းပညာ သိမှတ်ဖွယ်ရာများ

### ထွန်းသက်ကို




**WK Tripod Selfie**

စမတ်ဖုန်းနဲ့တွဲဖက်ကာ ဓာတ်ပုံတွေကို ရိုက်ကူးနိုင်မယ့် WK အမှတ်တံဆိပ် Tripod Selfie ဖြစ်ပါတယ်။ Selfie ဓာတ်ပုံတွေကိုရိုက်ကူးဖို့အတွက် Bluetooth Remote နဲ့ အဝေးကနေ ဓာတ်ပုံတွေကိုရိုက်ကူးနိုင်ပါ တယ်။ Selfie Stick ကို သတ္တုစပ်နဲ့ပြုလုပ်ပေးထားတဲ့ အတွက်ကြောင့်ခိုင်ခံ့ကာ အရှည် 600mm ရှိပါတယ်။ တန်ဘိုး ၂၁,၅၀၀ ကျပ်နဲ့ WK Design ဖုန်း-၀၉ ၂၅၃၅၃၄၄၀၀ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။



**Dismo Metal Mechanical Keyboard**

ဂိမ်းမာတွေအကြိုက်တွေ့စေနိုင်မယ့် Dismo အမှတ်တံဆိပ် Mechanical Keyboard ဖြစ်ပါတယ်။ Dota, Counter Strike (CSGO) ကစားသူများ၊ ဒီဇိုင်နာများအတွက်လည်းအဆင်ပြေစေမှာပါဖြစ်ပါတယ်။ USB တပ်လိုက်တာနဲ့ Gaming Keyboard တို့ရဲ့သဘာဝအတိုင်း LED မီးတွေလင်းလာမှာဖြစ်ပါတယ်။ မီးအရောင်ခြောက်မျိုးပါဝင်ကာ မီးအရောင်တွေကို မိမိနှစ်သက်တဲ့ ပုံစံမျိုးနဲ့ထားပါတယ်။ USB ကြိုးကို အကောင်းစားရောဘာသားနဲ့ဖုံးအုပ်ပေးထားပါတယ်။ တန်ဘိုး ၇၅,၀၀၀ ကျပ်နဲ့ IT Mall Myanmar ဖုန်း-၀၉ ၇၈၁၅၀၃၀၅မှာ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

**LG65" Ultra HD 4K Smart Flat TV (65UJ630)**

LG အမှတ်တံဆိပ် ၆၅ လက်မအရွယ်အစားရှိတဲ့ Ultra HD 4K Smart TV ဖြစ်ပါတယ်။ 4K ဖြစ်တဲ့အတွက်ကြောင့် Full HD Resolution ရုပ်ထွက်တွေထက် လေးဆခန့် ပိုကြည်လင်မှုရှိကာ Resolution 3840 x 2160 အမျိုးအစားဖြစ်ပါတယ်။ Smart TVဖြစ်တာကြောင့် Internet အသုံးပြုနိုင်ကာ Web Browser (Web OS 3.5) ပါဝင်ပါတယ်။ Wifi Direct, Screen Shareပါဝင်တာကြောင့် စမတ်ဖုန်းက ရုပ်ရှင်၊ သီချင်းနဲ့ ဓာတ်ပုံတွေကို TV ပေါ်မှာ ကြည့်နိုင်ပါတယ်။ DVB-T2 စနစ်ပါဝင်တာကြောင့် အခမဲ့ရုပ်သံလိုင်းတွေကိုဖမ်းယူကြည့်ရှုနိုင်မှာပါ။ တန်ဘိုး ၂,၀၀၀,၀၀၀ ကျပ်နဲ့ Multi Generation Electronics Wholesales Centre ဖုန်း-၀၉ ၇၃၂၄၀၀၂၃ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။






**Cool Wired Gaming Mouse V10**

ဂိမ်းမာတွေအတွက်အဆင်ပြေစေမယ့်Cool Wired Gaming Mouseဖြစ်ပါတယ်။ Mouse DPI 2400ထိရှိတဲ့အတွက်ကြောင့် Counter Strike (CSGO)ကစားသူများအတွက် အကြိုက်တွေ့စေနိုင်ပါတယ်။ Gaming Mouse ဖြစ်တာကြောင့် USB တပ်ဆင်လိုက်တာနဲ့တစ်ပြိုင်နက် မီးလင်းမှာဖြစ်ပါတယ်။ ကြိုးသားကိုချည်သားနဲ့ပြုလုပ်ထားတာကြောင့် အလွယ်တကူပြတ်ရှခြင်းကနေကာကွယ်ပေးပါတယ်။ တန်ဘိုး ၂၀,၀၀၀ ကျပ်နဲ့ IT Mall Myanmar ဖုန်း-၀၉ ၇၇၁၇၈၇၇၇၈၄မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

**Rock Wireless Power Bank**

iPhone X, iPhone 8, iPhone 8 Plus, Samsung Note 8 အသုံးပြုသူတွေအတွက် ကြိုးမဲ့အားသွင်းနိုင်မယ့် Rock အမှတ်တံဆိပ်Wireless Power Bank ဖြစ်ပါတယ်။ ဘက်ထရီသိုလှောင်မှုပမာဏအနေနဲ့8000 mAh ပါဝင်တဲ့အတွက် စမတ်ဖုန်းနှစ်လုံးကို အားအပြည့်ပြန်သွင်းနိုင်ပါတယ်။ စမတ်ဖုန်းနဲ့ Power Bank ကို ကျောချင်းကပ်ပြီးအားသွင်းရမှာဖြစ်ပါတယ်။ တန်ဘိုးအနေနဲ့ ၂၈,၅၀၀ ကျပ်နဲ့ Rock Myanmamr ဖုန်း-၀၉ ၄၂၀၄၅၀၀၀၁ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။





**Type C DVD Super Drive**

Apple Mac Book အသုံးပြုသူတွေအတွက် External DVD Drive ဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့USB Port နဲ့တပ်ဆင်ရတာမျိုးမဟုတ်ဘဲ Type C Portနဲ့ တပ်ဆင်အသုံးပြုရမှာဖြစ်ပါတယ်။ DVD, CD နဲ့ ကွန်ပျူတာဆော့ဝဲလ်ခွေတွေဖတ်ပေးနိုင်ပါတယ်။ ကြိုးကိုတော့ အကောင်းစား ရော်ဘာသားနဲ့ဖုံးအုပ်ပေးထားသလို DVD Driveကိုယ်ထည်ကိုတော့ သတ္တုစပ်နဲ့ပြုလုပ်ပေးထားတဲ့ အတွက်ကြောင့် အကြမ်းခံစေပါတယ်။ တန်ဘိုး ၁၂၀,၀၀၀ ကျပ်နဲ့ Dr Mac Computer ဖုန်း-၀၉ ၇၉၈-၆၆၆၆၁၄ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## စမတ်ဖုန်းကီးဘုတ်ရဲ့နောက်ခံ Theme တွေကို မိမိစိတ်ကြိုက်ဘယ်လိုပြောင်းမလဲ


စမတ်ဖုန်းရဲ့ကီးဘုတ်နောက်ခံ Theme တွေကို မိမိနှစ်သက်တဲ့ နောက်ခံဓာတ်ပုံလေးတွေ ထည့်သွင်းအသုံးပြုနိုင်မယ့်နည်းလမ်းလေးကို ဖော်ပြပေးချင်ပါတယ်။

ဒီလိုဆောင်ရွက်ဖို့အတွက် Google က Android ဖုန်းတွေအတွက်ထုတ်ပေးထားတဲ့ Gboard လို့ခေါ်တဲ့ Gooogle Keyboard ကို Playstore မှာဒေါင်းလုဒ်လုပ်ပေးရမှာဖြစ်ပါတယ်။ Keyboard က Google ဖြစ်တဲ့အတွက်ကြောင့် မြန်မာလိုစာရိုက်အသုံးပြုလို့မှာ မဟုတ်ပါဘူး။

ပထမအဆင့်အနေနဲ့ Gboard မပါဝင်တဲ့Android ဖုန်းတွေအနေနဲ့ Playstore ထဲကိုဝင်လိုက်ပါ။ ပြီးရင် Search Bar မှာ Gbord လို့ရေးပြီး Enter ခေါက်လိုက်ပါ။ ကျလာရင် Install လုပ်လိုက်ပါ။ ဖိုင်အရွယ်အစားကတော့ 50MB လောက်ရှိမှာဖြစ်ပါတယ်။

ပြီးရင် ဖုန်း Setting ထဲဝင်ပါ။ Setting ထဲက Langues and Input ဆိုတာနှိပ်လိုက်ပါ၊ Gboard ဆိုတဲ့ စာလေးပေါ်လာပါလိမ့်မယ်။ ပေါ်လာတဲ့ Gboard ကို နှိပ်လိုက်ရင်တော့ Theme ဆိုတာကိုတွေ့ပါလိမ့်မယ်။ Theme ထဲကိုဝင်ပြီးရင်တော့ My themes မှာမိမိနှစ်သက်ရာ ဓာတ်ပုံတွေကို Keyboard ပေါ်မှာ ပေါ်အောင်လုပ်နိုင်ပြီးပဲဖြစ်ပါတယ်။ အဲ့ဒါအပြင်ဓာတ်ပုံတွေကိုမထားချင်ဘူးဆိုရင်တော့ Google ကပေးထားတဲ့ Keyboard Wallpaper တွေကိုထပ်မံဒေါင်းလုဒ်လုပ်ပြီးအသုံးပြုနိုင်ပါသေးတယ်။

ထွန်းသက်ကို




## လှိုင်သာယာခရီးစဉ်အတွက် ဆိပ်ကမ်း ၁၃ ခုကိုတည်ဆောက်ရန် စီစဉ်လျက်ရှိ

ရန်ကုန်မြစ်အတွင်း ဗိုလ်တထောင်မှ အင်းစိန်သို့ ပြေးဆွဲနေသော ပထမဆုံး ရေကြောင်းဘတ်စ် အနေနှင့် ထပ်မံ၍လှိုင်သာယာခရီးစဉ် အတွက် ဆိပ်ကမ်း ၁၃ ခုကိုတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း တင့်တင့်မြန်မာကုမ္ပဏီမှ တာဝန်ရှိ သူတစ်ဦးကပြောသည်။

"ဆိပ်ကမ်း ၁၃ ခုကိုဒီလထဲမှာ Survey ဆင်းပြီးသွားပြီ။ မိုးမကျခင် အပြီးတည်ဆောက်ပြီး၊ စပြေးမယ်တိုင်းအစိုးရကို ဆိပ်ကမ်းအားလုံးခွင့်ပြုစာတင်တယ်။ ခွင့်ပြုချက်အပေါ် မူတည်ပြီး တည်ဆောက်မှာပါ" ဟုၡင်းကပြောသည်။

ဒုတိယမြောက် ခရီးစဉ်အဖြစ်ခရီးစဉ် လမ်းကြောင်းသစ်နှစ်ခုဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ဗိုလ်တထောင်-မြောက်ဒဂုံ-ညောင်တန်းခရီးစဉ်နှင့် ဗိုလ်တထောင် သန်လျင်စတားစီးတီး အိမ်ရာခရီးစဉ်အဖြစ် သတ်မှတ်ကာ သင်္ဘော ၁၀ စင်းဖြင့်ပြေးဆွဲမည်ဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီထံမှ သိရသည်။

ထပ်မံတိုးချဲ့ပြေးဆွဲရန် လေ့လာမှုပြီးစီးသည့် ဆိပ်ကမ်းများအနေနှင့် မြောက်ဒဂုံ၊ တောင်ဥက္ကလာ၊ သုဝဏ၊ သာကေတ ၁၊ ပုဇွန်တောင် ၂၊ သာကေတ ၂၊ ဒေါပုံ၊ ညောင်တန်း၊ star city အိမ်ရာရှုခင်းသာ၊ ဗိုလ်ချုပ်လမ်းထိပ် (သန်လျင်တံတားအနီး)၊ သီလဝါ SEZ ဆိပ်ကမ်းတို့ဖြစ်ပြီးပြေးဆွဲမည့် သင်္ဘောများအနေနှင့်ခရီးသည် ၁၅၀၊ ၂၃၀ဆံ့သင်္ဘောရှစ်စင်းဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

ထပ်မံ၍ လှိုင်သာယာ၊ ဆိပ်ကြီးခနောင်တို၊ ဒလစသည့်ခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲရန်စီစဉ်မည်ဖြစ်ပြီး သင်္ဘောများကိုသြစတြေးလျမှမှာယူမည်မဟုတ်တော့ဘဲ ထိုင်းနိုင်ငံမှ ဆက်လက်မှာယူမည်ဖြစ်ကာ ပြည်တွင်း၌လည်း သင်္ဘောများထပ်မံတည်ဆောက်နေကြောင်း သိရသည်။

T.Z



# ရန်ကုန်လေဆိပ်သို့ အမေရိကန်အခြေစိုက်လေယာဉ်တစ်စီး အရေးပေါ်ဆင်းသက်ခဲ့

ရန်ကုန်လေဆိပ်သို့ အမေရိကန်နိုင်ငံသားလေယာဉ်မှူး Capt. Dyke-andrew Lincoin Jacksoy ပါ လေယာဉ်အမှုထမ်း၃ဦး မောင်းနှင်လာသည့် လေယာဉ်တစ်စီးသည်ဖေဖော်ဝါရီ ၂၈ရက်မွန်းလွဲပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ကြောင်းပြည်ထဲရေးဝန်ကြီးဌာနမှသိရသည်။

အဆိုပါလေယာဉ်သည် လစ်သီယံဘတ္တရီ (Lithium Ion Batteri-es)175.7တန်တင်ဆောင်လာသည့် အမေရိကန်အခြေစိုက် (UPS United Parcel Service Co.,Ltd)ပိုင် MC Donnell Douglas MD-11F (Cargo) လေယာဉ်အမျိုးအစား၊ လေယာဉ်အမှတ် N293UP လေယာဉ်သည်တရုတ်နိုင်ငံဟောင်ကောင်လေဆိပ်မှ UAE နိုင်ငံဒူဘိုင်း လေဆိပ်သို့ ပျံသန်းစဉ်လေယာဉ်ပေါ်တွင် တင်ဆောင်လာသောကုန်ပစ္စည်းများပါရှိသည့် ကွန်တိန်နာပုံးမှ Fire Ala-rm မြည်လာသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆင်းသက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအားယာဉ်များနှင့်အတူ အသင့်ပြင်ဆင်ထားရှိခဲ့ပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတာဝန်ရှိသူများနှင့် လေဆိပ်တာဝန်ခံဦးအောင်မြင့်တို့မှ အဆိုပါလေယာဉ်ပေါ်သို့တက်ရောက်၍ လေယာဉ်မှူးနှင့်တွေ့ဆုံမေးမြန်းရာ မီးလောင်မှုမရှိဘဲ လစ်သီယံဘတ္တရီအနံ့သာရရှိကြောင်းသိရှိရသည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့်ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်တို့ရောက်ရှိလာပြီး လေယာဉ်မှူးမှပြန်တက်လိုကတက်ခွင့်ပေးရန်၊ ညအိပ်မည်ဆိုပါက လဝကလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုပေးရန်၊ အရေးပေါ်လိုအပ်ပါကအကူအညီပေးရန်မှာကြားခဲ့သည်။

လေယာဉ်မှူးများမှ ၎င်းတို့ကုမ္ပဏီသို့ဆက်သွယ်ခဲ့ပြီး Capt. Dyke-andrew Lincoin Jacksony ပါလေယာဉ်မှူး ၃ဦးသည်လေဆိပ်လဝကကောင်တာ၌ ပြည်ဝင်တံဆိပ်တုံးထု၍ဒဂုံမြို့နယ်ရှိ Park Royal ဟိုတယ်၌ တည်းခိုရန်ထွက်ခွာသွားခဲ့ပြီး အဆိုပါလေယာဉ်မှာရန်ကုန်လေဆိပ်တွင် ညအိပ်ရပ်နား၍လေယာဉ်စစ်ဆေးမည့် အင်ဂျင်နီယာအဖွဲ့ ရောက်ရှိစစ်ဆေးပြီးပါက မူလခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။

အိမ်စည်

ရန်ကုန်လေဆိပ်၌ လေယာဉ် ၁ စီး အရေးပေါ်ဆင်းသက်မှု







ရန်ကုန်လေဆိပ်သို့ အမေရိကန်နိုင်ငံအခြေစိုက် (UPS United Parcel Service Co.,Ltd)ပိုင် လေယာဉ် ၁ စီး အရေးပေါ်ဆင်းသက်မှု

# University Football Tournament 2018 ဖွင့်ပွဲကျင်းပ





မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ(MNL) ပညာရေးဝန်ကြီးဌာနနှင့် MPT တို့ပူးပေါင်းကျင်းပသည့် Unversity Football Tournam-ent 2018 ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၅ရက်နေ့၌ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်၊ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ MPT မှတာဝန်ရှိလူကြီးမင်းများ၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် MFF ဥက္ကဋ္ဌဦးဇော်ဇော်၊ ပညာရေးဝန်ကြီးဌာနနှင့် MPT တို့မှတာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသည့် မြန်မာယူ-၁၆အသင်းနှင့် တက္ကသိုလ်လက်ရွေးစင်အသင်းမှ အုပ်ချုပ်နည်းပြများနှင့် အားကစားသမားများအားတာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ခဲ့သည်။ ဖွင့်ပွဲတွင်မြန်မာလက်ရွေးစင် ဘောလုံးသမားများဖြစ်သည့်ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ သန်းပိုင်၊ ငြိမ်းချမ်းအောင်၊ အောင်ကောင်းမာန်နှင့် သီဟဇော် တို့ကဘောလုံးစွမ်းရည်ပြသခဲ့ကြသည်၊ ပညာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲများကျင်းပပေးလျက်ရှိပြီး ယင်းပြိုင်ပွဲများပြီးဆုံးပါက အထက်မြန်မာပြည်တွင် ခြောက်ဇုန်၊ အောက်မြန်မာပြည်တွင်ရှစ်ဇုန်ခွဲ၍ ဇုန်အလိုက်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ဇုန်အလိုက်ပြိုင်ပွဲများကို မေနှင့်ဇွန်လတွင် ကျင်းပရန် စီစဉ်ထားပြီးပြိုင်ပွဲများပြီးဆုံးပါက ဇုန်အလိုက်ခြေစွမ်းပြနိုင်သည့် ကစားသမားများကို အထက်မြန်မာပြည်နစ်သင်း၊ အောက်မြန်မာပြည်နစ်သင်းပြန်လည်ဖွဲ့စည်းကာ ရန်ကုန်မြို့တွင်နောက်ဆုံးအဆင့်ပြိုင်ပွဲယှဉ်ပြိုင်စေမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဩဂုတ်လတွင်ကျင်းပရန် လျာထားကြောင်းသိရသည်။

2018ခုနှစ် တ က္ကသိုလ်များအဆင့် ဘောလုံးအားကစားပြိုင်ပွဲတွင် (Myanmar Unversity FC and MFF Youth) **အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး** Myanmar Unversity FC မှ MFF Youth **အသင်းကို ၄ဂိုး ၂ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပထမဦးစွာဒုတိယဆုရရှိသွားသော** MFF Youth FC **အသင်းအား** Mr.sombati Dept General Manger နှင့်MPT မှတာဝန်ရှိလူကြီးမင်းများမှ ဆုချီးမြှင့်ပေးခဲ့သည်။ ဆက်လက်ပြီးချန်ပီယံဆုရရှိသွားသော Myanmar Unver-sity FC အသင်းအားဦးမိုးစံအောင်နှင့် ပါမောက္ခချုပ်ဒေါက်တာတင်အောင်လှမှ ဆုချီးမြှင့်ပေးခဲ့ကြသည်။

T.Z

# မြန်မာ့ခေတ်ဆန်းပန်းချီ နှစ်တစ်ရာ အနုပညာပွဲတော် အမျိုးသားကဇာတ်ရုံ၌ကျင်းပ

၁၉၁၈ခုနှစ်မှ စတင်ပေါ်ထွန်းလာခဲ့သည့် မြန်မာ့ခေတ်ဆန်းပန်းချီအနုပညာသည် ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလတွင်နှစ် ၁၀၀ခရီးသို့ရောက်ရှိခဲ့ပြီးဖြစ်၍ အဆိုပါမြန်မာ့ခေတ်ဆန်းပန်းချီ နှစ်တစ်ရာပြည့်ပွဲတော်ကိုသာသနာရေးနှင့်ယဉ် ကျေးမှုဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)မှဖေဖော်ဝါရီ ၂၇ရက်မှမတ်လ၄ရက်အထိ ရန်ကုန်မြို့အမျိုးသားကဇာတ်ရုံ၌ကျင်းပခဲ့ကြောင်းသိရသည်။

"မြန်မာနိုင်ငံမှာ ပထမဦးဆုံးအနေနဲ့ကျင်းပတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ၁၉၁၈ခုနှစ်ကနေ ၂၀၁၈အထိနှစ်၁၀၀ပြည့်ပွဲဖြစ်တယ်။ ၁၉၁၈ကိုဘာလို့ယူလဲဆိုတော့ ဒီအချိန်မှာခေတ်ဆန်းပန်းချီစတယ်လို့ ယူဆလို့ရတယ်။ လွန်ခဲ့တဲ့ကျောက်ခေတ်ထဲကဗမာပြည်မှာ ရှိတယ်လို့ပြောရင်ပြောလို့ရတယ်။ ကျောက်ခေတ်လူသားတွေရေးဆွဲခဲ့တဲ့ လှုပုံတွေတိရစ္ဆာန်ပုံတွေ အမဲလိုက်ပုံတွေကသက်သေပြနေတာဖြစ်တယ်။ တကြောင်းဆွဲကောက်ကြောင်းတွေ မျဉ်းတွေအရောင်တွေက ကျောက်ခေတ်တွင်မကခေတ်အဆက်ဆက်ထိတွေ့ရတယ်" ဟု အမြဲတမ်းအတွင်းဝန် (ငြိမ်း)ဦးဝင်းဆွေထွန်း (ပန်းချီ)ကပြောကြားခဲ့သည်။

မြန်မာ့ပန်းချီသည် ရှေးဟောင်းကျောက်ခေတ်ဂူနေလူတို့ ရေးဆွဲမှတ်တမ်းတင်ခဲ့သည့် ပန်းချီလက်ရာများကိုရှာဖွေတွေ့ရှိခဲ့ပြီး မြန်မာပန်းချီခရီးစဉ်ကို ခေတ်ခြောက်ခေတ်ဖြင့်ခွဲခြားသတ်မှတ်ခဲ့၍ သမိုင်းမတိုင်မီနှင့်ပျူခေတ်၊ ပုဂံခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံမန္တလေးခေတ်နှင့် ၂၀ရာစုနှစ်မြန်မာ့ပန်းချီခရီးတို့ဖြစ်ကြောင်း ထို့ပြင် ၂၁ ရာစုနှစ် မြန်မာ့ပန်းချီရေစီးကြောင်းကမူ ၂၀ရာစု မြန်မာ့ပန်းချီစတင်ဖွံ့ဖြိုးပြောင်းလဲမှုနှင့် တစ်ဆက်တည်းဖြစ်ကြောင်းသိရသည်။

အဆိုပါပွဲတော် ကျင်းပရသည့်ရည်ရွယ်ချက်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ထောင်ရာတွင် အနုပညာစွမ်းအားဖြင့်ပါဝင်ဆောင်ရွက်ရန် ပန်းချီပန်းပုပညာရှင်များစုပေါင်းလက်တွဲ၍ ပညာရှင်များ၏ဘဝလူနေမှုမြင့်မားပြီး အနုပညာမြောက်လက်ရာများ ပိုမိုဆန်းသစ်စေရန်၊ တိုင်းပြည်နှင့်လူမျိုးအကျိုးပြုလက်ရာမွန်များ ထုတ်ဖော်ထိန်းသိမ်းပြီး၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပန်းဆယ်မျိုးပညာရပ်များကို မျိုးဆက်သစ်များသို့လက်ဆင့်ကမ်းရန်၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖော်ထုတ်ထိန်းသိမ်းရန်နှင့် နိုင်ငံတော်၏ဂုဏ်သိက္ခာများကိုပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိပါ အထူးထင်ရှားပေါ်လွင်စေမည့်ပွဲတော်တစ်ခု ဖြစ်စေရန်စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ဦးဝင်းဆွေထွန်း (ပန်းချီ) ထံမှသိရသည်။



မြန်မာ့ခေတ်ဆန်းပန်းချီ ရာပြည့်အနုပညာပွဲတော်တွင် မြန်မာနိုင်ငံတစ်ဝန်းမှ ပန်းချီပညာရှင်များ၏ပန်းချီကားလက်ရာ ၁၀၀၀နီးပါးနှင့်ပန်းပုလက်ရာများအား ပါဝင်ပြသထားပြီး လက်တွေ့ပန်းချီရေးဆွဲမှုအစီအစဉ်ပါ ထည့်သွင်းခဲ့ပြီးအစီအစဉ်၌မော်ဒယ်သရုပ်ဆောင် နင်းထက်ထက်ဝေက လွန်ခဲ့သောနှစ် ၁၀၀ ဝန်းကျင်က အမျိုးသမီးများဝတ်ဆင်ဟန်ဖြင့်ကိုယ်ဟန်ပြပေးခဲ့ပြီးပန်းချီပညာရှင်များကပုံတူရေးသားခဲ့ကြောင်း၊ ယင်းပွဲတော်သို့စိတ်ပါဝင်စားသူများလာရောက်ကြည့်ရှုသူများပြားခဲ့ပြီး ပန်းချီရေးဆွဲရန်စိတ်ပါဝင်စားသူများအတွက်လည်း အရောင်းပြခန်းများ၊ မြန်မာ့လက်မှုလက်ရာပစ္စည်းအရောင်းဆိုင်များလည်းထည့်သွင်းရောင်းချခဲ့ကြောင်းသိရသည်။

T.Z-ပိုးအိမ်

# ဒေတာများများဝယ်လေ ဒေတာအပိုလက်ဆောင်များများရလေ




အူရီဒူးမြန်မာသည် "ဒေတာလိုက်ပွဲ"ဆိုသည့်မြန်မာနိုင်ငံတွင် အတန်ဆုံးဒေတာအစီအစဉ်များကို ဖေဖော်ဝါရီလ ၂၇ ရက်က စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း၊ အူရီဒူးသုံးစွဲသူများအတွက် ဆန်းသစ်မှုရှိပြီး သုံးစွဲသူတိုင်းနှင့် အဆင်ပြေမည့် အစီအစဉ်များကို ထပ်မံပြီး ဝန်ဆောင်မှုပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးသည် သုံးစွဲသူများ၏ လိုအပ်ချက်များပေါ်မူတည်ပြီး ဒေတာအစီအစဉ် (၈)မျိုးနှင့် ဒေတာအစီအစဉ်များထဲတွင် သက်တမ်းအရှည်ဆုံးဒေတာ အပိုလက်ဆောင်ကို မိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။ ယခုအခါ အူရီဒူးသုံးစွဲသူများအနေဖြင့် "ဒေတာလိုက်ပွဲ" အစီအစဉ်များအတွက် သက်တမ်းရက် (၃၀)ရှိသော ဒေတာအစီအစဉ်များကိုသာမက ဒေတာအပိုလက်ဆောင်ကို ရက် (၃၀)သက်တမ်းဖြင့် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ယခင်ဒေတာအစီအစဉ်များကဲ့သို့ အသုံးပြု၍ မကုန်သောဒေတာကို ဆက်လက်၍ သယ်ဆောင်သွားနိုင်မည်ဖြစ်သည်။

သုံးစွဲသူများအနေဖြင့် ၆၀၀MB ဝယ်ယူလိုလျှင် ၅၀MB ဒေတာအပိုလက်ဆောင်ကို ရရှိမည်ဖြစ်ပြီး ၉၉၉ကျပ်သာကျသင့်မည်ဖြစ်သည့်အပြင် အသုံးပြုသည့်အခါဒေတာအစီအစဉ်နှင့်အတူ အပိုလက်ဆောင်ကိုရက်ပေါင်း (၃၀)ကြာအသုံးပြုနိုင်မည်ဖြစ်သည်။ ဒေတာပိုမိုအသုံးပြုသူများအနေဖြင့် ၃GB ဒေတာအစီအစဉ်ကို ဝယ်ယူနိုင်လျှင် အပိုလက်ဆောင် ၅၁၂ MBကို ရရှိမည်ဖြစ်ပြီး ၄,၉၉၉ကျပ်သာ ကုန်ကြမည်ဖြစ်သည်။ ဒေတာအသုံးပြုသူများ ပိုမိုအဆင်ပြေစွာဖြင့် အသုံးပြုနိုင်ရန် ၂၅GB ဒေတာအစီအစဉ် ဝယ်ယူလျှင် ၅GB ဒေတာအပိုလက်ဆောင်ရရှိမည်ဖြစ်သောကြောင့် ဒေတာစုစုပေါင်း ၃၀GB ကို ရက်ပေါင်း (၃၀)ကြာ ၃၉,၉၉၉ကျပ်တည်းဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ CEOဖြစ်သူ Mr.Vikram Sinhaက "ကျွန်တော်တို့အနေနဲ့ သုံးစွဲသူတွေရဲ့အသံကို အမြဲနားထောင်လျက်ရှိတာကြောင့် အခုဆိုရင်သုံးစွဲသူတွေအတွက် အရိုးရှင်းဆုံးဒေတာအစီအစဉ်တွေကို မိတ်ဆက်ပေးလိုက်တဲ့အတွက် သုံးစွဲသူများအနေနဲ့ မိမိတို့၏လိုအပ်ချက်တွေပေါ်မှာ မူတည်ပြီးအကောင်းဆုံး ဒေတာအစီအစဉ်တွေကို အလွယ်တကူရွေးချယ်ဝယ်ယူနိုင်တော့မှာ ဖြစ်ပါတယ်။ အူရီဒူးသုံးစွဲသူများအနေနဲ့ "ဒေတာလိုက်ပွဲ"အစီအစဉ်ကိုသုံးပြီး အူရီဒူး၏အမြန်ဆန်းဆုံး 4Gကွန်ရက်ကို အတန်ဆုံးဈေးနှုန်းနဲ့ နှစ်ခြိုက်စွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ သုံးစွဲသူများအနေနဲ့ မြန်မာနိုင်ငံကဒေတာအစီအစဉ်တွေထဲမှာ သက်တမ်းအရှည်ဆုံးဒေတာအပို လက်ဆောင်ပါဝင်တဲ့ ဒေတာပမာဏများများကို ပိုမိုချိုသာတဲ့ဈေးနှုန်းနဲ့အသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားလိုက်သည်။

ယခုအခါ အူရီဒူးသုံးစွဲသူများအနေဖြင့် အွန်လိုင်းမှာပညာလေ့လာသင်ယူရန်၊ ရုပ်ရှင်များတိုက်ရိုက်ကြည့်ရှုနိုင်ရန်၊ တေးသီချင်းများနားဆင်ရန်၊ အွန်လိုင်းဂိမ်းများကစားနိုင်ရန်နှင့် ဗီဒီယိုဖြင့် ဖုန်းခေါ် ဆိုနိုင်ရန်အတွက် "ဒေတာလိုက်ပွဲ"အစီအစဉ်ဖြင့် အူရီဒူး၏ 4G Plusကွန်ရက်နှင့် ပျော်ရွှင်နှစ်ခြိုက်စွာ အင်တာနက်အသုံးပြုနိုင်မည်ဖြစ်ပြီး *140# ကို ခေါ် ဆိုပြီး ဒေတာလိုက်ပွဲအစီအစဉ်ကို ဝယ်ယူနိုင်ကြောင်းသိရသည်။ ကျော်ကျော်

# အွန်လိုင်းရှော့ပင်းတွင် တိကျမှန်ကန်စွာရောင်းဝယ်နိုင်ရန် မြန်မာ့စာတိုက်လုပ်ငန်းနှင့် ဇ ကုမ္ပဏီပူးပေါင်း

အွန်လိုင်းရှော့ပင်းတွင် မှန်ကန်တိကျစွာ ရောင်းဝယ်မှုများပြုလုပ်နိုင်ရန် မြန်မာ့စာတိုက်လုပ်ငန်းနှင့် Za Information Technology ကုမ္ပဏီတို့ပူးပေါင်း၍ marketplace .com.mm ဝက်ဘ်ဆိုက်ဖြင့် မတ်လ ၁ ရက်မှစပြီး ကြားဝင်၍ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်းမြန်မာ့စာတိုက်လုပ်ငန်းက ဖေဖော်ဝါရီ ၂၄ ရက်ရန် ကုန်ဗဟိုစာတိုက်ကြီး၌ ကျင်းပခဲ့သည့်ရှင်းလင်းပွဲမှသိရသည်။

ဝယ်ယူလိုသူအနေဖြင့် ဝက်ဘ်ဆိုက်ပေါ်တွင် ကြော်ငြာထားသော ရောင်းချသူ၏ ဖုန်းနံပါတ်ကိုတိုက်ရိုက်ခေါ် ဆို၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး မိုဘိုင်းလ်အပလီကေးရှင်းမှလည်း ရောင်းချသူထံတိုက်ရိုက်ခေါ် ဆို၍ဝယ်ယူနိုင်မည်ဖြစ်ကာ ပထမဦးဆုံး ဝယ်သူ၏ လိပ်စာအတိအကျကိုဖော်ပြပေးရမည်ဖြစ်ပြီး အလေးချိန်ကီလိုဂရမ် ၂၀ နှင့် အထူးဝန်ဆောင်မှုတွင် ကီလိုဂရမ် ၃၀ အထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး တားမြစ်ထားသည့်ပစ္စည်းများ၊ မြန်မာ့စာ တိုက်လုပ်ငန်းမှ တားမြစ်ထားသည့် ပစ္စည်းများ လက်ခံဆောင်ရွက်ပေး မည်မဟုတ်ကြောင်းသိရသည်။

ရောင်းချသောထုတ်ကုန်၊ သွင်းကုန်များနှင့်ပတ်သတ်၍ မှန်ကန်မှုရှိ စေရန်ရောင်းချသူများ၏ လုပ်ငန်းလိုင်စင်နှင့်သက်ဆိုင်သော စာရွက်စာတမ်းအထောက်အထားများကို မြန်မာ့စာတိုက်လုပ်ငန်းက စိစစ်၍ ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ဝယ်ယူစားသုံးသူများ နစ်နာမှုတစ်စုံတစ်ရာရှိခဲ့ပါက marketplace customer care တွင် အထောက်အထားခိုင်လုံ စွာဖြင့်တိုင်ကြားနိုင်ကြောင်း သိရသည်။

စားသုံးသူကာကွယ်ပေးရေး ဥပဒေအရ လိုက်နာဆောင်ရွက်မှုမရှိသည့် ရောင်းချသူများအား အရေးယူနိုင်မည်ဖြစ်ပြီး ရောင်းချသူများထံသို့ နောက်ယှက်ခြင်း၊ အကြိမ်ကြိမ်မှာယူပြီး ရွေးချယ်မှုမရနိုင်သည့် ဝယ်ယူသူများအားလိပ်စာနှင့်တကွ စိစစ်မှတ် တမ်းတင်ထားသည့်အတွက် ရောင်းချသူများထံတွင် ယင်းပုဂ္ဂိုလ်များနှင့်သက်ဆိုင်သော အသိပေးချက်များကိုလည်းဖော်ပြပေးထားမည်ဖြစ် သည်။

အဆိုပါဝက်ဘ်ဆိုက်တွင် ရောင်းချ လိုသူများအနေဖြင့် မှတ်ပုံတင်(မူရင်း၊ မိတ္တူ)၊ လုပ်ငန်းလိုင်စင်၊ သန်းခေါင်စာရင်း(မိတ္တူ)များလိုအပ်ပြီး စာတိုက်၌ ပို့ဆောင်ခွင့်မှတ်ပုံတင်ခြင်း၊ စည်ပင်လိုင်စင်၊ ကုမ္ပဏီလိုင်စင်အတွက် မှတ်ပုံတင်ကြေးကျပ် ၁၀,၀၀၀ နှင့် နှစ်စဉ်ကြေးကျပ် ၁၂,၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ရောင်းချ ခွင့်မှတ်ပုံတင်ခြင်းအတွက် စည်ပင် လိုင်စင်ကျပ် ၃၀၀၀၀၊ လစဉ်ကြေး ကျပ် ၅၀၀၀၊ ကုမ္ပဏီလိုင်စင်အတွက် ကျပ် ၅၀၀၀၀၊ လစဉ်ကြေးကျပ် ၁၀ ၀၀၀တို့ကို ပေးသွင်းရမည်ဖြစ်ကာရန်ကုန်ဗဟိုစာတိုက်ကြီး မြေညီထပ်ရှိ marketplace customer service counter ၌ မှတ်ပုံတင်ပြုလုပ် နိုင်မည်ဖြစ်ကာဖုန်းနံပတ် ၀၉ - ၂၅ ၃၀၂၇၀၀၁၂သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ ကျော်ကျော်၊ လှမျိုး

# မြန်မာ့စတုတ္ထမြောက် ဆက်သွယ်ရေး




MYTEL သည် Vittel Group, Star High နှင့် MNTH အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း အဆိုပါမိတ်ဖက်အဖွဲ့အစည်း ၃ ခုလုံးသည် MYTEL ဖွဲ့စည်းပုံတွင် အဓိကအခန်းဂဏ္ဍမှပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၈ ရက် နေ့လည် ၂ နာရီကအလုံပြဲဘုရားလမ်းရှိ Park Royal Hotel တွင်ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲမှသိရသည်။

MYTEL သည် မြန်မာနိုင်ငံသားများအနေဖြင့်မိမိတို့၏အနာဂတ်မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် အကူအညီပေးမည့်ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်လာစေရန်နှင့် MYTEL သည်စတင်လုပ်ဆောင်နေသော အဆင့်တွင်ဖြစ်သောကြောင့် တိုးတက်ပြောင်းလဲနေသော ကမ္ဘာ၏အရှိန်အဟုန်နှင့် လိုက်မီရန် အရင်းအမြစ်အသစ်များစွာကိုရယူနေကြောင်း ထို့ကြောင့် MYTEL သည်မြန်မာနိုင်ငံသားများ၏နေထိုင်မှုဘဝများကို မြှင့်တင်ပေးရင်းမြန်မာ့စီးပွားရေးကို တိုးတက်အောင်ကြံဆောင်ရာတွင် ပြည်သူလူထု၊ လူမှုအဖွဲ့အစည်းများ၊ မြန်မာ့လူအဖွဲ့အစည်းတို့နှင့်အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

MYTEl အမှတ်တံဆိပ်တွင် အဓိကအဓိပ္ပာယ်နှစ်ခုရှိကြောင်း ၁။ မြန်မာ့ဆက်သွယ်ရေးအတွက် ရပ်တည်သော MYTEL ၂။ ကျွန်ုပ်၏ဆက်သွယ်ရေးအတွက် ရပ်တည်သော MYTEL ဖြစ်ပြီး 'M' သည်မြန်မာ၏ သင်္ကေတနှင့် တောင်တန်းများကို ရည်ရွယ်ကြောင်း။ကျွန်ုပ်အား လုပ်ဆောင်နိုင်စွမ်းတိုးမြှင့်ပေးမည့် MYTEL နှင့် အတူရှိနေခြင်းဖြင့် ကျွန်ုပ်သည်စိန်ခေါ်မှုများကိုကျော်လွှားရာတွင် ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိမှု၊ မိမိ၏ရှေ့ဆက်ရမည့်လမ်းများကို လမ်းပြတ်သားစွာမြင်နိုင်မှုပြည့်စုံသောဘဝတွင်နေထိုင် မှုများကို ရယူနိုင်မည်ဖြစ်သည်။ 'M' သည်ပေါ်သို့ ထောင်နေသော မြှားဦးထိပ်နှစ်ခုကို အချင်းချင်းဆက်သွယ်ထားခြင်းဖြင့် ပုံဖော်ထားကြောင်း အပေါ်သို့သာတက်နေမှု၊ ဤအရာသည် စဉ်ဆက်မပြတ်တိုးတက်ရှေ့လျှားနေခြင်းကိုဆိုလိုကြောင်း MYTELသည် ကျွန်ုပ်အား ကျွန်ုပ်ဘဝ၏ နေရာတိုင်းတွင်ပိုမိုမြင့်မားသော အသစ်သစ်သော အဆင့်များစီသို့ ယူဆောင်သွားမည်ဖြစ်ပြီး လိမ္မော်ရောင် တောက်တောက်သည် နွေးထွေးမှု၊ ခိုင်မာသောဆက်ဆံရေးနှင့် အားထုတ်မှုစွမ်းအင်ကိုဖော်ပြကြောင်း ထုတ်ကုန်နှင့် ဈေးနှုန်းအစားကောင်းမွန်သော ဆက်ဆံရေးကို အားရုံစိုက်မှုကိုလည်းရောင်ပြန်ဟပ်စေကြောင်းသိရသည်။

MYTEL သည်မိုဘိုင်းဝန်ဆောင်မှုများကို ၂၀၁၈နှစ်ဦးပိုင်းတွင် စတင်ဖြန့်ဖြူးရန်စီစဉ်ခဲ့ပြီး BTS တည်နေရာ

# အူရီဒူးမှ Viber Channel ဖြင့် ဒီဂျစ်တ

အူရီဒူးမြန်မာသည် Viber ဖြင့် သုံးစွဲသူများအားပံ့ပိုးပေးနိုင်မည့်နည်းလမ်းကို မိတ်ဆက်ပေးလိုက်သည့် ပထမဦးဆုံးဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်ပြီး အူရီဒူးသုံးစွဲသူများအားလုံးသည် အူရီဒူး၏ဝန်ဆောင်မှုများအတွက် သိလိုသည်များကို စုံစမ်းမေးမြန်းမှုများပြုလုပ်နိုင်ရန် Viber မှတစ်ဆင့်အူရီဒူးမြန်မာချန်ပီယံများနှင့် အပြန်အလှန်ဆက်သွယ်ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၃ရက်ထုတ်ပြန်ချက်အရ သိရသည်။

Viberသည် မြန်မာပြည်သူလူထုအကြား ကျော်ကြားသည့် ဒီဂျစ်တယ်ဆက်သွယ်ရေးလမ်းကြောင်းများထဲမှတစ်ခုဖြစ်ပြီး ယခင်ကအူရီဒူး၏ Viber Piblic Accountကို သုံးစွဲသူများအား ဝန်ဆောင်မှုများ၊ ပရိုမိုးရှင်းများနှင့်ပတ်သက်၍ အသိပညာပေးရန်အတွက် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုတည်းဖြင့်သာ အသုံးပြုခဲ့သည်။ အူရီဒူးသုံးစွဲသူများအားလုံးအနေဖြင့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်မှ စတင်ပြီးအခုလိုင်းလမ်းကြောင်းကို သုံးစွဲသူဝန်ဆောင်မှုအဖွဲ့နှင့် အပြန်အလှန်ဆက်သွယ်နိုင်ရန်အတွက် အသုံးပြုနိုင်ပြီဖြစ်ပြီး သုံးစွဲသူများအနေဖြင့် အူရီဒူးမြန်မာ Viber Pageကို Followလုပ်ထားရန်သာလိုပြီး ၎င်းတို့အနေဖြင့် အူရီဒူးသုံးစွဲသူဝန်ဆောင်မှုဌာနမှ ချန်ပီယံများနှင့် ၂၄နာရီ ၇ရက်ပတ်လုံးအခမဲ့ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် ၎င်း၏ဝန်ဆောင်မှုကိုရယူထားသူများအား သုံးစွဲသူဝန်ဆောင်မှုအဖွဲ့နှင့် အပြန်အလှန်ဆက်သွယ်နိုင်ရန်အတွက် ယခုကဲ့သို့ဆန်းသစ်သည့် ဒီဂျစ်တယ်လမ်းကြောင်းသစ်ကို ဖန်တီးပေးနိုင်သည့် ပထမဦးဆုံးအော်ပရေတာဖြစ်သည့်အတွက် ဂုဏ်ယူကြောင်း ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့သုံးစွဲသူတွေအတွက် Facebook, My Ooredoo အက်ပလီကေးရှင်း၊ အူရီဒူးဝက်ဘ်ဆိုက် Live Chatတွေမှာသာမကယခုအခါ Viberမှာပါ ဝန်ဆောင်မှုပေးဖို့ အသင့်ရှိနေအောင်ပြုလုပ်ပေးထားနိုင်တဲ့အတွက် ဂုဏ်ယူပါတယ်။ သုံးစွဲသူတွေကကျွန်တော်တို့ရဲ့ အသင့်ရှိနေအောင်ပြုလုပ် ပေးထားနိုင်တဲ့အတွက်ဂုဏ်ယူပါတယ်။ သုံးစွဲသူတွေက ကျွန်တော်တို့ရဲ့ဒစ်ဂျစ်တယ်သုံးစွဲသူဝန်ဆောင်မှုလမ်းကြောင်းတွေအားလုံးကနေပြီး ကျွန်တော်တို့ကို ၂၄နာရီ ၇ရက်အခမဲ့ဆက်သွယ်လို့ရပါတယ်။ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ ဒီဂျစ်တယ်ဝန်ဆောင်မှုနဲ့ အတွေ့အကြုံကောင်းကို ယူဆောင်လာပေးနိုင်ဖို့အတွက် ဝန်ဆောင်မှုပုံစံတွေကို ပြောင်းလဲပေးဖို့ အမြဲပထမဦးဆုံးပေးအပ်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု Chief Customer Experience and Service Operations Officerဖြစ်သူ Mr.Ph- ilip Josephက ပြောကြားသည်။ ကျော်ကျော်

# အော်ပရေတာ MYTEL အကြောင်း




၇၂၀၀၊ ဖိုင်ဘာ ၃၃၀၀၀ ကီလိုမီတာနှင့်မိုခရိုဝေ့လမ်းကြောင်း ၄၀၈၂ ခုကို ၂၀၁၇ တွင်တည်ဆောက်ခဲ့ပြီးမြန်မာနိုင်ငံသားများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကိုတိုးမြှင့်ပေးရန်၊ ကျွန်တော်တို့၏ရည်မှန်းချက်သည်နိုင်ငံသားများ၏လုပ်ကိုင်နိုင်စွမ်း ကျွမ်းကျင်မှုကိုမြှင့်တင်ရန်၊ လူတိုင်းတက်နိုင်ပြီးအများပိုင်ဝန်ဆောင်မှုများနှင့် သတင်းအချက်အလတ်များကို ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်ရန် အရည်အသွေးကောင်းမွန်သော နည်းပညာဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦးများကိုထောက်ပံ့ပေးခြင်းဖြင့် ဆန်းသစ်တီထွင်သောနည်းလမ်းကောင်းများကိုရှာဖွေရန်၊ မဆုံးနိုင်သော အနာဂတ်နည်းပညာများကိုထောက်ပံ့ပေးခြင်းဖြင့် ဆန်းသစ်တီထွင်သောနည်းလမ်းကောင်းများကိုရှာဖွေရန်၊ မဆုံးနိုင်သောအနာဂတ်နည်းပညာများကို ရှာဖေခြင်းနှင့် ကမ္ဘာ့အနံ့ချိတ်ဆက်နိုင်ရန်သတ်မှတ်ချက်များကို ကျော်လွန်အောင်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

အလွန်သာလွန်သော နည်းပညာထုတ်ကုန်များနှင့်ဝန်ဆောင်မှုများမှတဆင့် မြန်မာလူမျိုးတို့၏ ဘဝကိုတိုးတက်စေရန်ဖြစ်ပြီး အမှန်တစ်ကယ်ဆောင်ရွက်ပေးနိုင်သောသူများမှတစ်ဆင့် ပြောင်မြောက်သောဝန်ဆောင်မှုများဖြန့်ဖြူးခြင်းကိုအာရုံစိုက်ခြင်းအားဖြင့် လူတိုင်းအတွက်တက်နိုင်သော အမှန်တစ်ကယ်ဆန်းသစ်မှုသောတယ်လီကွန်တစ်ခုဖြစ်လာစေရန် ရည်မှန်းထားသည်။ MYTEL အဓိကကျသောတန်ဖိုး-မိသာစုတန်ဖိုး-ဂရုစိုက်မှု-ဆန်းသစ်တီထွင်မှု-ဖော်ရွေမှု-စေတနာကောင်းမှု-ကြင်နာမှု-ထောက်ထားညှာတာမှု-သစ္စာရှိမှုတို့ဖြစ်ပြီးနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန် ကျောင်းများ၊ ဆေးရုံများ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများနှင့်အစိုးရအဖွဲ့အစည်း၏ရုံးများတွင် အခမဲ့အင်တာနက်ဝန်ဆောင်မှုတပ်ဆင်ပေးခြင်းများဆောင်ရွက်သွားမည်ဖြစ်သည်။

MYTEL သည် ၂၀၁၆ ဇန်နဝါရီတွင်ဆက်သွယ်ရေးလိုင်စင်ရရှိခဲ့ပြီး နိုင်ငံအနှံ့လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ၁၅ နှစ်လိုင်စင်နှင့်ဆက်သွယ်ရေးလိုင်းစဉ်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိထားကြောင်း မြန်မာ့ဆက်သွယ်ရေးနှင့် အိုင်တီနည်းပညာနယ်ပယ်တွင်အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပြီးမြန်မာနိုင်ငံသားပိုင်ရှယ်ယာ ၅၁% နှင့်ဗီယက်နမ်ရှယ်ယာ ၄၉ % ပိုင်ဆိုင်ကြောင်းအသံခေါ်ဆိုမှု မြန်မာလူဦးရေ၏ ၇၈ %(မြို့ပြ ၉၆%၊ ကျေးလတ် ၈၈%)နှင့် ဒေတာမြန်မာလူဦးရေ၏ ၇၈% (မြို့ပြ ၉၆%၊ ကျေးလတ် ၆၆%)များကိုကွန်ရက်လွှမ်းခြုံထားကြောင်းကုမ္ပဏီတစ်ခုလုံးတွင် ဝန်ထမ်း ၁၀၄၆ ဦးရှိကြောင်း တိုင်းနှင့်ပြည်နယ် ၁၅ ခုတွင်ရုံးခွဲပေါင်း ၁၈ ခုရှိကြောင်းသိရသည်။ ကျော်ကျော်

# နိုင်ငံတစ်ဝန်း နွေရာသီဒစ်ဂျစ်တယ် နည်းပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် တယ်လီနောနှင့် KMD တို့ လက်မှတ်ရေးထိုး




ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအစိုးရ၏ လုပ်ဆောင်ချက်များအား ပါဝင်ကူညီရန်ရည်ရွယ်ကာတယ်လီနောမှ ဦးဆောင်ပြီး ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်ကူညီမှုဖြင့် နွေရာသီဒစ်ဂျစ်တယ်သင်တန်းများကို နိုင်ငံတစ်ဝှမ်းတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။ ယခုလာမည့် နွေရာသီကာလတွင် ဖွင့်လှစ်မည့် နွေရာသီနည်းပညာသင်တန်းများ စတင်နိုင်ရန် တယ်လီနောနှင့်သင်တန်းများအကောင်အထည်ဖော်ဆောင်ရွက်မည့် KMD တို့အကြား သဘောတူလက်မှတ်ရေးထိုးမှုကို ဖေဖော်ဝါရီလ ၂၃ရက်က ပြုလုပ်ခဲ့ပြီးတယ်လီနော၏ ကော်ပိုရိတ်ရေးရာအရာရှိချုပ် ဂူနာဘာတယ်လ်ဆန်နှင့် KMD ၏ ဒါရိုက်တာ ဦးဘိုဘိုလွင်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

“အနာဂတ်မှာ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖော်ဆောင်နိုင်ဖို့ဆိုရင်ခိုင်မာတဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေတတ်မြောက်ဖို့နဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုတွေကို အခြေခံကောင်းတွေအဖြစ်ပိုင်ဆိုင်ဖို့ လိုအပ်တယ်လို့ကျွန်တော်တို့ တယ်လီနောကယုံကြည်ပါကြောင်း၊ နိုင်ငံရဲ့မျိုးဆက်သစ်တွေအနေနဲ့ နည်းပညာပိုင်းဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်း အပြည့်ရှိနေဖို့လိုအပ်ကြောင်း၊ ကျွန်တော်တို့ရဲ့မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ နိုင်ငံရဲ့မျိုးဆက်သစ်ကျောင်းသားကျောင်းသူတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်သွားနိုင်မယ့် အရည်အချင်းတွေရရှိလာနိုင်ဖို့ တယ်လီနောက အားပေးကူညီလျက်ရှိကြောင်း၊ ဒီစီမံကိန်းဟာ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု ကွာဟချက်ကို လျော့ချသွားနိုင်ဖို့နဲ့ နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ မတူညီတဲ့လူ့အဖွဲ့အစည်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အမီလိုက်နိုင်ဖို့ တစ်ဖက်တစ်လမ်းကနေ အားပေးကူညီသွားနိုင်မှာလည်း ဖြစ်ကြောင်း၊ တယ်လီနော၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ တာဝန်ခံဦးမင်းသူကပြောကြားသည်။

အဆိုပါနွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများသည် ကျေးလက်နှင့်မြို့ပြအကြား ကွာခြားမှုရှိနေသည့်ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှုကို ပေါင်းကူးပေးနိုင်စေရန် ရည်ရွယ်လုပ်ဆောင်နေသည့်တယ်လီနောမြန်မာ၏ လူထုအကျိုးပြုစီမံကိန်းလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်မည့်ကျောင်းသားကျောင်းသူများကို ကွန်ပျူတာအခြေခံနှင့် အင်တာနက်အား ဘေးကင်းစွာမည်သို့အသုံးပြုရမည်ဟူသော အချက်များနှင့် ပတ်သက်၍ လက်တွေ့သင်တန်းများ သင်ကြားပေးသွားမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ KMD ကွန်ပျူတာလေ့ကျင့်ရေးစင်တာများတွင် ဖွင့်လှစ်သွားမည့် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းသားကျောင်းသူ ၂၅,၀၀၀ခန့်ကို နည်းပညာသင်တန်းများ သင်ကြားပေးသွားမည်ဖြစ်သည်။ ယခုစီမံကိန်းအတွက် Ericsson, Irrawaddy Green Towers နှင့် Myanmar ICT for Development Organization တို့က ပူးပေါင်းပါဝင်ထောက်ပံ့ပေးထားသည်။

ဤစီမံကိန်း မစတင်မီ ပြီးခဲ့သည့်နှစ် မေလတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် တယ်လီနောက နွေရာသီဒစ်ဂျစ်တယ်နည်းပညာသင်တန်းများကို ရှေ့ပြေးစီမံချက်အနေဖြင့် စတင်ခဲ့ရာ ကျောင်းသားဦးရေ ၁၂၀ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါစီမံချက်နှင့် ပတ်သက်ပြီး ကျောင်းသားကျောင်းသူလူငယ်များ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတိုးတက်လာစေသည့်အပြင် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ ထောက်ပံ့ပေးနိုင်ခဲ့သည်ဟု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ပေါင်းရှိုးက မှတ်ချက်ပေးကာကြိုဆိုထောက်ခံခဲ့ကြောင်း သိရသည်။ ကျော်ကျော်

# ...ယ်သုံးစွဲသူဝန်ဆောင်မှုကို စတင်ပေးအပ်နိုင်




# ချင်းအမျိုးသားနေ့အထိမ်းအမှတ် ဟားခါးမြို့၌ တယ်လီနော 4G ဝန်ဆောင်မှုစတင်

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်ခဲ့သည့် နှစ် ၇၀ မြောက်ချင်းအမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ချင်းပြည်နယ်၏ မြို့တော်ဟားခါးမြို့တွင် 4G ဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့ကြောင်းသတင်းထုတ်ပြန်ချက်အရသိရသည်။

“ကျွန်တော်တို့အနေနဲ့ အခုလို မင်္ဂလာရှိတဲ့အခါသမယမှာ ချင်းပြည်နယ်မှာ နေထိုင်တဲ့သူတွေအတွက်ထူးခြားကောင်းမွန်တဲ့ 4G ဝန်ဆောင်မှုတွေကို စတင်ပေးအပ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်းချင်းလူမျိုးတွေက နိုင်ငံတစ်ဝန်းမှာနေထိုင်ကြရုံသာမကအခြားနိုင်ငံရပ်ခြားတွေမှာလည်း သွားရောက်နေထိုင်ကြသူတွေရှိကြောင်း၊ ကျွန်တော်တို့ပေးအပ်တဲ့ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကြောင့် သူတို့တွေဘယ်ဒေသကိုပဲရောက်ရောက်အချင်းချင်း ချိတ်ဆက်နိုင်မှာဖြစ်သလိုဆက်သွယ်ရေး အဆင်ပြေချောမွေ့နေမှာဖြစ်သလိုဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း အထူးသဖြင့်ဝေးလံခေါင်သီပြီး ပထဝီဝင်အနေအထားအရအခက်အခဲရှိတဲ့ဒေသတွေမှာ ပိုမိုကောင်းမွန်တဲ့ဆက်သွယ်ရေးဝန်ဆောင်မှုတွေရရှိနိုင်ပါမှ အဲဒီဒေသတွင်းနေထိုင်သူတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်မှုကို ကူညီပေးနိုင်မယ်လို့တယ်လီနောကယုံကြည်ထားကြောင်း လက်ရှိမှာချင်းပြည်နယ်ရဲ့မြို့နယ် ၉ ခုစလုံးမှာ 2G နဲ့ 3G ဝန်ဆောင်မှုရရှိပြီးသားဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်းမှာပဲ 4G ဝန်ဆောင်မှုကိုလည်းပြည်နယ်အတွင်းက အခြားမြို့တွေ အထိဖြန့်ကျက်နိုင်အောင်ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong ကပြောကြားသည်။

ဆတောတောင်ထူထပ်သောဒေသဖြစ်သည့် အလျောက်ချင်းပြည်နယ်တွင် ကွန်ရက်ဖြန့်ကျက်ရေးကြိုးပမ်းရာ၌ စိန်ခေါ်မှုများစွာကို တွေ့ရှိခဲ့ရပြီး အထူးသဖြင့် မိုးရာသီကာလတွင်ပိုမိုခက်ခဲမှုများတွေ့ရှိ ခဲ့သည်။

တယ်လီနောသည် လက်ရှိတွင်ဆက်သွယ်ရေးတာဝါတိုင်ပေါင်း ၈၀၀၀ နီးပါးပိုင်ဆိုင်ထားပြီးမြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အလျင်မြန်ဆုံးကျယ်ပြန့်လာနေသည့် ဒေတာကွန်ရက်မှတဆင့် နိုင်ငံတစ်ဝန်းရှိသုံးစွဲသူပေါင်း ၁၉ သန်းကျော်ကိုဝန်ဆောင်မှုများပေးအပ်လျက်ရှိကြောင်း တယ်လီနော၏ အထူးကောင်းမွန်သော 4G ကွန်ရက်ကို လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိမြို့ကြီးများနှင့် မြို့နယ်ပေါင်း ၁၃၀ နီးပါးတွင် အသုံးပြုနိုင်ပြီဖြစ်ပြီး တယ်လီနောသည် 4G လိုင်းနှုန်းစဉ်အသုံးပြုမှုနှစ်ဆတိုးမြှင့်ရန်အတွက် ၁၈၀၀ Mhz လိုင်းနှုန်းစဉ်၏ ၂× ၁၀ Mhz ကိုထပ်ဆောင်းရယူရန် အမေရိကန်ဒေါ်လာသန်း ၈၀ ကို ၂၀၁၇ ခုနှစ်ဒီဇင်ဘာလက ထပ်မံရင်းနှီးမြှုပ်နှံခဲ့ပြီး ဖြစ်ကြောင်းသိရသည်။ ကျော်ကျော်

# ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ















၂၀၁၈ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို မတ်လ(၁)ရက်နေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များကငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်အပူဇော်ခံယူတော်မူမည့် နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ၊ ရွှေကျင်သာသနာပိုင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အမှတ်(၉)ရပ်ကွက် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတကသမ္မောဒနီယ ဩဝါဒ ကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကိုလျှောက်ထားသည်။

ထို့နောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကိုဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိဇ္ဇောတအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ အိုးဘိုရပ်ကွက်ရွှေတောင်ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသောဘနအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ဒုတိယသမ္မတဦးမြင့်ဆွေက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက်မဟာသီဟနာဒကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်ပူဇော်သည်။

» စာ- ၂၀









### မြင်ပယာဉ်မောင်းနှင့် ယာဉ်မြင်သင်တန်းများဖွင့်

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် ပြင်ပယာဉ်မောင်းသင်တန်းကို သင်ကြားလေ့ကျင့်ရေးနှင့် ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလထိ အကြိမ် (၂၂၆)ကြိမ် ဖွင့်လှစ်သင်ကြားခဲ့ပြီး၊ သင်တန်းသား (၂၄၉၅၉) ဦးတက်ရောက်ခဲ့ကြောင်း၊ ပြင်ပယာဉ်ပြင်သင်တန်းကို သင်ကြားလေ့ကျင့်ရေးနှစ် ၁၉၉၃ခုနှစ် ဖေဖော်ဝါရီမှ ၂၀၁၇ခုနှစ် ဒီဇင်ဘာလထိ အကြိမ် (၁၀၄) ကြိမ် ဖွင့်လှစ်သင်ကြားကြောင်း၊ သင်တန်းသား (၂၂၃၁) ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းများတွင် စာတွေ့၊ လက်တွေ့မောင်းနှင်လေ့ကျင့်ကြရပြီး (၂၀၁၁-၂၀၁၂) ခုနှစ်က နယ်သာလန်နိုင်ငံမှ ဝယ်ယူထားသည့် Driving Simulator (Jenting-50) ဖြင့် လက်တွေ့လေ့ကျင့်မောင်းနှင်ရကြောင်း သိရသည်။

### မြင်ပယာဉ်ကြီးမောင်းသင်တန်း

ပြင်ပယာဉ်ကြီးမောင်းသင်တန်းကို ၂၀၁၆- ၂၀၁၇ ခုနှစ် သင်ကြားလေ့ကျင့်ရေးနှစ်မှစ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်း (CBTA)အတွက် ယာဉ်ကြီးမောင်း (၁၈ဘီး/၂၂ဘီး) သင်တန်းများဖွင့်လှစ်၍ ကျွမ်းကျင်ယာဉ်မောင်းများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာသင်ကြားလေ့ကျင့်ရေးနှစ် ၂၀၁၆- ၂၀၁၇ခုနှစ်တွင် သင်တန်း (၆) ကြိမ်ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်းသား (၂၉၆)ဦးတက်ရောက်ခဲ့ကြောင်း၊ သင်ကြားလေ့ကျင့်ရေးနှစ် ၂၀၁၇- ၂၀၁၈ခုနှစ်တွင် သင်တန်း (၉)ကြိမ် ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်းသား (၅၄၇)ဦး တက်ရောက်ခဲ့ကြောင်း၊ သင်ကြားလေ့ကျင့်ရေးနှစ် ၂၀၁၈- ၂၀၁၉ ခုနှစ်အတွက် သင်တန်း (၁)ကြိမ်ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်းသား (၈၀)ဦးတက်ရောက်ခဲ့ကြောင်း၊ သင် တန်းဆင်းပြီးနောက် စောင့်ကြည့်လေ့လာမှုများပြုလုပ်ခဲ့ရာ သင်တန်းသား များအနေဖြင့် ယာဉ်မတော်တဆမှုများမရှိကြောင်းသိရသည်။

### တစ်နေ့တာသင်တန်းအချိန်ဇယား

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် သင်တန်းသားများသည် နံနက် (၅)နာရီတွင် အိပ်ယာမှထကြရပြီး၊ နံနက် ၅နာရီခွဲမှ ၆နာရီခွဲထိ နံနက်

စာ- ၂၀



# ရန်ကုန်ဘူတာကြီးဘက်စုံစီမံကိန်းအား မြန်မာအပါအဝင် သုံးနိုင်ငံ ပူးပေါင်းထားသည့်အဖွဲ့ကို ပဏာမရွေးချယ်ထား

ရန်ကုန်ဘူတာကြီးပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် မြန်မာ၊ စင်ကာပူ၊ တရုတ်လုပ်ငန်းစုတို့ ပူးပေါင်းထားသည့်အဖွဲ့အား ပဏာမရွေးချယ်ထားကြောင်း၊ ဖေဖော်ဝါရီ ၂၀ရက်က မြန်မာ့မီးရထား (အောက်မြန်မာပြည်)ရုံးတွင်ပြုလုပ်သော "ရန်ကုန်မြို့ပတ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား တင်ပြခြင်း"အခမ်းအနားတွင် မြန်မာ့မီးရထား (အောက်မြန်မာပြည်)အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းကပြောကြားသည်။

စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် Oxly Holdings Limited ၏ ဖေဖော်ဝါရီ ၁၄ရက်ထုတ်ပြန်ထားချက်အရ ယင်းစီမံကိန်း၌ မြန်မာနိုင်ငံမှ မင်းဓမ္မကုမ္ပဏီနှင့် တရုတ်နိုင်ငံမှ Sino Great Wall Co.Ltd တို့ပါဝင်ကြောင်း သိရသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်မည့် ကုမ္ပဏီအနေဖြင့် စီမံကိန်းမြေနေရာအသုံးပြုခအဖြစ် တစ်နှစ်လျှင်တစ်ဧက ဒေါ်လာသုံးသန်းပေးရမည်ဖြစ်ကြောင်း၊ အသုံးပြုတဲ့တစ်ဧကကို အမေရိကန်ဒေါ်လာအနည်းဆုံး သုံးသန်းပေးရမယ်ဆိုပြီး သတ်မှတ်ထားတယ်။ ဒ့ါအပြင်ကုမ္ပဏီက စီးပွားရေးနဲ့ဆိုင်တဲ့လုပ်ငန်းမြေနေရာ အသုံးချမှုအတွက်တစ်စတုရန်းပေအတွက် အမေရိကန်ဒေါ်လာ ၁၈ကျပ်သတ်မှတ်ထားကြောင်း၊ ရန်ကုန်ဘူတာကြီးဘက်စုံစီမံကိန်းသည် မြေဧရိယာ ၂၅ဒသမ ၇ဟက်တာ (၆၃ဒသမ ၅ ဧက)၊ စတုရန်းမီတာ ၁ဒသမ ဝ၉သန်းကျယ်ဝန်းပြီး မြန်မာ့မီးရထားမှ စီမံကိန်းကုန်ကျမှုခန့်မှန်းတွက်ချက်ရာတွင် ဒေါ်လာ နှစ်ဘီလျံမှ ၂ဒသမ ၅ဘီလျံဝန်းကျင် တန်ဖိုးရှိမည်ဟု မျှော်မှန်းထားသည်။

လုပ်ကိုင်ခွင့်ရကုမ္ပဏီအနေဖြင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုပြီးပါကနှစ် ၅၀လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းလုပ်ဆောင်ချက်များအနေဖြင့် လက်ရှိရန်ကုန်ဘူတာကြီးအဆောက်အအုံ ဗိသုကာလက်ရာအမွေအနှစ်များကို ရှေးမူမပျက်ထိန်းသိမ်းရန်၊ ခေတ်မီဘူတာ၊ စီးပွားရေးဆိုင်ရာအဆောက်အအုံ၊ ရုံးခန်းများ၊ ဆေးရုံများ၊ ဟိုတယ်များ၊ လူနေအိမ်များ ပါဝင်ပြီး တည်ဆောက်ရေးကာလမှာ ရှစ်နှစ်ခန့်ကြာမြင့်နိုင်ကြောင်း အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားသည်။

ရန်ကုန်ဘူတာကြီး ဘက်စုံစီမံကိန်းဆောင်ရွက်ရန် ၂၀၁၄ခုနှစ်တွင် စတင်တင်ဒါခေါ်ယူခြင်းဖြစ်ပြီး ၂၀၁၅ခုနှစ်တွင် ယင်းတင်ဒါကိုပယ်ဖျက်ခဲ့သည်။ ၂၀၁၅ခုနှစ် နှစ်လယ်ပိုင်းတွင် ဒုတိယအကြိမ်တင်ဒါခေါ်ယူခဲ့ပြီး လုပ်ငန်းအစုအဖွဲ့ပေါင်း ၁၈ခုက စိတ်ဝင်စားမှုဖော်ပြလွှာများ တင်သွင်းခဲ့ပြီး ယင်းတို့အနက် လုပ်ငန်း ၁၅ခုကို ပဏာမရွေးချယ်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်း ၁၅ခုတွင် မြန်မာနိုင်ငံရှိ ထင်ရှားသည့်ကုမ္ပဏီများဖြစ်သော FMI Group Myint & Associates ရွှေတောင်ကုမ္ပဏီအုပ်စု၊ Capital Diamond Star အုပ်စု၊ မင်းဓမ္မကုမ္ပဏီအုပ်စုတို့ပါဝင်ခဲ့ပြီး စင်ကာပူ Oxley Holdings Limited ၊ မြန်မာမင်းဓမ္မကုမ္ပဏီ၊ တရုတ် Sino Great Wall Co.Ltd တို့ပူးပေါင်းထားသည့်အဖွဲ့တင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။



ရန်ကုန်ဘူတာကြီး ဘက်စုံစီမံကိန်းသည် မင်္ဂလာတောင်ညွန့်မြို့နယ်တွင်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဆူးလေဘုရားလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ အောင်ဆန်းကွင်းစသည့်အချက်အချာနေရာများအနီးတွင် တည်ရှိကြောင်း သိရသည်။

ကျော်ကျော်

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း



ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ စီမံကိန်းကာလအတွင်း ခရီးသွားလာမှုအဆင့်မပြေခြင်းများရှိပါက နားလည်ပေးရန်နှင့် မြို့ပတ်ရထားလမ်းပိုင်း၏ အနောက်ဘက်ကို စတင်ပြင်ဆင်မည်ဖြစ်ပြီး လမ်းပိုင်းပြင်ဆင်ခြင်းလုပ်ငန်းများကို အောဝမ်းကုမ္ပဏီကလုပ်ကိုင်ခွင့်ရရှိထားကြောင်းကို မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားခဲ့သည်။

"လမ်းပိုင်းပြင်ဆင်နေစဉ် ကာလအတွင်းခရီးသည်တွေ အခက်အခဲမရှိရအောင် အတတ်နိုင်ဆုံးဆောင်ရွက်မှာပါ။ လိုအပ်ချက်တွေရှိခဲ့ရင်လည်း စောင့်ကြည့်ပြီးလိုအပ်သလို ဆောင်ရွက်ပေးသွားမယ်" ဟု ၎င်းကပြောသည်။

ထို့အပြင် မြို့ပတ်ရထားများနှင့် ယင်းလမ်းပိုင်းနှင့် ချိတ်ဆက်ထားသော အဝေးပြေးရထား ခရီးစဉ်များကို အချိန်အနည်းငယ်ပြောင်းလဲထားသည်ဟု မြန်မာ့မီးရထား၊ သွား/လာရေးဌာန အထွေထွေမန်နေဂျာ ဦးကျော်မျိုးကပြောသည်။

"အချိန်အနည်းငယ်ပြောင်းလဲထားပေမယ့် ပြေးဆွဲမယ့်ရထားအခေါက်အရေနဲ့ စီးနင်းမယ့်ခရီးသည်အရေအတွက် လျော့ကျမသွားရအောင် ကျွန်တော်တို့ကြိုးစားထားတယ်" ဟု ၎င်းကပြောသည်။

မြို့ပတ်ရထားလမ်းပိုင်း ပထမအဆင့်ပြင်ဆင်မှုအဖြစ် အင်းစိန်ဘူတာမှ တညင်းကုန်းဘူတာအထိကို စတင်မည်ဖြစ်ပြီး မေလ ၃၁ ရက်တွင် ပြီးဆုံးမည်ဖြစ်ကာ မိုးတွင်းကာလ၌ ခေတ္တရပ်နားပြီး အောက်တိုဘာ ၁၁ ရက်ကစ၍ စီမံကိန်းလုပ်ငန်းများပြန်လည်စတင်မည်ဖြစ်ကာ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကြောင့် ရွှေပြည်သာမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်သို့ ပြေးဆွဲသည့်ခရီးစဉ်ကို ယာယီရပ်ဆိုင်းမည်ဖြစ်ပြီး ယင်းရထားစီးနင်းရန် လပေးလက်မှတ်ဝယ်ယူထားသူများကို တစ်လစာပြန်လည်ထုတ်ပေးမည်ဟု မြန်မာမီးရထားတိုင်း အမှတ် (၇)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၁၉၅၈ တွင် ဖောက်လုပ်ခဲ့သည့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းသည် နှစ် ၆၀ ခန့်ရှိပြီဖြစ်သော်လည်း လမ်းပိုင်းအကြီးစားပြုပြင်ခြင်းလုပ်ငန်းကို ယခုမှသာပြုလုပ်နိုင်ခဲ့ပြီး အဆိုပါ လမ်းပိုင်းကို ဂျပန်အစိုးရချေးငွေကန်ဒေါ်လာ ၂၀၆ သန်းကျော်နှင့် နိုင်ငံတော်ဘတ်ဂျက်ကန်ဒေါ်လာ ၉၄ သန်းကျော်ဖြင့် အဆင့်မြှင့်တင်မည်ဟု မြန်မာ့မီးရထားမှသတင်းထုတ်ပြန်ထားသည်။

လက်ရှိမြို့ပတ်ရထားလမ်းပိုင်းသည် ၂၉ မိုင်ခန့်ရှည်လျားပြီး မြို့တစ်မြို့ပတ်ခုတ်မောင်းချိန် ၂ နာရီ မိနစ် ၅၀ ခန့်ကြာမြင့်ရာမှ ယင်းစီမံကိန်းပြီးစီးပါက ၁ နာရီ မိနစ် ၅၀ ခန့်သာကြာမည်ဖြစ်ပြီး ထို့အပြင် မြို့ပတ်ရထားစီးသူဦးရေသည် လက်ရှိတွင် တစ်ရက်လျှင် ကိုးသောင်းခန့်ရှိရာမှ စီမီကိန်းပြီးစီးပါက တစ်ရက်လျှင် သုံးသိန်းခန့်ရှိလာနိုင်မည်ဖြစ်ပြီး မြို့ပတ်ရထားလမ်းပိုင်းတစ်ခုလုံး အဆင့်မြှင့်ခြင်းလုပ်ငန်းကို ၂၀၁၉ နှစ်ကုန် အပြီးဆောင်ရွက်ရန် မြန်မာ့မီးရထားမှ မျှော်မှန်းထားကြောင်းသိရသည်။

T.Z

# ရန်ကုန်ဘူတာကြီးဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတွင် ဒေါ်လာ ၂ဒသမ ၅ဘီလျံ ရင်းနှီးမြှုပ်နှံမည်

ရန်ကုန်ဘူတာကြီးဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတွင် ဒေါ်လာ ၂ဒသမ ၅ဘီလျံ ရင်းနှီးမြှုပ်နှံကာ ပြည်တွင်းအလုပ်အကိုင်ပေါင်း တစ်သိန်းခန့်ဖန်တီးပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းတည်ဆောက်မှု ရှစ်နှစ်ကြာမြင့်မည်ဖြစ်ကြောင်း ယင်းစီမံကိန်းအား ဦးစားပေးညှိနှိုင်းမှုပြုလုပ်ရန် ရွေးချယ်ခံခဲ့ရသည့် Central Transport Development Consortium (CTDC) ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းစီမံကိန်းမှ လက်ရှိအစိုးရလက်ထက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါဝင်သည့် အကြီးဆုံးသောအကျိုးတူပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဖြစ်လာပြီး ရန်ကုန်မြို့ပြ အငြိရပ်အတွက်ထပ်တိုးလာမည့်ဂုဏ်ယူဖွယ်အထင်ကရနေရာတစ်ခုဖြစ်လာမည်ဖြစ်ကာ စီမံကိန်းတည်ဆောက်နေစဉ်အတွင်း ပြည်တွင်းအလုပ်အကိုင်တစ်သိန်းခန့်ကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းပြီးစီးပါက မြန်မာပြည်၏ ပထမဦးဆုံး TOD (Transit-orented Development) အများပြည်သူသွားလာရေး အခြေပြုတည်ဆောက်မှုစီမံကိန်းဖြစ်လာမည်ဖြစ်သည်။

ကုမ္ပဏီသုံးခုပေါင်းစပ်ဖွဲ့စည်းထားပြီး ယင်း Consortium တွင် မြန်မာနိုင်ငံမှ မင်းဓမ္မကုမ္ပဏီက အစုရှယ်ယာရာခိုင်နှုန်း ၄၀ပိုင်ထားကာ ကျန်ရှယ်ယာ ၆၀ရာခိုင်နှုန်းကို စင်ကာပူအခြေစိုက် Oxley Holdings ကုမ္ပဏီနှင့် တရုတ်အခြေစိုက် Sino Great Wall ကုမ္ပဏီတို့ ၃၀ရာခိုင်နှုန်းစီ ပိုင်ဆိုင်ပြီး၊ မင်းဓမ္မကုမ္ပဏီသည် မုတ္တမပဟိုးလ်ဒင်း၏ လက်အောက်ခံကုမ္ပဏီခွဲ ၂၃ခုအနက် တစ်ခုဖြစ်ကြောင်း၊ CTDC ကို ရန်ကုန်မြို့လယ်ခေါင်အချက်အချာနေရာရှိ ၂၅ဒသမ ၇ဟက်တာ (၆၃ဒသမ ၅ဧက) ကျယ်ဝန်းသည့် ရန်ကုန်မီးရထားဘူတာရုံဧရိယာတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကျေနပ်ဖွယ်ရာအရှိဆုံး တင်ဒါအဆိုတင်သွင်းသူအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ယခုစီမံကိန်းမှာ မီးရထားနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အခြားသောအများပြည်သူအသုံးပြုနိုင်မည့် ဆက်သွယ်ရေးနည်းလမ်းများပေါင်းစုံစုဝေးရာ ပို့ဆောင်ဆက်သွယ်ရေးအချက်အချာနေရာတစ်ခုဖြစ်လာမည့်အပြင် ဒီဇိုင်းအားဖြင့်လည်းရှေးမူလက်ရာ ရန်ကုန်ဘူတာကြီးဟောင်းနှင့် ခေတ်သစ်လက်ရာဘူတာရုံအသစ်ကို အချိုးကျနစွာပေါင်းစပ်ဖွဲ့စည်းထားရှိမည်ဖြစ်ကြောင်း သိရသည်။ အများပြည်သူတန်ဖိုးထားသည့် ၁၉၅၄ခုနှစ်က တည်ဆောက်ခဲ့သောလက်ရှိ ရန်ကုန်ဘူတာကြီးအဆောက်အအုံကိုလည်း ရှေးမူမပျက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး ၂၁ရာစု၏ နောက်ဆုံးပေါ်လက်ရာတစ်ခုအဖြစ် အထင်ကရဖြစ်လာမည့် ဘဲဥပုံသဏ္ဌာန်အမိုးခုံးနှင့် မီးရထားဘူတာရုံအသစ်တို့ကိုလည်း မီးရထားလမ်းပေါ်တွင် အုပ်မိုး၍ ထပ်မံဆောက်လုပ်မည့်ဖြစ်ရာ အဟောင်းနှင့်အသစ်တစ်ခုနှင့် တစ်ခုချိတ်ဆက်၍ အသုံးပြုနိုင်မည့်ထူးခြားလှပသည့် အဆောက်အအုံတစ်ခုဖြစ်လာမည်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် ကြမ်းခင်းဧရိယာစတုရန်းမီတာ ၁ဒသမ ဝ၉သန်းကျယ်ဝန်းပြီး ဇုန်ခြောက်ခုပါဝင်မည်ဖြစ်ကာ ယင်းဇုန်များတွင် အထင်ကရညီနောင်တာဝါရုံးခန်းအဆောက်အအုံများ၊ အိမ်ရာများ၊ ဟိုတယ်များနှင့် ဝန်ဆောင်မှုပါတိုက်ခန်းများ စိမ်းလန်းစိုပြည်နေမည့် အများပြည်သူအတွက် ပန်းခြံနှင့် ပြတိုက်တို့ပါဝင်မည်ဖြစ်ပြီး တည်ဆောက်မှုအတွက် ခန့်မှန်းကြာမြင့်ချိန် ရှစ်နှစ်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် စင်ကာပူနိုင်ငံ၊ သံအမတ်ကြီး၊ H.E Ms.Vanessa Chan အားလက်ခံတွေ့ဆုံ



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဖေဖော်ဝါရီလ(၂၁)ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး၊ H.E.Ms.Vanassa Chanအား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ တွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာတွင် စင်ကာပူနိုင်ငံမှ Silk Airလေကြောင်းလိုင်း၏ Own-stopover Rightစနစ်ကျင့်သုံးပြီး ပျံသန်းပြေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြစ်ကြောင်းများ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထွက်ရှိလာသည့်သဲများကို ပြည်ပသို့ တင်ပို့နိုင်မှုအခြေအနေများ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် အနာဂတ်နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ အားအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

တင်မောင်-ပို့/ဆက်

# မြန်မာအမျိုးသားလေကြောင်းက လေယာဉ်လက်မှတ်များကို စင်ကာပူ၊ ဟောင်ကောင်ဒေါ်လာများဖြင့် လက်မှတ်ဝယ်ယူနိုင်ပြီ




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်း၏ လေယာဉ်လက်မှတ်များကို We Chat Pay ကိုအသုံးပြု၍ စင်ကာပူနိုင်ငံဒေါ်လာ၊ ဟောင်ကောင်နိုင်ငံဒေါ်လာ (၂)မျိုးဖြင့် ငွေပေးချေပြီးလက်မှတ်များကို ဝယ်ယူနိုင်ပြီဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းရုံးမှ သိရသည်။ ထို့ပြင် မြန်မာအမျိုးသားလေကြောင်းကို အားပေးကြသော ခရီးသွားပြည်သူများအတွက် ပဋ္ဌမမြောက်နိုင်ငံတကာခရီးစဉ်အဖြစ် ရန်ကုန်-ဖူးခက်-ရန်ကုန် ခရီးစဉ် (Direct Flight)ကိုလည်း လာမည့်မတ်လ (၂၅)ရက်နေ့မှစတင်ပြီး Embraer-190/Boeing 737-800 NG လေ ယာဉ်များဖြင့် တစ်ပတ်လျှင် နှစ်ကြိမ် တနင်္ဂနွေနေ့နှင့် သောကြာနေ့များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal 2မှ ထွက်ခွာပါမည်ဖြစ် သည်။ “ရန်ကုန်-ဖူးခက်-ရန်ကုန်ခရီးစဉ်ကို အရင်က အသွား/အပြန်ဈေး နှုန်းသတ်မှတ်ထားတာကတော့ အမေရိကန်ဒေါ်လာ (၂၅၀)ကစပြီးသတ် မှတ်ထားပါတယ်။ အခုလောလောဆယ်မှာတော့ ခရီးစဉ်လေယာဉ်နှုန်းထားကို အမေရိကန်ဒေါ်လာ (၂၁၀)ကို ပြန်ပြောင်းပြီး လျှော့ပေးထားပါတယ်။ ပရိုမိုးရှင်းမဟုတ်ဘူးဆိုတာလည်း ခရီးသွားပြည်သူများသိအောင် ပြောချင်ပါတယ်။ လေယာဉ်ခ (၂၁၀)ကိုအခုပြီးခဲ့တဲ့ဖေဖော်ဝါရီ (၂၅)ရက်ကနေ ပြန်ပြီးပြောင်းလဲထားခြင်းဖြစ်ပါတယ်” ဟု မြန်မာအမျိုးသားလေကြောင်းရုံး မှသိရသည်။

မြန်မာနိုင်ငံတွင် လေကြောင်းဖြင့်ခရီးသွားလာမှုမှာ လွန်ခဲ့သောနှစ်နှစ်ကထက် သုံးဆခန့်မြင့်တက်လာကြောင်း နိုင်ငံပိုင်လေကြောင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းမှ CEOဖြစ်သူ ကပ္ပတိန်သန်းထွန်းက MNAရုံးချုပ်၌ ဖေဖော်ဝါရီ (၁၄)ရက်က လေကြောင်းခရီးစဉ်မိတ်ဆက်ပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။ “လွန်ခဲ့တဲ့နှစ်နှစ်က ကျွန်တော်တို့မြန်မာအမျိုးသားလေကြောင်းအနေနဲ့ ခရီးသည် ငါးသိန်းလောက်ပဲသယ်ပေးနိုင်ခဲ့ပါတယ်။ မနှစ်ကတော့ ခရီးသည်တစ်သန်းလောက်သယ်ပေးနိုင်ခဲ့ပြီး ဒီနှစ်မှာတော့ တစ်သန်းခွဲလောက်အထိ သယ်ပေးနိုင်ဖို့ခန့်မှန်းထားပါတယ်။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ပြီးခဲ့တဲ့မိုးတွင်းကာလအတွင်း ခရီးသည်ခြောက်သိန်းနီးပါး သယ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အခုပွင့်လင်းရာသီနဲ့ ဘဏ္ဍာနှစ်ကုန်အထိဆိုရင် ခရီးသည်တစ်သန်းခွဲအထိ ရှိလာမှာဖြစ်လို့မြန်မာနိုင်ငံရဲ့လေကြောင်းခရီးသွားလာမှုဟာ သုံးဆမြင့်တက်လာတာဖြစ်ပါတယ်”ဟုဒင်းကပြောသည်။

မြန်မာနိုင်ငံသို့ ခရီးသွားများလာရောက်မှုပြန်လည်တိုးတက်လာသည့်အလျောက် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပဋ္ဌမမြောက်နိုင်ငံတကာခရီးစဉ်ဖြစ်သည့် ဖူးခက်ကို ရွေးချယ်ပြေးဆွဲရခြင်းဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတကာခရီးစဉ်အဖြစ် စင်ကာပူ၊ ဟောင်ကောင်၊ ဘန်ကောက်နှင့် ချင်းမိုင်မြို့များသို့ ပြေးဆွဲပေးလျှက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုမှာ ပြန်လည်ကောင်းမွန်လာသည့်အနေအထားရှိကြောင်း၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ ခရီးသွားလာရောက်မှုမှာ ခရီးသည်ဦးရေ ၃ဒသမ ၂၅သန်းရှိခဲ့ကြောင်း၊ ယင်းမှာယခင် ၂၀၁၆ခုနှစ်က ၃ဒသမ ဝ၃သန်းလာရောက်မှုထက်ပိုမိုခဲ့ကြောင်း ဘတ်ဂျက်နှစ်ကုန် မတ်လကုန်အထိတွက်လျှင် မြန်မာနိုင်ငံသို့ကမ္ဘာလှည့်ခရီးသွားလာရောက်မှုမှာ ထပ်မံတိုးတက်လာဦးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရှိရသည်။

တင်မောင်-ပို့/ဆက်

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှဖွင့်သည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးသင်တန်းကာလ တက်ရောက်ပြီး ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ပြုသည့်စနစ် ကျင့်သုံးမည်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဖွင့်လှစ်သည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း သင်တန်းကာလတက်ရောက်ပြီးပါက ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ပြုသည့်စနစ် ကျင့်သုံးမည်ဖြစ်ကြောင်း (ကညန)က အသိပေးကြေညာထားသည်။

သင်တန်းဆင်းလက်မှတ်မရှိသူများအား ကညနတွင်ဖွင့်လှစ်သောယာဉ်စည်းကမ်းလမ်းစည်းကမ်းပညာပေးသင်တန်းတစ်ရက် တက်ရောက်ပြီးပါက “ခ”ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ပြုသွားမည်ဖြစ်ပြီး ယင်းသင်တန်းကို တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီးရုံး၌ ရုံးဖွင့်ရက်တစ်ရက်လျှင် သင်တန်းသား ၄၀၀(နံနက် ၈နာရီခွဲမှ ၁၂နာရီခွဲအထိ ၂၀၀၊ မွန်းလွဲ ၁၂နာရီခွဲမှ ၄နာရီခွဲအထိ ၂၀၀) ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းတက်ရောက်ရန်အတွက် တက်ရောက်လိုသည့်နေ့ရက်ကို Online စနစ်ဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းခြင်းကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ရက်မှ စတင်ဆောင်ရွက်နိုင်ကြောင်း၊ သင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်ရက်အား www.rtad.gov.mm website တွင် တိုက်ရိုက်လျှောက်ထားဖြေဆိုနိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများမှ ထုတ်ပေးသော “သ”၊ “က-၁” နှင့် “က” ယာဉ်မောင်းလိုင်စင်မဟုတ်ဘဲ အခြားတိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများမှထုတ်ပေးသည့် “သ”၊ “က-၁” နှင့် “က”ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် နယ်ဝင်ဆောင်ရွက်ပြီးမှသာ သင်တန်းတက်ရောက်ရန် Online Booking လျှောက်ထားနိုင်မည်ဖြစ်သည်။

၂၀၁၇ခုနှစ်၊ အောက်တိုဘာ ၁ရက်မှစ၍ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသည့်နေ့ရက်ကို ကြိုတင်စာရင်းသွင်းသည့်စနစ်သို့ ပြောင်းလဲကျင့်သုံးလျက်ရှိပြီး ထိုသို့ “ခ”ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်လျှောက်ထားရာတွင် ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်တင်ပြမှသာ လက်ခံခွင့်ပြုလျက်ရှိရာမှ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရန် သင်တန်းဆင်းလက်မှတ်မလိုအပ်ဘဲ ဖြေဆိုခွင့်ပြုခြင်းကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်


# ၂၀၁၈ မြန်မာ့နွေရာသီ ပူမှာလား?



ကျော်လွင်ဦး (မိုး/ဇလ)

**“ အခုနောက်ပိုင်းနှစ်တွေမှာ ရာသီပြောင်းလဲမှုရဲ့ သက်ရောက်မှုအထွေထွေကြောင့် ပုံမှန်နွေရာသီဆိုတာကလည်း စံချိန်မတင်ပေမယ့် အရင်ထက်တော့ ပိုပူတယ်ဆိုတာတော့တွေ့ရပါတယ်။ အထူးအားဖြင့် မေလမှာ ပုံမှန်ထက် မိုးပိုနိုင်မယ်ဆိုတဲ့ အခြေအနေကိုတွေ့ရှိရတော့ မေလမှာ မိုးပိုစေနိုင်မယ့် အကြောင်း (၂) ချက်ထဲက မုန်တိုင်းဖြစ်မှာလား?။ မုန်တိုင်းနဲ့အတူ မုတ်သုံလေ စောပြီးဝင်မှာလား?။ တစ်ခုတော့ ဖြစ်ဖို့များပါတယ်၊ ဧပြီလ၊ မေလတွေမှာ မုန်တိုင်းအန္တရာယ်ကို ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်.... ”**

ဖေဖေါ်ဝါရီလ(၁၉)ရက်မှ(၂၅)ရက်အတွင်း အီကွေတာ ပစိဖိတ် သမုဒ္ဒရာဒေသတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်ပြ မြေပုံ




### နိဒါန်း

ဇန်နဝါရီလ နှစ်ဆန်းရက်တွေမှာ ရက်ရှည်စံချိန်တင်မိုးစွေရွာခဲ့တဲ့ ၂၀၁၈ခုနှစ်၊ ရာသီပုံစံများကတော့ မတ်လမဆန်းမီကတည်းက ဆောင်းမှနွေ တစ်ရွေ့ရွေ့ကူးပြောင်းလျက်ရှိတာကို တွေ့နေရပါတယ်။ တစ်နှစ်တာလည်ပတ်နေတဲ့ ရာသီစက်ဝန်းထဲမှာ နွေရာသီမှသည်မိုးကြိုကာလအထိ အချိန်ကာလသည်လည်း ထူးခြားတဲ့အကူးအပြောင်းကာလဖြစ်လို့ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလကိုအခြေခံထားတဲ့ ယေဘုယျရာသီဥတု သုံးသပ်ချက်ကိုဆွေးနွေးတင်ပြလိုက်ပါတယ်။


### လက်ရှိရာသီဥတု အခြေအနေ

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ ဩစတြေးလျနိုင်ငံ၊ မိုးလေဝသဌာနရဲ့ရာသီဥတုအခြေအနေသတင်းတစ်ရပ်မှာ အီကွေတာပစိဖိတ်သမုဒ္ဒရာမှာ လက်ရှိဖြစ်ပေါ်နေတဲ့လာနီညာရာသီဥတုအခြေအနေကတော့ တဖြည်းဖြည်းအားပျော့နေပြီးမကြာခင်ကာလမှာ မူလရာသီဥတုအခြေအနေများကိုပြန်လည်ရောက်ရှိလာတော့မှာဖြစ်ကြောင်းနဲ့ ရာသီဥတုခန့်မှန်းရေး မိုဒယ်များက ညွှန်းဆိုနေပါကြောင်းထုတ်ပြန်ထားပါတယ်။ မြန်မာ့ရာသီဥတုအနေနဲ့လည်း ၂၀၁၈ခုနှစ်ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသ၊ မြစ်ကြီးနားမြို့မှာပျမ်းမျှအပူချိန် (-၀.၁)ဒီဂရီစင်တီဂရိတ်လျော့ခဲ့တာ၊ အလယ်ပိုင်းဒေသ မန္တလေးမြို့မှာ(၀.၃)ဒီဂရီစင်တီဂရိတ် ပိုခဲ့တာ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ စစ်တွေမြို့မှာ (-၁.၉)ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့တာ၊ မြစ်ဝကျွန်းပေါ်ဒေသ ရန်ကုန်မြို့မှာ(၀.၁)ဒီဂရီစင်တီဂရိတ်ပိုခဲ့တာတွေရသလို စံချိန်တင်မိုးရေချိန်များ ရွာသွန်းခဲ့တာ ညအပူချိန်စံချိန်တင်တာလည်းရှိခဲ့ပါတယ်။


### ၂၀၁၈ခုနှစ်၊ မတ်လမှ မေလအထိရာသီဥတု အခြေအနေ ယေဘုယျခန့်မှန်းချက်

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလကို အခြေခံတွက်ချက်ထားတဲ့ North American Multi Model Ensemble (NMME) ခန့်မှန်းချက်တွေမှာတော့ ၂၀၁၈ခုနှစ်၊ မတ်လမှာ နေ့အပူချိန်များပုံမှန်ထက်ပိုပူရန် ရာခိုင်နှုန်း (၅၀)မှ(၆၀)၊ ဧပြီလမှာတော့ ပုံမှန်ထက်ပိုပူရန် (၄၀)မှ(၅၀)၊ ရာခိုင်နှုန်းနဲ့မေလမှာတော့ ပုံမှန်နေ့အပူချိန်အောက်လျော့ဂုန် (၄၀)မှ(၅၀)ရာခိုင်နှုန်းရှိတယ်ဆိုတော့ ၂၀၁၈ မြန်မာ့နွေပုံမှန်အပူတော့ရှိနိုင်ပြီး အစွန်းရောက်အောင် စံချိန်တင်အပူချိန်လွန်ကဲမယ့်ဒေသနည်း နိုင်မယ်လို့သုံးသပ်ရပါတယ်။

နွေရာသီနဲ့ မိုးကြိုကာလ မိုးရွာသွန်းနိုင်မှုအခြေအနေကိုသုံးသပ်ရမယ်ဆိုပါကလည်း မတ်လမှာကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းဒေသတွေမှာ မတ်လပုံမှန်ရွာနေကျ ထက်ပိုနိုင်ပြီးကျန်ဒေသတွေတော့ ပုံမှန်လောက်ရွာနိုင်ပါတယ်။ ဧပြီမှာတော့အများအားဖြင့် တစ်ပြည်လုံးမှာ ပုံမှန်ရွာသွန်းမြဲမိုးရေချိန်ခန့်ရွာနိုင်ပြီး မေလမှာတော့ကချင်ပြည်နယ်မှာ မေလရွာသွန်းမြဲအောက် လျော့နည်းနိုင်သည်မှအပ တစ်ပြည်လုံးမှာမေလအတွင်းရွာသွန်းမြဲ မိုးရေချိန်ထက်ပိုနိုင်တာတွေရပါတယ်။




အားလျော့တဲ့ဖက်ကို ဦးတည်နေပြီဖြစ်တဲ့ လာနီညာ အခြေအနေ




ဖေဖော်ဝါရီလကို အခြေခံတွက်ချက် ခန့်မှန်းထားတဲ့ ပုံမှန်ထက် ပိုနိုင်မည့် ၂၀၁၈ခုနှစ် မေလအတွင်း မိုးရွာ သွန်းနိုင်မှုမြေပုံ

### သုံးသပ်ချက်

အထက်ပါ ယေဘုယျခန့်မှန်းချက်တွေအရ ဒီနှစ်နွေရာသီက အလွန်အမင်းပူပြင်း၊ ခြောက်သွေ့တဲ့ နွေရာသီဖြစ်ဖို့ အခြေအနေနည်းပြီး ပုံမှန်ရွာနေကျနွေကြိုထစ်ချုန်းမိုး၊ အတာရေသဘင်နဲ့လိုက်ဖက်မယ့် သင်္ကြန်ကြိုမိုးတွေရွာနိုင်ခြေများတာကိုလည်း တွေ့ရပါတယ်။ သို့သော်အခုနောက်ပိုင်းနှစ်တွေမှာ ရာသီပြောင်းလဲမှုရဲ့သက်ရောက်မှုအထွေထွေကြောင့် ပုံမှန်နွေရာသီဆိုတာကလည်း စံချိန်မတင်ပေမယ့် အရင်ထက်တော့ ပိုပူတယ်ဆိုတာတော့တွေ့ရပါတယ်။ အထူးအားဖြင့် မေလမှာပုံမှန်ထက်မိုးပိုနိုင်မယ်ဆိုတဲ့ အခြေအနေကိုတွေ့ရှိရတော့ မေလမှာမိုးပိုရွာစေနိုင်တဲ့ အကြောင်း(၂)ချက်ထဲက မုန်တိုင်းဖြစ်မှာလား?၊ မုန်တိုင်းနဲ့အတူ မုတ်သုံလေစောပြီးဝင်လာမှာလား? တစ်ခုတော့ဖြစ်ဖို့များပါတယ်၊ ဧပြီလ၊ မေလတွေမှာ မုန်တိုင်းအန္တရာယ်ကို ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။

### နိဂုံး

ပုံမှန်ရာသီဥတုအနေနဲ့ မတ်လ၊ ဧပြီလနဲ့မေလတွေကရာသီအကူးအပြောင်းကာလဖြစ်ပြီး လေထုမတည်ငြိမ်မှုအများဆုံး အချိန်ကာလလည်းဖြစ်ပါတယ်။ မြေပြင်အပူချိန်မြင့်တက်နေချိန်မှာ အနောက်မြောက်ဖက်မှလေအေးများ ဝင်ရောက်လာချိန်တွင် ကြီးမားသောမိုးတိမ်တောင်ကြီးများဖြစ်ပေါ်ပြီး ထစ်ချုန်းမိုးတွေသည်းထန်စွာရွာသွန်းတာ(တစ်နာရီအတွင်း ၁လက်မှ ၁လက်မခွဲခန့်)၊ မိုးသီးများကြွေကျတတ်တဲ့ ဆိုးရွားတဲ့မိုးလေဝသအခြေအနေတွေဖြစ်ပါတယ်။ ယာဉ်၊ ရထား၊ လေယာဉ်၊ ရေယာဉ်များအနေနဲ့ မိုးတိမ်တောင်များကြောင့် ယခင်ကရေကြောင်း၊ လေကြောင်းခရီးမတော်တဆဖြစ်ခဲ့မှုတွေရှိခဲ့ဖူးပါတယ်။ အထူးသဖြင့် မွန်းလွဲ၊ ညနေပိုင်းအချိန်မှာအားကောင်းတဲ့ မိုးတိမ်တောင်များ ဖြစ်ပေါ်တက်တာကိုအထူးသတိပြုရန်လိုအပ်ပါတယ်။ မိုးဇလဌာနမှလည်း ထူးခြားမိုးလေဝသနဲ့ ရာသီဥတုအခြေအနေများကို နေ့/ညမပြတ်စောင့်ကြည့်သတင်းထုတ်ပြန်ပေးသွားမှာဖြစ်သလို မိုးတိမ်တောင်များနဲ့ ဧပြီလ၊ မေလတွေမှာမုန်တိုင်းများဖြစ်ပေါ်နိုင်မှုကြောင့် လိုအပ်မယ့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

* * *









## မြိတ်–ဘန်ကောက်လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းမည်

မြိတ်မြို့မှ ထိုင်းနိုင်ငံသို့ တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် လေကြောင်းလိုင်းမှာ မြန်မာနိုင်ငံရှိ Tun Htaik Tinကုမ္ပဏီနှင့် New Gen Airlineတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖေဖော်ဝါရီလ ၂၃ရက်က အစမ်းပျံသန်းသွားခဲ့သည်။

အဓိကကတော့ မြိတ်ဒေသမှာက ပြည်တွင်းပြည်ပခရီးသွားတွေများ လာသလို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကိုလည်း သွားတဲ့သူတွေများ လာတာကြောင့် ဒီလေကြောင်းလိုင်းခရီးစဉ်ကိုပြေးဆွဲဖို့စီစဉ်ရခြင်းဖြစ်ပါ တယ်"ဟု Tun Htaik Tin Company Limited and New Gen Airline ၏ တာဝန်ခံမန်နေဂျာ ဦးသာခုကပြောသည်။

"ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ကိုပြေးဆွဲပေးမယ့် ထွန်းထိပ်တင်ကုမ္ပဏီက ထိုင်းနိုင်ငံအခြေစိုက်ရှိလေကြောင်းလိုင်းတစ်ခုနဲ့ချိတ်ဆက်ပြီး မြိတ်–ဘန်ကောက်ကိုပြေးဆွဲဖို့အတွက် ကျွန်တော်တို့ လေကြောင်းဦးစီးဌာန ရုံးချုပ်ကိုဆက်သွယ်ပါတယ်။ ပြီးတော့ ပြေးဆွဲခွင့်လိုင်စင်တို့ ထုတ်ပေးရတယ်။ ပြေးဆွဲမည့်လေယာဉ်ရဲ့ဆိုင်ရာအချက်အလက်တွေ၊ စစ်ဆေးမှုခံရပါတယ်။ ဒေသခံတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်တွေလည်းပါတာပေါ့"ဟု လေကြောင်းဦးစီးမှ ပြောသည်။ နောက်ပြီးတော့ "ကျွန်တော်တို့မြန်မာပြည် တနင်္သာရီတိုင်းဒေသအတွင်းရှိ မြို့ကြီးအပါအဝင်၊ ကျန်မြို့တွေမှာနေထိုင်ကြသည့် တိုင်းရင်းသားခရီးသွားပြည်သူများအတွက် ခရီးသွားလာရေးအဆင်ပြေစေရန် အခုလိုလေကြောင်းလိုင်းပြေးဆွဲရခြင်းဖြစ်တယ်။ ထွန်းထိပ်တင်ကုမ္ပဏီအနေနဲ့လည်း တနင်္သာရီတိုင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့နှင့်အနီးတဝိုက်မှာရှိသည့် ကျွန်းစုမြို့သူမြို့သားတွေအတွက် မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ ဖိတ်ခေါ်ပြီး၊ အခုလို လေကြောင်းလိုင်းပြေးဆွဲရတာပါ။ ပြီးတော့ သူဟာသူဝန်ဆောင်မှုပေးပြီး ပြေးဆွဲရခြင်း၊ ခရီးသည်မပြည့်ပါကလည်း သူတို့လေကြောင်းအနေနဲ့ အရှုံးခံပြီး ပြေးမယ်၊ လိုအပ်ရင် စင်းလုံးငှားအနေနဲ့လည်းပြေးဆွဲပေးသွားမယ်"လို့လည်း လေကြောင်းဦးစီးမှ တာဝန်ရှိသူကပြောကြားသည်။

ထိုင်းနိုင်ငံအခြေစိုက် New Gen Airlineသည် B 737-400အမျိုးအစားဖြစ်ပြီး မြိတ်မှထိုင်းနိုင်ငံသို့ အသွားအပြန်ခရီးသည်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၈ဝသတ်မှတ်ထားပြီး ခရီးသည်ဦးရေ ၁၅ဝကို တင်ဆောင်နိုင်ကာ အပတ်စဉ်သုံးရက် တနင်္ဂနွေ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့၌ ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်




## မြို့ပတ်ရထားလမ်းပိုင်းရှိ
## ရထားလူကူးခုံးကျော်တံတား ၃၅စင်း တည်ဆောက်မည်

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း တစ်လျှောက်ရှိ အင်းစိန်ဘူတာအပါ အဝင်ရထား လူကူးခုံးကျော်တံတား၃၅စင်းကိုလာမည့် ဘဏ္ဍာနှစ်၌တည် ဆောက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှသိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းတွင် JICA ချေးငွေနှင့်နိုင်ငံတော်ဘတ်ဂျတ်ပေါင်း အမေရိကန်ဒေါ်လာ ၃ဝ၁ဒသမ ၂၉သန်းသုံးစွဲမည်ဖြစ်ပြီး ရထားလူကူးခုံးကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျတ် အမေရိကန်ဒေါ်လာ ၉၄ဒသမ ၇၆သန်းထဲမှ သုံးစွဲမည်ဖြစ်သည်။

ရန်ကုန်–အင်းစိန်လမ်းပိုင်းတွင် ရှစ်စင်း၊ အင်းစိန်–တညင်းကုန်းလမ်းပိုင်းတွင်လေးစင်း၊ တညင်းကုန်း–မင်္ဂလာဒုံလမ်းပိုင်းတွင် သုံးစင်း၊ မင်္ဂလာဒုံ–ရန်ကုန်လမ်းပိုင်းမှာ ၂ဝစင်း တည်ဆောက်မည်ဖြစ်သည်။

ရထားလူကူး ခုံးကျော်တံတားများကို တည်ဆောက်ရာတွင် မူလခုံးကျော်တံတား ၁၁စင်းကိုအဆင့်မြှင့်တင်မည်ဖြစ်ပြီး ကျန်ခုံးကျော်တံတားဟောင်းများကို ဆက်လက်အသုံးပြုရန် မသင့်လျော်ပါကအသစ်ပြန်လည်တည်ဆောက်ရန် လျာထားကြောင်းအဆိုပါ လူကူးခုံးကျော်တံတား ၃၅စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂ဝ၁၈–၂ဝ၂ဝ ဘဏ္ဍာနှစ်တွင်စတင်တည် ဆောက်မည်ဖြစ်ပြီး တည်ဆောက်ချိန် တစ်နှစ်ခွဲခန့်သာကြာမြင့်မည်ဖြစ်ကြောင်း လက်ရှိရန်ကုန်မြို့တွင်ပြေးဆွဲနေသည့် မြို့ပတ်ရထားကိုးစီး၊ ဘူတာ ၃၈ခုရှိပြီးတည်ဆောက်ထားပြီး ရထားလမ်းလူကူးခုံးကျော်တံတားမှာ ၃၅စင်း၊ ကားလမ်းကူးခုံးကျော်တံတား ၂၄စင်းရှိကြောင်းသိရသည်။

ကျော်ကျော်



» ၂၀၁၈ခုနှစ် သာသနာတော်ဆိုင်ရာ မှ စာ- ၃

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ တာကလေးရပ်ကွက် မိုးကောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ် အင်ဘက်တောကျေးရွာအင်ဘက်တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစိတြဉာဏအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်တန်းရပ်ကွက်သဒ္ဓမ္မဂုရု(ပုသိမ်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်တို့ကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြသည်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဒီပင်္ကရာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဝံသနှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဖျာဒိုးကျေးရွာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာတိပိဋကစိန်ရွှေဖူးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာစရိယအားဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များဆက်ကပ် ပူဇော်ကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော်ရရှိကြသူများအား ဘွဲ့တံဆိပ်များချီးမြှင့်ပေးအပ်ကြရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးကျော်ဝင်းနှင့် ဦးရှိန်ဝင်း၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးဖေယျသူရမွန်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားသုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားနှစ်ဦးနှင့် သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်အမျိုးသားတစ်ဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားသုံးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားသုံးဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားသုံးဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်စန္ဒာဝင်း၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ဒေါ်ရွှေဥနှင့် ဒေါ်စမ်းစမ်းတို့အားဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များကအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ညနေပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ သာသနာနုဂ္ဂဟဘွဲ့ရလူပုဂ္ဂိုလ်များ၊ ဘွဲ့ခံဆရာတော်များ၏ ဒါယကာ၊ ဒါယိကာမများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော်အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် ရဟန်းတော် ၁၉၉ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး ၉ ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၂၇ဦးနှင့် အမျိုးသမီး ၃၃ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့သည်။

ဝါဖလေ

» နိုင်ငံခေါင်းဆောင်တွေ..... မှ စာ- ၂၀

ဒီထက်နည်းပြီးတော့လည်း ယူလို့မရပါဘူး။ ဘီလီယံဒေါ်လာ၃သန်း ပြည့်စုံချမ်းသာတဲ့ သူတစ်ယောက်ဖြစ်တာကြောင့် အခကြေးငွေမယူပဲနဲ့တောင်အလုပ်လုပ်ပေးနိုင်ပါတယ်။ Donald Trumpမတိုင်ခင် Herbert Hoover နဲ့ John F. Kennedyတို့လက်ထက်ကလည်း လစာငွေမယူပဲလုပ်ပေးခဲ့တာလို့ သိရပါတယ်။ ယူအက်စ်အေရဲ့ တစ်လအနည်းဆုံး လုပ်ခငွေကဒေါ်လာ၁၁၆၀ ကျပ်ရှိပါတယ်။

## ၂။ Petro Poroshenko

ယူကရိန်းနိုင်ငံသမ္မတ Petro Poroshenkoရဲ့ တစ်နှစ်စာလစာဝင်ငွေက ဒေါ်လာ ၁၂၂၂၀ကျပ်ပါ။ တစ်ရက်ကိုဒေါ်လာ ၃၃ကျပ်ဖြစ်ပြီးတစ်လကို ဒေါ်လာ ၁၀၁၈နှုန်းနဲ့ ရရှိတာပါ။ Forbesမဂ္ဂဇင်းအရ ယူကရိန်းသမ္မတPetro Poroshenkoဟာ ယူကရိန်းနိုင်ငံမှာ ၆ယောက်မြောက် အချမ်းသာဆုံးလူဖြစ်တယ်လို့ သိရပါတယ်။ ယူကရိန်းနိုင်ငံရဲ့ တစ်လအနည်းဆုံးလစာငွေကဒေါ်လာ ၁၃၃ကျပ် ဖြစ်ပါတယ်။

## ၃။ Xi Jinping

တရုတ်နိုင်ငံရဲ့ သမ္မတဖြစ်တဲ့ Xi Jinpingရဲ့ တစ်နှစ်လစာငွေဟာဒေါ်လာ ၂၀၅၉၃ကျပ်ဖြစ်ပြီး တစ်ရက်ကိုဒေါ်လာ ၅၆ကျပ်၊ တစ်လကိုဒေါ်လာ ၁၇၁၆ ကျပ်နှုန်းနဲ့ ရရှိတာဖြစ်ပါတယ်။ သူဟာအဲ့ဒီလစာငွေကို ၂၀၁၅ကစပြီးရရှိခဲ့တာဖြစ်ပြီး ၆၂ရာခိုင်နှုန်းထိ တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ သမ္မတရဲ့ဇနီးနဲ့သမီးမှာ ကိုယ်ပိုင်စီးပွားရေးမရှိပါဘူး။ ဒါပေမဲ့သူနဲ့ ရင်းနီးတဲ့ ဆွေမျိုးတွေကဒေါ်လာ ၃၇၆သန်းချမ်းသာကြွယ်ဝပါတယ်တဲ့။ တရုတ်နိုင်ငံမှာတစ်လအတွက်အနည်းဆုံးလစာငွေက ဒေါ်လာ ၁၅၀ကနေ ဒေါ်လာ ၃၀၀အထိဖြစ်ပြီးပြည်နယ်တစ်ခုချင်းစီရဲ့ ဥပဒေအပေါ်မှာလည်း မူတည်ပါတယ်တဲ့။

## ၄။ Sauli Niinistö

ဖင်လန်နိုင်ငံရဲ့သမ္မတSauli Niinistöရဲ့ တစ်နှစ်လစာငွေက ဒေါ်လာ ၁၄၆၇၀၀ဖြစ်ပြီး ကမ္ဘာ့ချမ်းသာဆုံး နိုင်ငံတစ်ခုရဲ့သမ္မတတစ်ယောက်ဖြစ်ပါတယ်။ တစ်ရက်ကို ဒေါ်လာ ၄၀၂ကျပ်၊ တစ်လကိုဒေါ်လာ ၁၂၂၂၅ကျပ်နှုန်းနဲ့ လစာရရှိတာဖြစ်ပြီး ဖင်န်လန်နိုင်ငံရဲ့ တစ်လအနည်းဆုံး လုပ်အားခကတော့ သတ်မှတ်ထားခြင်းမရှိပါဘူး။ ဒါပေမဲ့ ပျမ်းမျှဒေါ်လာ ၂၀၀၀ဖြစ်လိမ့်မယ်လို့ခန့်မှန်းရပါတယ်။

## ၅။ Vladimir Putin

ရုရှားသမ္မတ VladimirPutinဟာ တစ်နှစ်လစာငွေဒေါ်လာ၁၅၁၀၃၂ ကျပ်ရရှိပါတယ်တဲ့၊ တစ်နေ့ကိုဒေါ်လာ၄၁၄ကျပ်၊ တစ်လကို ဒေါ်လာ၁၅၁၀၃၂ ကျပ်နှုန်းနဲ့ ရရှိတာဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့ တစ်လအနည်းဆုံး လုပ်အားခကတော့ ဒေါ်လာ၁၄၀ဖြစ်တယ်လို့သိရပါတယ်။

## ၆။ Theresa May

အင်္ဂလန်နိုင်ငံရဲ့ အမျိုးသမီးဝန်ကြီးချုပ် TheresaMayဟာ တစ်နှစ်ကို ဒေါ်လာ ၁၉၈၅၀၉ကျပ် ရရှိတယ်လို့သိရပါတယ်။ တစ်နေ့ကို ဒေါ်လာ၅၄၄ကျပ်၊ တစ်လကို ဒေါ်လာ၁၆၅၄၂ကျပ်နှုန်းနဲ့ ရရှိတာဖြစ်ပါတယ်။ သူမဟာရှူးဖိနပ်တွေကို နှစ်သက်သူဖြစ်ပြီး သူမရဲ့ ဖိနပ်တစ်စုံစီကို အကြည်ရောင်ဘူးထဲမှာ ထည့်သိမ်းလေ့ရှိပါတယ်။ အဲ့လိုသိမ်းထားအင်္ဂလန်နိုင်ငံရဲ့ အမျိုးသမီးဝန်ကြီးချုပ် TheresaMayဟာ တစ်နှစ်ကို ဒေါ်လာ၁၉၈၅၀၉ကျပ်ရရှိတယ်လို့သိရပါတယ်။ တစ်နေ့ကို ဒေါ်လာ ၅၄၄ကျပ်၊ တစ်လကို ဒေါ်လာ၁၆၅၄၂ကျပ်နှုန်းနဲ့ ရရှိတာဖြစ်ပါတယ်။ သူမဟာ ရှူးဖိနပ်တွေကို နှစ်သက်သူဖြစ်ပြီး သူမရဲ့ ဖိနပ်တစ်စုံစီကို အကြည်ရောင်ဘူးထဲမှာ ထည့်သိမ်းလေ့ရှိပါတယ်။ အဲ့လိုသိမ်းထားတဲ့အတွက် ဖိနပ်များစရာလည်းမရှိတော့ပဲ အချိန်ကုန်လည်းသက်သာသွားပါတယ်။ ယူကေနိုင်ငံရဲ့ တစ်လအနည်းဆုံး လုပ်အားခက ဒေါ်လာ ၁၅၆၉ကျပ် ရှိတယ်လို့သိရပါတယ်။

## ၇။ Emmanuel Macron

ပြင်သစ်နိုင်ငံသမ္မတ EmmanuelMacronဟာတစ်နှစ်ကိုဒေါ်လာ၂၁၅၃၀ ကျပ်ရရှိတဲ့ အငယ်ဆုံးသမ္မတတစ်ယောက်လည်း ဖြစ်ပါတယ်။တစ်နေ့ကိုဒေါ်လာ ၅၈၀၊ တစ်လကို ဒေါ်လာ ၁၇၆၂၈နှုန်းနဲ့ လစာခံစားရတာဖြစ်ပြီးနိုင်ငံရေးမလုပ်ခင်ကလည်း ဘဏ်လုပ်ငန်းမှာ အောင်မြင်ခဲ့တဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ သူ့ကို ပြင်သစ်နိုင်ငံရဲ မိုဇတ်လို့တောင် တင်စားခေါ်ဝေါ်ခဲ့ကြတာပါ။ သူ့ရဲ့ ကော်မရှင်ခံစားခွင့်တွေကလည်း တစ်နှစ်ကို ဒေါ်လာ ၁သန်းနီးပါးရှိတယ်လို့ခန့်မှန်းရပါတယ်။ ပြင်သစ်နိုင်ငံရဲ့ တစ်လအနည်းဆုံး လုပ်အားခက ဒေါ်လာ ၁၇၅၈ကျပ်ဖြစ်ပါတယ်။

## ၈။ Jimmy Morales

ဂွါတီမာလာနိုင်ငံသမ္မတဲimmyMoralesဟာ ဟာသလူရွှင်တော်မင်းသားဟောင်းတစ်လက်ဖြစ်ပြီး လက်တင်အမေရိကနိုင်ငံ တော်တော်များများမှာ တစ်နှစ်ဝင်ငွေဒေါ်လာ ၂၃၁၀၀၀နဲ့ အမြင့်ဆုံးလစာရရှိတဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ တစ်နေ့ကို ဒေါ်လာ ၆၃၄ကျပ်၊ တစ်လကို ဒေါ်လာ ၁၉၃၀၀ကျပ်နှုန်းနဲ့ လစာရရှိတာဖြစ်ပါတယ်။သမ္မတဖြစ်လာတဲ့အခါမှာလည်း သူ့ရဲ့လစာ ၆၀ရာခိုင်နှုန်းကို ထောက်ပံ့ရေးအဖွဲ့အစည်းတွေကို လှူဒါန်းခဲ့တယ်လို့သိရပါတယ်။ ဂွါတီမာလာနိုင်ငံရဲ့ တစ်လအနည်းဆုံးလစာငွေက ပျမ်းမျှဒေါ်လာ ၂၀၀ရှိပါတယ်။

## ၉။ Angela Merkel

ဂျာမနီနိုင်ငံ၊ ဥပဒေအရာရှိ တစ်ယောက်ဖြစ်တဲ့ Angela Merkel ဟာ တစ်နှစ်ကို ဒေါ်လာ ၂၆၃၀၀၀ကျပ်လစာရရှိတာဖြစ်ပါတယ်။ တစ်နေ့ကို ဒေါ်လာ ၇၂၀ကျပ်၊ တစ်လကိုဒေါ်လာ ၂၂၀၀၀ကျပ်နှုန်းနဲ့ လစာခံစားခွင့်ရတာဖြစ်ပါတယ်။ သူမကို အုပ်ချုပ်ရေးအရာရှိ အိမ်ရာပေးပေမယ့် နေထိုင်ဖို့ငြင်းဆိုခဲ့ပြီး ဘာလင်မြို့လယ်က ငါးထပ်အဆောက်အဦးမှာ နေထိုင်တယ်လို့သိရပါတယ်။ ဂျာမနီနိုင်ငံရဲ့ တစ်လစာလုပ်အားခက ဒေါ်လာ ၁၇၈၀ကျပ်အနည်းဆုံးလို့သိရပါတယ်။

## ၁၀။ Justin Trudeau

ကနေဒါဝန်ကြီးချုပ် Justin Trudeauဟာ တစ်နှစ်ကိုလစာဒေါ်လာ ၂၆၇၄၁၅ကျပ် ရရှိတာဖြစ်ပါတယ်။ တစ်နေ့ကို ဒေါ်လာ ၇၃၃ကျပ်၊ တစ်လကို ဒေါ်လာ၂၂၂၈၅ကျပ်နဲ့ တစ်နှစ်စာလစာရရှိတာဖြစ်ပြီး မနှစ်တုန်းကဘဟားမားစ်မှာ အားလပ်ရက်ကုန်ဆုံးခဲ့တယ်လို့ သိရပါတယ်။ သူ့မှာသန်းပေါင်းများစွာချမ်းသာတဲ့ တော်ဝင်မင်းသား Karim AgaKhanဆိုတဲ့ သူငယ်ချင်းလည်းရှိပြီးအဲ့ဒါကြောင့်ပဲ ကနေဒါနိုင်ငံရဲ့ နိုင်ငံရေးအပေါ် မင်းသားက လွှမ်းမိုးနိုင်တယ်လို့ သံသယအမြင်တွေ ထွက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

ဝန်ကြီးချုပ်ဟာ အဲ့ဒီပြဿနာနဲ့ပတ်သက်ပြီး တောင်းပန်ခဲ့ပြီး ဒီထက်ပိုပြီး ဂရုတစိုက်နေဖို့ ကတိပေးခဲ့တယ်လို့ သိရပါတယ်။ ကနေဒါနိုင်ငံရဲ့ တစ်လစာလုပ်အားခဟာ ပြည်နယ်တစ်ခုချင်းစီရဲ့ ဥပဒေအပေါ်မူတည်ပြီး ပျမ်းမျှအားဖြင့် ဒေါ်လာ ၁၄၀၀ကျပ်ရှိတယ်လို့ သိရပါတယ်။

## ၁၁။ Malcolm Turnbull

ဩစတေးလျနိုင်ငံရဲ့ ဝန်ကြီးချုပ် MalcolmTurnbullဟာ တစ်နှစ်ကို ဒေါ်လာ ၄၀၃၇၄၅ကျပ် လစာရရှိတာ ဖြစ်ပါတယ်။ တစ်ရက်ကိုဒေါ်လာ ၁၁၀၆ ကျပ်၊ တစ်လကို ဒေါ်လာ၃၃၆၄၅ကျပ်နှုန်းနဲ့ လစာရရှိတာဖြစ်ပြီး သူဟာဘဏ်လုပ်ငန်းရှင်သူဌေး၊ ငွေကြေးချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပေမယ့် သူ့ရဲ့လစာတွေကို သမ္မတ DonaldTrum စလုပ်ခဲ့သလို ငြင်းပယ်ဖို့မဆုံးဖြတ်ခဲ့ဘူးလို့ သိရပါတယ်။ ဩစတေးလျနိုင်ငံရဲ့ တစ်လစာလုပ်အားခဟာဒေါ်လာ ၁၉၀၀အနည်းဆုံးရှိပါတယ်။

## ၁၂။ Doris Leuthard

ဆွစ်ဇာလန်နိုင်ငံရဲ့သမ္မတDorisLeuthardဟာ တစ်နှစ်သက်တမ်းနဲ့ ဝန်ကြီးတွေက ရွေးချယ်တဲ့သူတစ်ယောက်ဖြစ်ပါတယ်။ သမ္မတDoris Leuthard ဟာ ဒုတိယအကြိမ်မှာလည်း သမ္မတအဖြစ် အရွေးခံရပြီး သူမရဲ့တစ်နှစ်စာလစာငွေက ဒေါ်လာ ၄၃၇၀၀၀ကျပ်ဖြစ်ပါတယ်။ တစ်ရက်ကို ဒေါ်လာ၁၂၀၀၊ တစ်လကို ဒေါ်လာ ၃၆၀၀၀ကျပ်နဲ့ တစ်နှစ်စာလစာရရှိတာဖြစ်ပြီး တခြားဝန်ကြီးတွေရဲ့ လစာနဲ့လည်း အတူတူပဲလို့သိရပါတယ်။ ဆွစ်ဇာလန်နိုင်ငံရဲ့ တစ်လလစာလုပ်အားခကတော့မသတ်မှတ်ထားပဲ တစ်နာရီကို ဒေါ်လာ ၂၀လုပ်အားခရနိုင်တယ်လို့တော့ သိရပါတယ်။

## ၁၃။ Lee Hsien Loong

စင်္ကာပူဝန်ကြီးချုပ် Lee Hsien Loongဟာ စင်္ကာပူနိုင်ငံရဲ့ စီးပွားရေးကို လျင်မြန်စွာ စတင်ဦးဆောင်ပေးခဲ့တဲ့ ဝန်ကြီးချုပ် Lee KuanYewရဲ့သားဖြစ်ပါတယ်။ သားဖြစ်သူကလည်း အဖေလိုပဲနိုင်ငံရေးကို ဆက်လက်လုပ်ကိုင်ခဲ့ပြီး သူ့ရဲ့ဝင်ငွေလစာက တစ်နှစ်ကိုဒေါ်လာ ၂.၂သန်းတောင်ရရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးက ခေါင်းဆောင်တွေထက် လစာအမြင့်ဆုံးသူတစ်ယောက်လည်းဖြစ်ပါတယ်။

တစ်ရက်ကို ဒေါ်လာ၇၃၅၀၊ တစ်လကို ဒေါ်လာ၁၄၇၀၀၀နှုန်းနဲ့ရရှိတာဖြစ်ပြီး သူ့ရဲ့လစာငွေကမျှတတယ်လို့ ထင်မြင်ယူဆထားသူဖြစ်ပါတယ်။ အစိုးရရဲ့ တစ်နှစ်စာဘတ်ဂျက်ငွေက လူ၃ယောက်အပါအဝင်နှစ်စဉ်ဒေါ်လာ ၅၃သန်းဖြစ်ပါတယ်။ လူဦးရေများပြားလာတာကြောင့်Lee Hsien Loongရဲ့စာကို ၃၆ရာခိုင်နှုန်း လျှော့ချခဲ့ရပေမယ့်လည်း သူ့ရဲ့တစ်လစာဝင်ငွေက ကနေဒါ၊ ဩစတေးလျ၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ရုရှားခေါင်းဆောင်တွေရဲ့ လစာထက် တော့များဆဲပါပဲ။ စင်္ကာပူနိုင်ငံရဲ့တစ်လစာလုပ်အားခက ဥပဒေအရ သတ်မှတ်ထားတာမရှိပေမယ့် ပျမ်းမျှဒေါ်လာ ၁၀၀၀ရှိတယ်လို့လေ့လာသိရှိရပါတယ်။

Credit – dailyhotnewsmm.com

» ဗဟိုသင်တန်းကျောင်း မှ စာ- ၃

ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ရကြောင်း၊ နံနက် ၇နာရီခွဲတွင် တန်းစီသင်တန်းတက်ကြရကြောင်း၊ နံနက် ၈နာရီမှ နေ့လည် ၁၁နာရီထိ သင်ကြားလေ့ကျင့်ကြရပြီး နေ့လည် ၁၁နာရီမှ ၁၂နာရီခွဲထိ နေ့လည်စာ စားချိန်အဖြစ် သတ်မှတ်ထားကြောင်း၊ နေ့လည် ၁၂နာရီခွဲမှ ညနေ ၃နာရီခွဲထိ သင်ကြားလေ့ကျင့်ကြပြီး၊ ညနေ ၄နာရီမှ ၅နာရီထိ အားကစားချိန်နှင့်သန့်ရှင်းရေးပြုလုပ်ကြရကြောင်း၊ ည ၅နာရီခွဲမှ ၆နာရီခွဲထိ ညစာ စားကြရပြီး၊ ည ၇နာရီမှည ၈နာရီခွဲထိ ညစာကြည့်ချိန်နှင် ညလေ့ကျင့် ခန်းများ ပြုလုပ်ရကြောင်း၊ ည၉နာရီခွဲတွင် မီးပိတ်/ညအိပ်ချိန်ဖြစ်ကြောင်း သိရသည်။

### သင်တန်းသား၊ သင်တန်းသူများ သက်သာချောင်ချိရေး

သင်တန်းသား၊ သင်တန်းသူများ သက်သာချောင်ချိရေးအတွက် သင်တန်းကျောင်းမှ နေ့စဉ် နံနက်စာတွင်တစ်ဦးအတွက် ၁၀၀ိ/ကျပ်နှုန်း၊ သက်သာရန်ပုံငွေမှ ထပ်ဆောင်းကျွေးမွေးခြင်း၊ သင်တန်းသား၊ သင်တန်းသူများအတွက်အဝတ်လျှော်စက် (၂)လုံးနှင့် လျှပ်စစ်မီးပူ (၂)လုံး စီစဉ်ထားပေးခြင်း၊ နှစ်ထပ်စာသင်ဆောင်နှင့် သုံးထပ်အိပ်ဆောင်အနီးတွင် ရေသန့်စက်တစ်လုံးစီစဉ်ထားရှိခြင်း၊ ကျွမ်းကျင်သည့် ဆံသဆရာတစ်ဦးကို ဝန်ထမ်းအဖြစ်ခန့်ထားပေးပြီး၊ တစ်ဦးလျှင် ၃၀၀ိ/ကျပ်ဖြင့် ဆံသပေးခြင်း၊ ဆေးပေးခန်းဖွင့်လှစ်ထားရှိခြင်း၊ Sky Net ရုပ်သံလိုင်းတပ်ဆင်ထားရှိ ခြင်း၊ Mobile Library ထားရှိပေးခြင်း၊ နှစ်ထပ်စာသင်ဆောင်တွင် ကမ္ဘောဇဘဏ်မှ ATM စက်တပ်ဆင်ပေးထားသည်။ ဘောလုံး၊ ဘောလီဘော၊ စားပွဲတင်တင်းနစ်၊ စစ်တုရင် အားကစားပစ္စည်းများ ဝယ်ယူထားပေးပြီး သင်တန်းသား၊ သင်တန်းသူများကို ကစားစေခြင်း၊အပတ်စဉ်ငါးပိချက်၊ ငါးပိကြော်၊ ငံပြာရည်ကြော်၊ ငါးခြောက်ကြော်တို့ကိုအလှည့်ကျဖြည့်စွက် ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

### ရထားသင်တန်းဌာနခွဲ

သင်တန်းများအား ခေတ်စနစ်နှင့်အညီ တိုးတက်အောင်မြင်စေရေးအရှိန် အဟုန်မြှင့်တင်ရန်ရည်ရွယ်ပြီး ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၇၈ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ရထားသင်တန်းဌာနခွဲ အဖြစ်ပါဝင်ခဲ့ပြီး ရထားနှင့်သက်ဆိုင်သည့် ဝန်ထမ်းများအား အများပြည်သူအကျိုးပြုစေမည့် လုပ်ငန်းများလွယ်ကူအဆင်ပြေချောမွေ့နိုင်ရေးအတွက်ရည်မှန်းချက်လုပ်ငန်းတာဝန် (၅)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည်။

### ရည်မှန်းချက်လုပ်ငန်းတာဝန် (၅) ရပ်

(က) ဌာနခွဲတွင် မြို့ပြသင်တန်းဌာနစု၊ သွားလာပို့ဆောင်ရေးဌာနစုနှင့် စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနစုတို့ဖြင့် ဖွဲ့စည်းထားရှိကာ ဌာနစုအသီးသီးမှ ဖွင့်လှစ်သော သင်တန်းများကို ထိရောက်အောင်မြင်စွာ ဖွင့်လှစ်ပို့ချလေ့ကျင့်ပေးနိုင်ရန် စီမံဆောင်ရွက်ရကြောင်း။

(ခ) ဌာနခွဲအတွင်းရှိ မြို့ပြသင်တန်းဌာနစု၊ သွားလာပို့ဆောင်ရေးဌာနစုနှင့် စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနစုတို့မှ မြန်မာ့မီးရထားမှ အဆိုပြုညှိနှိုင်းလာသော သင်တန်းများနှင့် ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိသော သင်တန်းများကိုစနစ်တကျဖွင့်လှစ်ပို့ချလေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်ရပါကြောင်း။

(ဂ) ဌာနခွဲအတွင်းရှိ ဖွင့်လှစ်သည့်သင်တန်းများနှင့် ပတ်သက်၍သင်ခန်းစာစီမံချက်များ၊ နည်းပြမှတ်စုများ၊ သင်တန်းအချိန်ဇယားများ၊ စာမေးပွဲများ၊စံပြအဖြေလွှာများအား၊ ခေတ်စနစ်နှင့်လျော်ညီစွာ ပြင်ဆင်ပြုစုရေးဆွဲရန်တာဝန်ရှိကြောင်း၊

(ဃ) မြန်မာ့မီးရထားရှိ ဝန်ထမ်းများအား ခေတ်နှင့်လျော်ညီသည့် နည်းပညာများ၊ အတတ်ပညာများသိရှိစေရန် မွမ်းမံနှင့် ဆင့်ပွားသင်တန်းများကိုလိုအပ်ချက်ရှိတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊

(င) သင်ကြားရေးနှစ်အလိုက် သင်ကြားမှုထိရောက် ထက်မြက်အောင်မြင်ရေးအတွက် လိုအပ်သောသင်ကြားလေ့ကျင့်ရေး သင်ထောက်ကူပစ္စည်းများကို ပြုစုတင်ပြခြင်း၊ ဌာနခွဲရှိသင်ကြားလေ့ကျင့်ရေး သင်ထောက်ကူပစ္စည်းများကို စနစ်တကျထိန်းသိမ်းကွပ်ကဲခြင်းများ ဆောင်ရွက်ရမည်ဖြစ် သည်။

### ဖွဲ့စည်းပုံအင်အား

ရထားသင်တန်းဌာနခွဲတွင် ကထိကဦးသန်းဌေးဦးဆောင်ပြီး လက်ထောက်ကထိက (၂)ဦး၊ နည်းပြ (၁၁)ဦး၊ အကြီးတန်းစာရေး (၁)ဦး၊ အငယ်တန်းစာရေး (၁)ဦး၊ အထွေထွေလုပ်သား (၁)ဦး၊ စုစုပေါင်းအရာထမ်း၊ အမှုထမ်း (၁၆)ဦးဖြင့် စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနစု၊ သွားလာပို့ဆောင်ရေးဌာနစု၊ မြို့ပြအင်ဂျင်နီယာဌာနစုအလိုက် သင်တန်းများသင်ကြားပေးလျက်ရှိသည်။

### စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနစု သင်တန်းများ

စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနစုတွင် ဒီဇယ်စက်ခေါင်းစက်ပြင်သင်တန်းကို သင်တန်းကာလ ရက်သတ္တပတ် (၁၀)ပတ်၊ ဒီဇယ်စက်ခေါင်းလျှပ်စစ်ပြင်သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၁၁)ပတ်၊ စက်မှုကျွမ်းကျင်-၄ (တွဲစစ်-ဒု) သင်တန်းကို သင်တန်းကာလရက် သတ္တပတ် (၁၆)ပတ်၊ တွဲစစ် (ဉာဏ်) သင်တန်းကို သင်တန်းကာလရက် သတ္တပတ် (၆)ပတ်၊ စက်ခေါင်းမောင်း-နင်ခွင့်သင်တန်းကို သင်တန်းကာလ ရက်သတ္တပတ် (၂၀)ပတ်၊ စက်ခေါင်းမောင်း (ပညာသင်) သင်တန်းကို သင်တန်းကာလ ရက်သတ္တပတ် (၃၉)ပတ်၊ စက်ခေါင်းမောင်း (တွဲရွေ့) သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၁၂)ပတ်၊ စက်ခေါင်းမောင်း (လ/ထ-၂) သင်တန်းကို သင်တန်းကာလရက် သတ္တပတ်(၁၂)၊ စက်ခေါင်းလိုက် (ဉာဏ်) သင်တန်းကို သင်တန်းကာလ ရက်သတ္တပတ် (၇)ပတ်၊ အလုပ်သင်စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာ(အထူး) သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၁၇)ပတ်၊ Traction Motor Maintenance သင်တန်းကို၊ သင်တန်းကာလရက်သတ္တပတ် (၃)ပတ်တို့ဖြင့်သင် ကြားပေးလျှက်ရှိသည်။

### သွားလာပို့ဆောင်ရေးဌာနစုသင်တန်းများ

သွားလာပို့ဆောင်ရေးဌာနစုတွင် ဒု-ရုံပိုင် (အလုပ်သင်) သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၃၀)ပတ်၊ ရုံပိုင်(ဉာဏ်) သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၈) ပတ်၊ ဒု-လ/ထ ကြီးကြပ်ရေးမှူး (တွဲမှတ်) သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၆)ပတ်၊ လ/ထကြီးကြပ်ရေးမှူး ရထားထိန်း (အခြေခံ) သင်တန်းကို သင်တန်းကာလရက် သတ္တပတ် (၈)ပတ်၊ လ/ထ ကြီးကြပ်ရေးမှူး ရထားထိန်း(ဉာဏ်) သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၅)ပတ်၊ ဒု-လ/ထကြီးကြပ်ရေး မှူး (ဘတစ/လမသ)သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၂၀)ပတ်၊ လက်မှတ်သိမ်းလက်မှတ်စစ်၊ ဘူတာစာရေး (ဉာဏ်) သင်တန်းကို သင်တန်းကာလရက်သတ္တပတ်(၅)ပတ်၊ အငယ်တန်းအင်ဂျင်နီယာ (၄) အလုပ်သင် သင်တန်းကိုသင်တန်းကာလရက်သတ္တပတ် (၂၃)ပတ်၊ သော့အိမ်ချိတ်ဆက်စနစ်နှင့်အချက်ပြဇယားရေးဆွဲခြင်း သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၃)ပတ်၊ အချက်ပြစနစ်ခန့်မှန်းခြေ ရေးဆွဲခြင်းနှင့် စတိုလုပ်ငန်းသင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၃)ပတ်၊ ပွိုင့်အချက်ပြ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို သင်တန်းကာလ ရက်သတ္တပတ် (၃)ပတ်၊ General Autocoupler သင်တန်းကို သင်တန်းကာလ ရက်သတ္တပတ် (၂)ပတ်တို့ဖြင့် သင်ကြားပေးလျှက်ရှိသည်။

### မြို့ပြအင်ဂျင်နီယာဌာနစုသင်တန်းများ

မြို့ပြအင်ဂျင်နီယာဌာနစုတွင် အငယ်တန်းအင်ဂျင်နီယာ (၄) အလုပ်သင် သံလမ်းအခြေခံသင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၃၄)ပတ်၊ အငယ်တန်းအင်ဂျင်နီယာ (၃) သံလမ်း(ဉာဏ်) သင်တန်းကာလရက်သတ္တပတ် (၁၄) ပတ်၊ သံလမ်း (ဉာဏ်)လုပ်သားခေါင်း/ ဇာဝီလှည့် သင်တန်းကို သင်တန်းကာလရက်သတ္တပတ် (၅)ပတ်တို့ဖြင့် သင်ကြား ပေးသည်။

### ဌာနစုအလိုက်ဖွင့်လှစ်သင်တန်းအကြိမ်နှင့် သင်တန်းသားဦးရေ

ဌာနစုအလိုက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့် သင်တန်းအကြိမ်အရေအတွက်နှင့် သင်တန်းသားဦးရေမှာ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနစုတွင် သင်တန်းအကြိမ်ရေ (၁၂)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေ (၂၇၅) ဦး တက်ရောက်ခဲ့ကြောင်း၊ သွားလာပို့ဆောင်ရေးဌာနစုတွင် သင်တန်းအကြိမ်ရေ (၁၂) ကြိမ်ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်းသားဦးရေ (၃၄၅)ဦးတက် ရောက်ခဲ့ကြောင်း၊ မြို့ပြအင်ဂျင်နီယာဌာနစုတွင် သင်တန်းအကြိမ်ရေ (၁)ကြိမ်ဖွင့်လှစ်ခဲ့ပြီးသင်တန်းသားဦးရေ (၁၅) ဦးတက်ရောက်ခဲ့ကြ သည်။

ကျော်ကျော်၊ လှမျိုး (ဆက်လက်ဖော်ပြပါမည်။)

# သမဝါယမအသင်း (၃၆)သင်း လုပ်ငန်းလုပ်ဆောင်နိုင်ခြင်းမရှိ၍ ဖျက်သိမ်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသော သမဝါယမအသင်း(၃၆)သင်း အား ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဖျက်သိမ်းခဲ့ပြီး၊ နောက်ထပ် သမဝါယမ (၃၈)သင်းကိုစာရင်းရှင်းလင်းဖျက်သိမ်းရန် သမဝါယမအသင်းဦးစီးဌာနမှ၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြထားပြီဖြစ်ကြောင်း၊ ယင်းသမဝါယမအသင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ်ဇန်နဝါရီလကုန်အထိ ဗဟိုသမဝါယမအသင်းတစ်သင်း၊ သမဝါယမအသင်းစုချုပ် ခုနစ်သင်း၊ သမဝါယမအသင်း၇၇သင်းနှင့် အခြေခံသမဝါယမအသင်း ၂၇၄ သင်း ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းနှင့် အသင်းစုများ၏ လုပ်ငန်းလည်ပတ်မှုများကို ပြန်လည်စိစစ်၍ ဥပဒေနှင့်အညီလုပ်ငန်းလုပ်ဆောင်လည်ပတ်ခြင်း မရှိတော့သည့် အသင်းများကိုဖျက်သိမ်းရန် အစီအစဉ်ရှိ၊ မရှိနှင့် သမဝါယမအသင်းများအနေဖြင့် ဘီယာဆိုင်၊ အရက်ဆိုင်များအား တစ်ဆင့်ပြန်လည်ငှားရမ်းထားခြင်းများသည် သမဝါယမအသင်း၏ လုပ်ငန်းတာဝန်များနှင့် အကျုံးဝင်မှုရှိ၊ မရှိကို သိရှိလိုကြောင်း ဖေဖော်ဝါရီ ၂၂ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာကမေးမြန်းထည့်သွင်းပြောဆိုသည်။


ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် သက်ဆိုင်ရာအဆင့်ဆင့် စိစစ်ဆောင်ရွက်ပြီး လိုအပ်ချက်များကို ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် သမဝါယမအသင်းများကို ဖျက်သိမ်းရာမှာ သတ်မှတ်ထားတဲ့အသင်းသားမပြည့်ခြင်း၊ နည်းဥပဒေပါအကြောင်းတစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများကို မလုပ်ကိုင်နိုင်ခြင်း၊ မတည်ငွေမပြည့်စုံခြင်း၊ပေးဆပ်ရန်ရှိတဲ့ ကြွေးမြီများကိုပေးဆပ်နိုင်ရန် အခြေအနေမရှိခြင်း စသည့်အချက်အလက်တွေနဲ့ ငြိနေ၍သော်လည်း အသင်းကို စာရင်းရှင်းဖျက်သိမ်းရမည်လို့ ၁၉၉၂ သမဝါယမအသင်း ဥပဒေပုဒ်မ ၂၅မှာ ပြဋ္ဌာန်းထားသည်ဟု မေးမြန်းမှုအပေါ် ပြန်လည်ဖြေဆိုခဲ့ကြောင်း သိရသည်။

ပိုးအိမ်

Transcom News journal Cartoons



## မုဒြာဟူသော ဝေါဟာရ




သက္ကတ ဘာသာအားဖြင့်မုဒြာ ပါဠိဘာသာအားဖြင့် မုဒ္ဒဟူသော ဝေါဟာရသည် ရုပ်ပွားဆင်းတု ရုပ်လုံး၊ ရုပ်ကြွ စသည်တို့ကို လေ့လာသုတေသနပြုရာတွင် မသိလျှင် မဖြစ်သော အခြေခံအကျဆုံး ပဋိမာသိပ္ပံပညာရပ်၏ သော့ချက်တစ်ခုဖြစ်ပေသည်။

မုဒြာဆိုသည်မှာ အလွန်နက်နဲသိမ်မွေ့၍ အတွင်းငုပ်သော အနက်အဓိပ္ပါယ် သဘောတရားများကို ရည်ညွှန်းခြင်းဖြစ်ပေသည်။

အချို့မုဒြာမှာ လက်တစ်ဘက်တည်းဖြင့်သာ ဟန်အမူအရာပြခြင်းဖြစ်၍ အချို့မုဒြာမှာ လက်နှစ်ဘက်ဖြင့်ဖြစ်စေ၊ လက်ချောင်းများဖြင့်ပင်ဖြစ်စေ ဟောကြားညွှန်ပြလိုသော သဘောတရားကို ဟန်အမူအရာပြထားခြင်းမျိုး ဖြစ်လေသည်။

သရုပ်ဖော်ပုံဖော်သူ
မင်းပေါ်တင်

## ပြင်ဦးလွင်မှ ဂုတ်ထိပ်တံတားဖြတ်၍ နောင်ချိုအထိ ရေနွေးငွေ့စက်ခေါင်း ရထားခရီးစဉ်ပြေးဆွဲနိုင်ရေး ညှိနှိုင်းနေ



ပြင်ဦးလွင်မြို့မှ နောင်ချိုမြို့အထိ ရေနွေးငွေ့စက်ခေါင်းရထားဖြင့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားပေါ်မှ ဖြတ်သန်းကာ ခရီးစဉ်တစ်ခုပုံမှန်ပြေးဆွဲနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဖုန်) မှသိရသည်။

ရေနွေးငွေ့စက်ခေါင်းနှင့် မေမြို့ကနေ ဂုတ်ထိပ်တံတားကို ဖြတ်ပြီးတော့ ပြေးဆွဲနိုင်ရင် ခရီးသွားလုပ်ငန်းအတွက် အထောက်အပံ့တစ်ခုဖြစ်ကြောင်း၊ လက်ရှိမှာလည်း ဂုတ်ထိပ်တံတားပေါ်ကို ဖြတ်ပြီးတော့ စီးချင်လို့လာတဲ့ဧည့်သည်တွေ ရှိနေကြောင်း ရေနွေးငွေ့ရထားနဲ့သာစီးရမယ်ဆိုရင်တော့ ပိုပြီးကောင်းသွားမှာဖြစ်ကြောင်း၊ သိရသည်။

ဟိုတယ်ခရီးကိုတင်ပြပြီးတော့ မြန်မာ့မီးရထားက ဘူတာရုံပိုင်ကြီးနဲ့ ဆွေးနွေးတဲ့အခါ ခြောက်လလောက်ဆွဲပြီး ခြောက်လနားတာမျိုးလုပ်ဖို့ ဆွေးနွေးထားကြောင်း၊ ရထားငှားပြီးတော့ ပြေးဆွဲတဲ့အခါမှာလည်း လာရောက်လာနိုင်တဲ့ဧည့်သည်အရေအတွက်နဲ့ ငှားရမ်းနိုင်မယ့်ပုံစံအနေအထားကို တင်ပြပြီးမှ အသေးစိတ်ထပ်ညှိနှိုင်းရမှာဖြစ်ကြောင်း၊ လိုအပ်သည့်ညှိနှိုင်းမှုများ အဆင်ပြေပါက ဂုတ်ထိပ်တံတားပေါ်သို့ ရေနွေးငွေ့စက်ခေါင်းဖြတ်သန်းပြေးဆွဲမည့်ခရီးစဉ်ကို မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းက ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ယင်းခရီးစဉ်ဆောင်ရွက်ခွင့်ပြုရန် ဖေဖော်ဝါရီလဆန်းပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပြီး ဝန်ကြီးဌာနလမ်းညွှန်မှုဖြင့် မြန်မာ့မီးရထား၊ မန္တလေးတိုင်းဒေသကြီးအစိုးရ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းကာ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

## Grand Royal ၏ အနှစ်နှစ်ဆယ်ပြည့် အထိမ်းအမှတ် ကျပ်သိန်းသုံးရာတန်ဖိုးရှိ Mazda 2-2017 ကားအစီး ၂၀အား ပေးအပ်

Grand Royal မိသားစုသည် ၁၉၉၇ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုဆိုလျှင် နှစ်ပေါင်းနှစ်ဆယ်ကျော်သက်တမ်းရှိခဲ့ပြီး Grand Royal Black Whisky စတင် တည်ထောင်ခြင်း အနှစ်နှစ်ဆယ်ပြည့်အထိမ်းအမှတ်အဖြစ် ကျပ်သိန်းသုံးရာတန်ဖိုးရှိ Mazda 2-2017 ကားအစီး ၂၀ အား စားသုံးသူများသို့ဖေဖော်ဝါရီလ ၁၆ရက်က ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး Grand Royal Black နှင့်အတူ အစဉ်အဆက်အတူတကွရှိခဲ့ကြပါသော စားသုံးသူမိဘပြည်သူများအား တုံ့ပြန်ကျေးဇူးဆပ်သည့်အနေနှင့် တစ်စီးလျှင် ကျပ်သိန်းသုံးရာတန်ဖိုးရှိ Mazda 2-2017 အမျိုးအစား ကားအစီး ၂၀ အား ပုလင်းဖုံးများအတွင်းထည့်သွင်း၍ စားသုံးသူများထံသို့ ပထမဦးဆုံးအကြိမ်အဖြစ်ပေးပို့ခဲ့ခြင်းလည်းဖြစ်ကာ လက်ငင်းငွေသားကံစမ်းမဲအဖြစ် ကျပ် ၂၀၀၊၅၀၀၊ ၁၀၀၀ အစရှိသော ဆုမဲပေါင်းများစွာကို လည်း အဖုံးတွင်းထည့်သွင်းပေးထားလျက်ရှိကြောင်း သိရသည်။ KK

## လာမည့်ခြောက်လအတွင်း လှိုင်သာယာကုန်စည်ထောက်ပံ့ ပို့ဆောင်ရေးစခန်း တည်ဆောက်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် အကောင်အထည်ဖော်မည့် ကုန်စည် ထောက်ပံ့ပို့ဆောင်ရေးစခန်းကို လာမည့်ခြောက်လတွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း ယင်းစီမံကိန်းစတင်ရန် နှစ်ဖက်သဘောတူညီချက်မှတ်တမ်း(MOU) ကို၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်လျက်ရှိပြီး လာမည့်တစ်နှစ်ခွဲအတွင်း အပြီးသတ်တည်ဆောက်မည်ဖြစ်ကာ ၂၀၁၉ခုနှစ်၊ နှစ်လယ်ပိုင်းတွင် ဝန်ဆောင်မှုစတင်ပေးရန် မျှော်မှန်းထားကြောင်း၊ ယင်းကုန်စည်ထောက်ပံ့ပို့ဆောင်ရေးစခန်းတွင် ကုန်ပစ္စည်းများသိုလှောင်ရုံများ၊ ရေထွက်ကုန်များ သိုလှောင်ထားနိုင်သည့် နိုင်ငံတကာအဆင့်မီ အအေးခန်းများ၊ကုန်သေတ္တာစခန်းများ အစရှိသည့်ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်များ ပါဝင်မည်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးစရိတ်လျှော့ချရန် ရည်ရွယ်သည်ဟု အဆိုပါဝန်ကြီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တောင်ကိုရီးယားအခြေစိုက် HUBS MK ကုမ္ပဏီတို့ ပူးပေါင်းပြီး လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် မြေဧက ၅၉ ဒသမ ၁၀၇ သန်းပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး၊ HUBS MK ကုမ္ပဏီသည် ယင်းစီမံကိန်းတွင်အမေရိကန်ဒေါ်လာ ၉၈သန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပြီး ပမာဏအတိအကျကိုမူ လေ့လာဆန်းစစ်မှုလုပ်ငန်းပြီးစီးမှသာ တရားဝင်သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

## ကျိုက်ထီးရိုးစေတီ၌ ကေဘယ်ကားပြေးစီမံကိန်း အသစ်တစ်ခု ထပ်မံတိုးချဲ့မည်



ကျိုက်ထီးရိုးစေတီနယ်မြေစိမ်းလန်းစိုပြေဖွံ့ဖြိုးတိုးတက်ရေးနှင့် ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများနှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုလွယ်ကူအဆင်ပြေစေရန်ကျိုက်ထီးရိုးတောင် အခြားတစ်ဖက်၌ ကေဘယ်ကားစီမံကိန်းအသစ် တစ်ခုထပ်မံတိုးချဲ့ဖော်ဆောင်ရန် ဖေဖော်ဝါရီ ၂၀ရက်က ပြည်နယ်အစိုးရအဖွဲ့ထံ အဆိုပြုချက်တင်ပြခဲ့ကြောင်း၊ Kyaik Tiyo Great Green Company Ltd. (KGG) ထံမှ သိရသည်။

တောင်ပေါ် Return Station မှဆိုးတောင်မှစေတီတော်အထိ မီတာ ၄၀၀ အမိုးပါလျှောက်လမ်းများရှိ Main Station နေရာတွင် ကားပါကင်၊ အခမဲ့တည်းခိုဆောင်များ၊ အဆင့်မြင့်သန့်စင်ခန်းများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ကေဘယ်ကားစီမံကိန်းတွင် ကားအစီးရေ ၈၀အထိပါရှိမည်ဖြစ်ပြီး၊ ကေဘယ်ကားတစ်စီး၌ လူ ၁၀ဦးအထိ စီးနင်းနိုင်ကြောင်း၊ အဆိုပါကေဘယ်ကားသည် Sky Asia Co,.Ltd ကပြေးဆွဲခြင်းဖြစ်ပြီး ၂၀၁၇ ဒီဇင်ဘာလ ၁၅ရက်က ဖွင့်ပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုတည်ဆောက်မည့် လမ်းကြောင်းသစ်သည် ကျိုက်ထီးရိုးလေးလမ်းခွဲကနေပြီးကဒိုင်ဒွတ်– မိုးဘော – နတ်စင် – ကျောက်ဖျာ – ခေါင်းဆေးကန်လမ်းကြောင်းအတိုင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၁၉ခုနှစ် အပြီးလုပ်ငန်းပြီးစီးအောင် လျာထားကြောင်း လက်ရှိတွင် အဆိုပါကုမ္ပဏီကကေဘယ်ကားအစီးရေ ၄၃စီးနှင့် အရန်တစ်စီးတို့ဖြင့် ပြေးဆွဲနေပြီး ထိုစီမံကိန်းကို ကန်ဒေါ်လာသန်း ၂၀ အထိ အကုန်ကျခံထားကြောင်းသိရသည်။

ပိုးအိမ်



မိုးပန်းမွှန်(ရာမည)

# “ဒုစရိုက်မှုများ နည်းစေလိုလျှင်....”

အရက်ချက်စက်ရုံများ တည်ထောင်ခွင့်ပြုနေသောခေတ်၊ ဘီယာမျိုးစုံ အရက်မျိုးစုံကို နိုင်ငံခြားမှ တင်သွင်းခွင့်ရနေသောခေတ်တွင် မြို့ပြများသာမက၊ ကျေးရွာများတွင်လည်း အရက်ဆိုင်၊ ဘီယာဆိုင်များစွာရှိနေပြီ။

စားသောက်ဆိုင်များတွင် ဘီယာကြော်ငြာများအပြိုင်အဆိုင်ချိတ်ဆွဲကြသည်။ ရပ်ကွက်များတွင် အနိမ့်ဆုံးအရက်ပုန်းဆိုင်လေးများရှိနေကြသည်။ အရက်ကိုအချို့ကအကောင်းစားသောက်သည်။ အချို့က အညံ့စားသောက်သည်။ လူမသိအောင်ခိုးသောက်သူ၊ ပေါ်ပေါ် တင်တင်သောက်သူ၊ နည်းနည်းသောက်သူ၊ များများသောက်သူ.....စသည်ဖြင့် သောက်နည်းသောက်ဟန်ကွဲပြားကြသော်လည်း၊ အရက်ကတော့သောက်သုံးသူအားလုံးကို ရောဂါရစေမည်မှာ အသေချာပင်။

အချို့ကဆင်ခြေပေးသည်.......“ထမင်းစားကောင်းအောင်သောက်တာဟု ပြောသည်။ တချို့ကတော့.....အိပ်မြှေမပျက်ဘူး၊ သောက်ပြီးရင်မမူးဘူး၊ စကားပြောကောင်းအောင် သောက်တာ” ဟုပြောသည်။ “ဆေးဖြစ်ဝါးဖြစ်” “ဘီယာသောက်တာပါ၊ အရက်မဟုတ်ပါဘူး....”စသည်ဖြင့် ကာကာဖေးဖေးပြောကြသည်။

အရက်သောက်ပြီး အိပ်မြှေရသူရှိပါ့မလား.....။

ရောဂါမရသူရှိပါ့မလား.....။

နည်းအမျိုးမျိုးဖြင့် အိပ်မြှေမဲ့ကြသည်မဟုတ်ပါလား။ ပုံပျက်ပန်းပျက်၊ ခြေလှမ်းယိုင်နေကြသည်။ များများယိုင်သူ၊ နည်းနည်းယိုင်သူကွဲပြားပါစေ အရက်ဘီယာသောက်ထားသူဟု သိနိုင်သည်။ မူးမူးရီရီဖြစ်နေသူသည် တွေဝေ နေသောစိတ်ဖြင့် ပြောမှားဆိုမှားဖြစ်ကြသည်။ ကိုယ့်ကို ကိုယ်သတ္တိရှင်၊သူမတူအောင်စွမ်းဆောင်နိုင်သူဟုထင်သည်။ ဟိုလူဒီလူ အားလုံးရန်သူ၊ အော်ဆဲချင်ဆဲမည် မပြောသင့်သော ကြမ်းတမ်းသည့်စကားလုံးဖြင့် ပြောမိတတ်ကြသည်။

အဆိုးဆုံးမှာ အသိစိတ်ချို့ယွင်းပြီးအဝတ်မပါ၊ ဗလာကိုယ်ထီးအရှက်မဲ့စွာပြုမူခြင်းပင်၊ နမသားချင်းမစာနာ၊ အဓမ္မမှု၊ လက်ရောက်မှုများဖြစ်၍ အကျိုးမဲ့ဖြစ်ကြသည်ကို တွေ့ဘူးသည်။ ကိုယ်နှုတ်စောင့်စည်းနိုင်စွမ်းနည်း ပြီး၊ အကုသိုလ်များသည့်အပြင် မူးယစ်ရီဝေသူ၏စကားကို အများကမယုံကြည်တော့ပါ။

“မူးပြီးပြောနေတာ၊ ဟုတ်ချင်မှဟုတ်မှာ၊ မယုံရဘူး” ဟု အထင်သေးခံရစမြဲပင်။ ပိုဆိုးသည်မှာ မြန်မာလူမျိုးတို့၏ ဆယ့်နှစ်လရာသီပွဲတော်များ၏ အောင်ပွဲခံချိန်တွင် သောက်သုံးခြင်းများရှိနေခဲ့သည်။ တန်ခူးလ၏ နှစ်ဆန်း (၁)ရက်နေ့တွင် အဖိုးအဖွားများကို နံနက်ပိုင်းသက်ကြီးပူဇော်ပွဲလုပ်ပြီး၊ သံဃာတော်များဆွမ်းကပ်၊ တရားနာပြီး၊ ညနေပိုင်းတွင် ဘီယာ၊ အရက်အကောင်းစားများဖြင့် အောင်ပွဲခံကြသည်။

မှတ်မှတ်ရရ၊ စာရေးသူအမျိုးသမီးရေးရာ ဥက္ကဌတာဝန်ဖြင့် သက်ကြီးပူဇော်ပွဲတွင် အမျိုးသမီးအဖွဲ့ငယ်ဖြင့် ဧည့်ခံရစဥ်ကဖြစ်သည်။ သံဃာတော်များအား နှစ်ဆန်းတစ်ရက်နေ့ နံနက်ဆွမ်းကပ်သည်။ ဘိုးဘွားများကို ဖိတ်ကြားထားသဖြင့် လက်ဆောင်များပေးလှူသည်။ စီစဥ်သူများက ဘိုးဘွားများ၊ သံဃာတော်များကို ကားငယ်ဖြင့် တစ်သုတ်ပြီးတစ်သုတ်ပြန်ပို့သည်။ အမျိုးသမီးအဖွဲ့က ထမင်းစားပွဲဝိုင်းများ ပြင်ဆင်ဖြည့်စွက်၍ ထမင်းကျွေးမွေး ဧည့်ခံသည်။ ထိုအချိန်တွင် ရေနွေးခရား ငယ်လေးများလေးငါးလုံး အသစ်ရောက်လာပြီး အုပ်ချုပ်ရေးပိုင်းမှ အမျိုးသားများ စားပွဲပေါ် ရောက်နေပြီ။



ဩဝါဒ ပေးခဲ့ကြသည့် ဘိုးဘွား များ ပင် အကုန် မပြန်ရသေးဘဲ သူတို့ကထမင်းစား ရင်းခွက်လေးများထဲသောက်နေကြပြီ။ အမှတ်တမဲ့ကြည့်တော့ ရေနွေးငှဲ့ သောက်သလိုလို.... ဧည့်ခံနေသော အမျိုးသမီးအဖွဲ့ကိုမှ အားမနာ၊ရက်ရကောင်းမှန်းမသိဘဲ ခွက်ပုန်းသောက်နေခြင်းမှာ မဖြစ်သင့်သောကိစ္စ။ ဒါမျိုးကိုမလုပ်သင့်ဟု မည်သူကမှမထင်သော ဘာသာရေး အလှူများအပြီး အရက်ဝိုင်းဖွဲ့ကြခြင်းကို မလုပ်သင့်ကြောင်းကိုတော့ ရှောင်ကျဉ်သင့်ကြောင်းပြောလိုသည်။ အသံကောင်းရန်၊ စကားပြောကောင်းရန်၊ ထမင်းစားကောင်းရန်ဟု အကြောင်းပြနေခြင်းကို “မဆိုင်ပါဘူး” ဟုငြင်းရလိမ့်မည်။ အမျိုးသမီးများထဲမှ ဘီယာမသောက်သူများ အသံကောင်းနေကြခြင်းပင်၊ စကားပြောအာဝဇ္ဇန်းကောင်းကြသားပင်၊ ထမင်းစားကောင်းကြသည်ချည်းပင်။

အရက်ကြောင့် နဂိုရုပ်ပျောက်ခြင်း၊ အရက်ကြောင့် နဂိုစိတ်ပျောက်ခြင်းတို့ကြောင့် ဒုစရိုက်မှုများတိုးပွားလာကြသည်။ ဒါကိုငြင်း၍မရ။

“ကိုယ့်ပိုက်ဆံနှင့် ကိုယ်သောက်တာဘယ်သူ့ကိုထိခိုက်လို့လဲ” ဟုပြောသည်ကိုကြားဘူးသည်။ ဘယ်သူ့ကိုမှ မထိခိုက်ဘူး မထင်ပါနှင့်.....။ အနည်းဆုံးတော့ မိသားစုဝင်များကို ထိခိုက်သည် မဟုတ်ပါလား။ စာရေးဆရာများ၊ စာရေးဆရာမအရက်၊ဘီယာသောက်သည်ကို အတုယူသော လူငယ်တစ်ချို့ကိုလည်းထိခိုက်စေပါသည်။

“လူထုက လေးစားနေတဲ့ စာရေးဆရာ ကြီး တွေတောင် အရက်နဲ့ လန်းနေ တာ၊ သားတို့အတူ တူပိုင်းဖွဲ့ သောက်ခွင့်ရတာ” ဟု ပြောသည့် လူငယ်များကိုလည်း တွေ့ဘူးသည်။ ရပ်ကွက်၊မြို့နယ်အုပ်ချုပ်ရေးပိုင်းမှ လူကြီးသူမများနှင့် သောက်သုံးသူဖြစ်၍ အတူတူအရက်ဝိုင်းဖွဲ့ သောက်ရခြင်းကို ခန့်နားလေစွဟု ထင်သည့် လူငယ်များ၏ အကျင့်ကိုထိခိုက်၏။

အမေများ၊ ဇနီးသည်များနှင့် သမီးငယ်များ၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်၏။ အရက်သမားအမေ၊ အရက်သမားဇနီး၊ အရက်သမားရဲ့သမီး.....စသည်ဖြင့် စိတ်ပိုင်းဆိုင်ရာထိခိုက်သည်သာ။

စာရေးသူတို့သည် ကံငါးပါးလုံခြုံသူများဟု ကြွေးကြော်နေကြပြီး၊ အရက်ဆိုင်များမှိုလိုပေါက်လာခြင်းမှာ မဖြစ်သင့်၊ “သုရာမေရယ ကံ” ကျူးလွန်သည်နှင့် အခြားသောကံများကျူးလွန်ရန် လက်မရွံ့တော့ပြီ။ ငယ်စဥ်ကပင် ရွတ်ဆိုခဲ့ရသော (၃၈) ဖြာမင်္ဂလာကို နားစွဲသင့်လှသည်။ “အရက်သေစာ မသောက်နဲ့၊ မှောက်မှားတတ်တဲ့ အရာတွေ......” ဟူသော အသိစိတ်များရှိကြသည်။ ထို အသိစိတ်ဖြင့် ဆင်ခြင်တုံတရားရှိသင့်ကြောင်း ပြောချင်ပါသည်။

သည်ခေတ်၊ သည်ကာလကြီးထဲတွင် အရက်ဆိုင်၊ ဘီယာဆိုင်မရှိ၊ အရက်ကြော်ငြာ၊ ဘီယာကြော်ငြာမရှိသော ရွာကြီးတစ်ရွာရှိနေသည်။ ထိုရွာသည် မအူပင်မြို့နယ်(လေးအိမ်စုကျေးရွာ) ဖြစ်သည်။

ယခင်နှစ်က ဆရာမြင်းမူ မောင်နိုင်မိုး၊ ဆရာမိုး (Follow Me) နှင့် မိုးပန်းမွှန် (ရာမည)တို့ “မိုးသုံးမိုး” ဟောပေးရန် ဆရာဦးချစ်နိုင် (စိတ်ပညာ) ကဖိတ်ကြားပေးသည်။ စာရေးသူတို့ သုံးဦးလေးအိမ်စုကျေးရွာသို့ ရောက်တော့ သီလရှင်ဆရာလေးဒေါ်ဟေမာစာရီနှင့် နော်စိုးအိစံတို့ အမျိုးသမီးအဖွဲ့က စားသောက်ဖွယ်ရာများ ဖြင့် ဦးစွာဧည့်ခံသည်

ဆရာတော်ဦး ဝိစိတ္တသာရ (လေးအိမ်စုဆရာတော်) ကို ဦးချကန်တော့ကြပြီး ဆရာတော်၏မွေးနေ့ရောက်တိုင်း စာပေဟောပြောပွဲအတွက် ဆရာတော်မှစီစဥ် ဆောင်ရွက်ကြောင်း မိန့်ကြားသည်။ လေးအိမ်စု (အ.ထ. က)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရွာမှတာဝန်ရှိပုဂ္ဂိုလ်များဖြင့် ပြည့်နေသော ဓမ္မာရုံကြီးတွင် စာပေဟောပြောကြသည်။ နံနက်စာထမင်းစားပြီးချိန် မွန်းလွဲ (၁၂း၃၀)တွင် တစ်ကြိမ်ဟောသည်။ အ.ထ.က ကျောင်းသူ၊ ကျောင်းသားများအ တွက်စီစဥ်ခြင်းဖြစ်သည်။

ညပိုင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများအတွက် ရွာနီးချုပ်စပ်မှ ရွာသူရွာသားများဆိုင်ကယ်၊ စက်ဘီးကိုယ်စီဖြင့်ရောက်လာပြီး ဟောပြောပွဲကို နားထောင်သည်။ ဆရာတော်၏ စနစ်တကျစီစဥ်မှုဖြင့် အားလုံးပင် ဟောပြောပွဲနားထောင်ချိန်ရကြသည်။

မွန်းလွဲပိုင်းဟောပြောပွဲအပြီးတွင် ဆရာတော်တည်ထောင်ဖွင့်လှစ်ပေးထားသော “မင်္ဂလာစာကြည့်တိုက်” သို့ သွားကြသည်။ ဆရာတော်၏ ဒကာများက ရွာလည်ပိုင်းရှိ စာကြည့်တိုက်သို့ဆိုင်ကယ်ငါးစီးဖြင့် ပို့ပေးကြခြင်းပါ။ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ထိုးကြ၊ စာရေးဆရာများယူလာသော စာအုပ်များလှူကြ၊ မှတ်တမ်းဓာတ်ပုံရိုက်ကြနှင့် မောင်ရီပျိုးလုပြီ။ တစ်ရွာလုံးသို့ ဆရာလေး၏ကျောင်းမှ မီးပေးထားသဖြင့် လမ်းအနှံ့မီး

စာ - ၂၅ »


“ကိုယ့်ပိုက်ဆံနှင့် ကိုယ်သောက်တာဘယ်သူ့ကိုထိခိုက်လို့လဲ” ဟု ပြောသည်ကိုကြားဘူးသည်။ ဘယ်သူ့ကိုမှ မထိခိုက်ဘူးမထင်ပါနှင့်.....။ အနည်းဆုံးတော့ မိသားစုဝင်များကို ထိခိုက်သည်မဟုတ်ပါလား။စာရေးဆရာများ၊ စာရေးဆရာမ၊ အရက်၊ ဘီယာသောက်သည်ကို အတုယူသော လူငယ်တစ်ချို့ကိုလည်း ထိခိုက်စေပါသည်.....

## Transcom News journal Cartoons



# မြန်မာပရိသတ်ကြီးခံစားကြည့်ရှုခွင့်ရတော့မည့် "မုဒြာရဲ့ခေါ်သံ"









ပရိသတ်ကြီးအတွက် ရသတစ်မျိုးကို ပေးစွမ်းနိုင်မည်ဟု ယုံကြည်ထားသည့်"မုဒြာရဲ့ခေါ်သံ"ကိုပရိသတ်များရဲ့ ဝိုင်းရံအားပေးမှုများကြောင့် မတ်လ ၁၆ ရက်တွင် တစ်နိုင်ငံလုံးတွင် ရုံတင်ပြသနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည်မြန်မာအမျိုးသမီး ဒါရိုက်တာခရစ်(စ်)တီးနားခီ၏ ပထမဆုံးပွဲဦးထွက် ဇာတ်ကားဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊မြန်မာလေ့ထုံးတမ်း၊ မြန်မာ့ရှုခင်း၊ မြန်မာ့မိသားစု စရိုက်လက္ခဏာ တွေနဲ့ ထုံမွမ်းရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပြသရာတွင်ဆုများရရှိထားသော ဇာတ်ကားလည်းဖြစ်သည်။ ဒါရိုက်တာခရစ်(စ်)တီးနားခီက အဆိုပါ ဇာတ်ကားကို အခက်အခဲများစွာနှင့် ရိုက်ကူးခဲ့ခြင်းဖြစ်ပြီးဇာတ်ကားရိုက်ကူးခဲ့စဉ်က အခြေအနေများကို "အချိန်ယူ Edit လုပ်တယ်။ Editor တွေကိုလည်း အစ်မတို့ ဂျီးများတယ်ပေါ့။ ဖြစ်သလို ဆက်ပေးလိုက်တာမျိုး မကြိုက်ဘူး။ အစ်မရဲ့ ဇာတ်ကားက သူများတွေ ဇာတ်ကားနှစ်ဆယ်ရိုက်ကူးသလောက်ကြာတယ်" ဟုဆိုသည်။

ထို့ပြင် ဇာတ်လမ်းပုံစံမှာမြန်မာနိုင်ငံ၏ လှပသည့်နေရာများကိုထည့်သွင်းရိုက်ကူးထားခြင်းဖြစ်ပြီး ဇာတ်ကားရိုက်ကူးပြီး လေးနှစ်ကြာမှပြသခွင့်ရရှိသည့်အတွက်ကြောင့် ယနေ့ခေတ်အခြေအနေများနှင့် ကွာဟမည်ကိုလည်း စိုးရိမ်ခဲ့ရကြောင်းနှင့် အဆိုပါဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် တင်သည့်အခါ ရွေးချယ်ပြသခွင့်ရရှိသည့်အပြင် ဆုများလည်းရရှိခဲ့ကြောင်း ဂုဏ်ယူနိုင်ခဲ့သည့်ဇာတ်ကားဖြစ်ကြောင်းနှင့် ထိုဇာတ်ကားသည့် ရုပ်ရှင်ချစ်ပရိသတ်များကို ရသအသစ် တစ်မျိုးပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဒါရိုက်တာခရစ်(စ်)တီးနားခီက ပြောသည်။

အဆိုပါ ဇာတ်ကားမှာ အသက်နှစ်နှစ်အရွယ်မှပင် မွေးစားမိဘနှင့် လိုက်ပါသွားရသည့် ကလေးငယ်တစ်ဦး အရွယ်ရောက်လာချိန်တွင်မြန်မာနိုင်ငံသို့ပြန်လာကာ မိဘအရင်းအားပြန်လည်ရှာတွေ့ချိန်တွင် ခရီးသွားလုပ်ငန်းတည်ထောင်ထားသူ ယဉ်ကျေးမှု တက္ကသိုလ်ကျောင်းဆင်း မြန်မာအမျိုးသမီးတစ်ဦးနှင့် ဆုံစည်းကြပုံကိုပုံဖော်ထားသည့် ဇာတ်ကားဖြစ်သည်။

"မုဒြာရဲ့ခေါ်သံ" တွင် ဇာဏ်ခီ၊ လှယဉ်ကျေး၊ မာရီကိုးလ်၊ နန်းဝေဝေထွန်းတို့က အဓိကပါဝင်ထားပြီး "ဥပါယ်တံမျဉ်" ဇာတ်ကားဖြင့် ပရိသတ်အားပေးမှုများ ရရှိထားပြီးဖြစ်သောမင်းသားဇာဏ်ခီကို "မုဒြာရဲ့ခေါ်သံ"တွင် ပရိသတ်များ ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။

အိမ်စည်

# မကြာမီခံစားနားဆင်ရမည့် ဖြူဖြူကျော်သိန်းနှင့် အမေရိကန်အဆိုတော် Lancifer တို့ရဲ့ Miracle



တေးသံရှင်ဖြူဖြူကျော်သိန်းနှင့် အမေရိကန်အဆိုတော် Lancifer တို့ပူးပေါင်းသီဆိုထားသည့် Miracle သီချင်း Music Video ကို မတ်လကုန်တွင် ဖြန့်ချိသွားမည်ဖြစ် ကြောင်းသိရသည်။

အဆိုပါ Music Video ကို On Air အစီအစဉ်တွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်ပြီး Audio နှင့် Music Video ကို မတ်လကုန်တွင် ဖြန့်ချိသွားမည်ဖြစ်သည်။ ယင်း Miracle သီချင်းတွင် အမေရိကန်အဆိုတော် Lancifer နှင့် Wendell Ray တို့ပူပေါင်းသီဆိုထားကြောင်း သိရ သည်။

အဆိုပါ Music Video နှင့် ပတ်သက်၍ ဖြူဖြူကျော်သိန်းက "သူက အမေရိကန်အဆိုတော်ပါ။ လောလောဆယ်တော့ မဲဆောက်မှာ အခြေစိုက်ပါတယ်။ မဲဆောက်မှာ လုပ်တဲ့ ထိုင်း-မြန်မာ ချစ်ကြည်ရေး ကုန်စည်ပြပွဲမှာ ဖျော်ဖြေဖို့သွားရင်းနဲ့ ဆုံဖြစ်ခဲ့တာပါ။ ဖြူဖြူအနေနဲ့ကတော့ နိုင်ငံခြားအဆိုတော်နဲ့ပူးပေါင်းပြီး အင်္ဂလိပ်သီချင်းတစ်ပုဒ်ပထမဆုံးလုပ်ဖြစ်တာပါ။ On Air အစီအစဉ် ရိုက်မှာဆိုတော့ အဲ့ဒီမှာ Launch လုပ်ရင်း တစ်ပြိုင်နက်တည်းမှာ Music Videoကိုဖြန့်ချိသွားပါမယ်" ဟု ဆိုသည်။

အဆိုပါ တေးသံရှင်ဖြူဖြူကျော်သိန်းနှင့် အမေရိကန်အဆိုတော် Lancifer တို့ ပူးပေါင်းသီဆိုဖန်တီး ထားသည့် Miracle သီချင်းကို Single Soung အဖြစ်စီဒီနှင့် Music Video မှာ ယခုလအတွင်း ဖြန့်ချိသွားမည်ဖြစ်ရာ သီချင်းထွက် ရှိလာပါကလည်း ပရိသတ်များအား ပေးကြပါဦးဟု ဖြူဖြူကျော်သိန်းက သူ၏ ပရိသတ်ကြီးကို စကားပါးထားပါသည်။

အိမ်စည်

# ဘုရားဟောနိပါတ်တော်ကို အခြေခံပြီးထားတဲ့ "မောင်မစ္စကဝိညာဉ်"

"မောင်မစ္စကဝိညာဉ်" သည် လှိုင်မျက်သွယ်၏ ဇာတ်လမ်းကိုနေစိုးသော် ဇာတ်ညွှန်းရေးဖွဲ့ပေးထားခြင်းဖြစ်သည်။ ထိုဇာတ်ကားကို ဒါရိုက်တာညီညီထွန်းလွင်က တွဲဖက်ဒါရိုက်တာသီလ၊ ဩရသတို့နှင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ထိုဇာတ်ကားမှာ နေ့ဘက်တွင် ယောက်ျားဖြစ်သော်လည်း ညဘက်တွင် မိန်းကလေးဘဝသို့ပြောင်းသွားပြီး ယောက်ျားလေးဘဝကိုမေ့သွားသည်။ ကိုကိုဇော်၏ ထိုအဖြစ်ကိုချစ်သူသွန်းနှင်းဆက် သိရှိသွားရာမှဖြစ်ပေါ်လာသည့် အဖြစ်အပျက်များကို ဟာသနှောကာ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

"မောင်မစ္စဝိညာဉ်" ဇာတ်ကားက ဘုရားဟောဇာတ်တစ်ခုကိုအခြေခံပြီး ရိုက်ကူးထားတာပါ။ အချို့အကြောင်းအရာတွေကိုကျတော့ ဆရာတော်ကြီးတွေကို လိုက်မေးရတာလည်းရှိတယ်။ သောရိယသူဌေးသားရဲ့ဇာတ်ဆိုပြီး ရှာလို့ရတယ်။ ဒီဇာတ်ကားက အခြောက်ဇာတ်ကားတော့မဟုတ်ဘူး။ ဒီဇာတ်ကားက မြန်မာပေါ်ကားတွေထဲမှာပါတဲ့ ဇာတ်ကားတစ်ကားပါ။ ဘုရားဟောနိပါတ်တော်ကို အခြေခံပြီး ခေတ်နဲ့လိုက်ဖက်တဲ့အကြောင်းအရာတွေကို ပေါင်းစပ်တင်ပြထားတာပါ" ဟု ဒါရိုက်တာညီညီထွန်းလွင်က ဆိုသည်။

"မောင်မစ္စကဝိညာဉ်" နှင့် ပတ်သက်ပြီး ခန့်စည်သူကလည်း "ဒီဇာတ်ကားမှာ နှင်းဆီဆိုတဲ့အမျိုးသမီးတစ်ယောက်ရဲ့ ဝိညာဉ်ဝင်ပူးခံရတဲ့နေရာက သရုပ်ဆောင်ထားပါတယ်။ သူ့ရဲ့အတိတ်ဘဝမှာတော့ မောင်မစ္စကရဲ့ ဝိညာဉ်ဝင်ပူးခံရတာပါ။ ဇာတ်လမ်းလေးကဆန်းလည်းဆန်းတယ်။ ဒီလိုမျိုးတစ်ခါမှလည်း သရုပ်မဆောင်ဘူးဖူး။ ဒီဇာတ်ကားပြန်ကြည့်တဲ့အချိန်မှာ လိုအပ်ချက်တွေကတော့မိတ်ကပ်ပါပဲ။ မိတ်ကပ်လျှော့လိုက်တဲ့အချိန်မှာ သိပ်အဆင်မပြေဘူးဖြစ်သွားတယ်" ဟုဆိုသည်။

"မောင်မစ္စကဝိညာဉ်" ဇာတ်ကားကို ရန်အောင်၊ ခန့်စည်သူ၊ မြင့်မြတ်၊ ရွှေမှုံရတီ၊ နန်းမြတ်ဖြိုးသင်းနေဆန်းစသည့် အနုပညာရှင်များဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

အိမ်စည်



# ချင်းပြည်နယ်ရှိ နတ်မတောင်ပေါ်တွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ညအိပ်ခွင့်ပြုတော့မည်မဟုတ်




ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် နတ်မတောင်ပေါ်တွင် ညအိပ်ခွင့်ပြုတော့မည်မဟုတ်ကြောင်း၊ ချင်းပြည်နယ်ရှိ ခေါ်နူးစုမ် (ခ) ဝိတိုရိယ (ခ) နတ်မတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ပေါင်းတစ်သောင်းကျော်တွင်တည်ရှိပြီး သစ်ခွပင်များ၊ တောင်ဇလပ်ပန်းများ၊ ချယ်ရီပန်းပွင့်များနှင့် တောတောင်သဘာဝအလှများ များစွာ ကျန်ရှိနေသော တောင်ဖြစ်ကြောင်း သိရသည်။

နတ်မတောင်သို့လာရောက်သည့် ဧည့်သည်များအနေဖြင့် တောင်ထိပ်ပေါ်တွင် ညအိပ်ပါကအအေးဒဏ်ကြောင့် မီးဖို၍ မီးလှုံသဖြင့်မီးဖိုးထားသည့်နေရာများ နေရာအနှံ့တွေ့မြင်ခဲ့ရပြီး၊ ညအိပ်သူများစွန့်ပစ်ခဲ့ကြသည့် အမှိုက်များ ပေါ်လာခြင်းတို့ကြောင့် နတ်မတောင်ပေါ်တွင် ညအိပ်ခွင့်မပြုရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မှာကြားခဲ့ခြင်းကြောင့် တားမြစ်ရခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် ဧည့်သည် ၂၄၅၃ယောက်၊ ၂၀၁၈ ဇန်နဝါရီလတစ်လတည်းတွင် ဧည့်သည် ၃၀၀ ကျော်လာရောက်လည်ပတ်ပြီး ယခုနှစ်တွင် ပြည်တွင်းပြည်ပဧည့်သည် ၃၀၀၀ လာရောက်လည်ပတ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"တောင်ပေါ်မှာကအအေးဓာတ်များတော့ မီးမွှေးပြီး မီးလှုံကြတယ်။ နောက်ပိုင်းအိပ်တဲ့သူများလာရင် မီးလှုံဖို့ထင်းတွေလိုတယ်။ အဲဒီမီးတွေကတစ်ဆင့်ကူးစက်ပြီးတော့ မီးတွေလောင်မယ်ဆိုရင် မလွယ်ဘူး။တောင်ပေါ်မှာ ညအိပ်ခွင့်ပိတ်တာကိုသဘောတူတယ်ဟု မင်းတပ်မြို့ခံ တစ်ဦးမှ ပြောသည်။

နတ်မတောင်သည် ပြည်တွင်းပြည်ပခရီးသွားများလာရောက်လည်ပတ်လျှက်ရှိသည့် တောင်တစ်တောင်ဖြစ်ပြီး၊ ယခုနှစ်တွင် ဧည့်သည်လာရောက် လည်ပတ်မှု ပိုမိုများပြားကြောင်း သိရသည်။

ပိုးအိမ်

## မြန်မာနိုင်ငံတွင် နိုင်ငံတကာရုပ်သေးပွဲတော် ပထမဆုံးအကြိမ် ကျင်းပမည်

လာမည့် မတ်လ ၂၅ရက်နေ့၊ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် မြန်မာနိုင်ငံနှင့် နိုင်ငံရပ်နိုင်ငံပူးပေါင်းကျင်းပမည့် ပထမဆုံးအကြိမ် နိုင်ငံတကာရုပ်သေးပွဲတော်ကိုကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပွဲတော်တွင် မြန်မာ့ရုပ်သေးနှင့် နိုင်ငံတကာမှ တုတ်ထိုးရုပ်သေး၊လက်ထိုးရုပ်သေးအစရှိသည့် ရုပ်သေးဖျော်ဖြေတင်ဆက်မှုများစွာ ပါဝင်မည်ဖြစ်ပြီး ပရိသတ်များအတွက် ရုပ်သေးကြိုးဆွဲနည်းပညာ သင်ကြားပေးခြင်းနှင့် ရုပ်သေးအရုပ်များ ဝယ်ယူနိုင်မည့် အစီအစဉ်များကို နံနက် ၉နာရီမှ ည ၉နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး (ဗဟို)ထံ မှသိရသည်၊

မြန်မာ့အနုသဘင် တစ်ခုဖြစ်သော ရုပ်သေးသဘင်ကို မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် မြှင့်တင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)၊ ရုပ်စုံရုပ်သေးပညာရပ်များ ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေးကော်မတီတို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာ့ရုပ်သေးသဘင်မှာ မြန်မာ့ဇာတ်သဘင်ထက်စောကာ ၁၈ ရာစု နှောင်းပိုင်းတွင် စတင်တည်ရှိခဲ့ကြောင်း၊ ရုပ်သေးသဘင်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး၊ ပြည်သူများအခမဲ့ လာရောက်ကြည့်ရှုနိုင်မည်ဖြစ် ကြောင်းသိရသည်။

လက်ရှိတွင် ရုပ်သေးသဘင်သည် ဟိုတယ်၊ စားသောက်ဆိုင်များတွင်ကပြရသည့်အနေအထားဖြစ်နေပြီး တိမ်ကောလာသည့်ရုပ်သေး သဘင်သည် အဆင့်မြင့်မားသည်ကိုပြသပြီး ပြည်သူတွေအနေနှင့်လည်းပိုပြီးချစ်မြတ်နိုးလာစေချင်ကြောင်း၊ထို့အပြင် ဩစတြေးလျ၊ ပြင်သစ်၊ အင်ဒိုနီးရှား၊ အစ္စရေး၊ အိန္ဒိယ၊ ထိုင်း၊ အမေရိကန်၊ ဂျပန်နိုင်ငံတို့မှရုပ်သေး ရုပ်စုံပညာရှင်များနှင့် မြန်မာနိုင်ငံမှ ရုပ်သေးပညာရှင်များက ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ပိုးအိမ်

» စာ - ၂၃

လင်းနေသည်။ ရွာထဲတွင်ရော၊ ဓမ္မာရုံတွင်ရေးဓမ္မတေးသံများပျံ့လွင့်နေသည်။

သည်မျှအကြောင်းအရာကို ရေးပြနေရသည်မှာအကြောင်းရှိသည်။ ဆရာတော် ဦးဝိစိတ္တရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ထိုရွာ "မင်္ဂလာတရားတော် ပျံ့ပွားရေးသင်တန်း" ရှိသည်။ "အင်္ဂလိပ်စကားပြော၊ အင်္ဂလိပ်စာရေးနည်းသင်တန်း" ရှိသည်။ "ကွန်ပျူတာသင်တန်းရှိသည်။ အလွန်ပင်ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဖွင့်လှစ်ဆောင်ရွက်ထား၏။

စားသောက်ဆိုင်များ၊ လဘက်ရည်ဆိုင်နှင့် မုန့်ဆိုင်များရှိသည်။ ထူးထူးခြားခြားပင် "အရက်ဆိုင်"၊ "ဘီယာဆိုင်" မရှိခြင်းကို အံ့အားတသင့်ဖြစ်ရသည်။ အရက်ကြော်ငြာ၊ ဘီယာကြော်ငြာမရှိပါ။ သိချင်လွန်းသဖြင့် ဆရာလေးဟေမာစာရီနှင့် နော်စိုးစံကို မေးကြည့်မိသည်။ ဆရာလေးပြောပြသည်မှာ ဘာသာတရားကိုသာ ဆရာတော်က အလေးအနက်ထားကြောင်း ပြောပြသည်။ နော်စိုးအိစံက ပြောပြသည်မှာ–

"ဒီရွာမှာ အရက်ဆိုင်နဲ့ ဘီယာဆိုင်မရောင်းဖို့ ဆရာတော်က မေတ္တာရပ်ခံခဲ့တာ၊ သူတစ်ပါးရဲ့ပျက်စီးရာပျက်စီးကြောင်းဖြစ်မယ့် ပစ္စည်းနဲ့ စီးပွားမရှာဖို့ပြောပြတယ်။ ဒီရွာမှာဘယ်သူမှ မူးယစ်ဆေးဝါး၊ အရက်၊ ဘီယာနဲ့စီးပွားမရှာဘူး" ဟု ပြောပြသည်။

ကောင်းလေစွ.......ဟု တွေးမိသည်။ သည်လိုရွာများတိုးပွားသင့်ပြီ၊ ယခုတစ်ပတ်အတွင်း ဖတ်လိုက်ရသောသတင်းတစ်ပုဒ်တွင် ချင်းပြည်နယ်ရှိမြို့တစ်မြို့အကြောင်းဖြစ်သည်။ ထိုမြို့လေးကို "အရက်မသောက်သောနယ်မြေအဖြစ် သတ်မှတ်နိုင်အောင်ကြိုးစားမည်ဟု စာရေးသူကပြောထားသည်။ ချင်းလူမျိုးတို့၏ ဓလေ့စရိုက်အရသောက်သုံးခဲ့ကြသော်လည်း တဖြည်းဖြည်းရှောင်ကျဉ်ကြရန် တိုက်တွန်းလှုံ့ဆော်သွားမည်ဟု သိရသည်။

အဘယ်ကြောင့် ထိုသို့လှုံ့ဆော်တိုက်တွန်းရပါသလဲဟု မမေးပါနှင့် "ဒုစရိုက်မှုလျော့ပါးရေးအတွက်" ဟု လူတိုင်းသိသည်။ အရက်သောက်ခြင်းကြောင့် အမှားများစွာဖြစ်လာနိုင်သည်။ ထိုအမှားများကြောင့် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားခြင်းများတိုးပွားလာမည်။ လုယက်မှုများ၊ ဆိုးခိုးတိုက်ခိုက်မှုများ မထိမ်းနိုင်မသိမ်းနိုင်ဖြစ်မည်။ ထို့ကြောင့် အရက်သေစားသောက်စားခြင်းမပြုလုပ်ရန် ကြိုးစားကြခြင်းဖြစ်သည်။

ပြောချင်သည့်စကားတစ်ခွန်းရှိသည်။

"အရက်ဘီယာစက်ရုံများတည်ဆောက်ခွင့်၊ ထုတ်လုပ်ရောင်းချခွင့်များမပေးလျှင် မဖြစ်ဘူးလား.....၊ နိုင်ငံ့ဝင်ငွေကို တစ်ခြားသောစက်မှုလုပ်ငန်းများ တည်ထောင်ခြင်းဖြင့်ရောမရနိုင်ဘူးလား......"

ထိုသို့ အရက်ထုတ်လုပ်ရောင်းချခြင်းများကြောင့် အလွယ်တကူဝယ်ယူနိုင်ကြခြင်း၊ အလွယ်တကူလက်တည့်စမ်းသောက်သုံးကြခြင်းဖြစ်သည်။ ဒုစရိုက်မှုပပျောက်ရေးဟု အတွင်အော်နေခြင်းဖြင့် လျော့ပါးသွားမည်မဟုတ်။ မှောင်ခိုရောင်းဝယ်နေကြသော မူးယစ်ဆေးများ၊ စိတ်ကြွဆေးပြားများ၊ ဓာတုပစ္စည်းထိမ်းချုပ်မှုများကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးပြဿနာများဖြစ်ပေါ်နေခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဖြစ်စေ၊ အခြားသောဘာသာခြားဖြစ်စေ၊ ဘာသာတရားများတွင် အဆုံးအမရှိသည်ချည်းပင်။ စိတ်ရောဂါကုဆေးရုံကြီးတွင် အရက်ကြောင့်၊ အရက်နှင့်ဆက်စပ်သော စိတ်ကျန်းမာရေးချို့ယွင်းမှုများကြောင့် ကုသနေရသည့် ရောဂါသည်များတိုးပွားနေသည်ဟု သိရသည်။ ထို့ကြောင့်ပင်သက်ဆိုင်ရာ ဘာသာတရားအလိုက်၊ ဘာသာတရား၏အဆုံးအမနှင့် နေထိုင်ကြရန်လိုအပ်ပါသည်။

မြို့ပြဖြစ်စေ၊ ကျေးရွာဖြစ်စေ "ဘုန်းကြီး၊ ရွာလူကြီး၊ ဆရာကြီး၊ ဆရာမကြီး" စသည့် ကြီးသုံးကြီးမှ ကွပ်ကဲ၍ ဘာသာတရားဖြင့် ကွပ်ကဲခြင်း၊ လူမှုရေးဖြင့်ကွပ်ကဲခြင်း၊ ပညာဖြန့်ဝေမှုဖြင့် ကွပ်ကဲခြင်းများ အထူးဆောင်ရွက်သင့်ချိန်တန်ပါပြီ။

လူကြီးသူမများကလည်း လူငယ်များအတုယူမှားစေမည့် အပြုအမူများရှောင်ကျဉ်ကြလျှင်၊ ရုပ်ရှင်များမှ အရက်ဖြင့်အောင်ပွဲခံသော ပုံစံများအတုယူမှားစေမည့် အပြုအမူများရှောင်ကျဉ်ကြလျှင်၊ အရက်ကြော်ငြာများလည်း၊ အရက်ကိုရှုံ့ချသည့် ကြော်ငြာများဖြစ်လာလျှင် ကောင်းလေစွဟု တွေးမိပါသည်။

လေးအိမ်စု ဆရာတော်အရှင်ဝိစိတ္တသာရကဲ့သို့ ကိုယ့်ရပ်ကိုယ့်ရွာတွင် အရက်ဖြင့် စီးပွားရှာမည့်သူများကို မေတ္တာရပ်ခံသူများ တိုးပွားစေချင်ကြောင်း အသိပေးတင်ပြအပ်ပါသည်။




Transcom News journal Cartoons






# PHOTO NEW

ကျော်ကျော်



**Master 2nd ဆုရ အံ့ထည်ဝါမှ ဆုလက်ခံရယူပြီး ဆုရသူများနှင့် အတူတွေ့ရစဉ်**




ဖေဖော်ဝါရီလ (၂၄) ရက်က ဆူးလေရှန်ဂရီလာဟိုတယ်တွင် **Mundipharma (Myanmar)** ကုမ္ပဏီမှ **Betadine Cold Defence Nasal Spray Product** အသစ် မိတ်ဆက်ပွဲ အခမ်းအနားကျင်းပခဲ့သည်။



မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ် Octagon International Services Co.Ltd မှ CLAAS Brand ကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် မိတ်ဆက်လိုက်ကြောင်း၊ CLAAS သည် အရှေ့တောင်အာရှ ဈေးကွက်အတွင်း ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ ဈေးကွက်ဖြန့်ကျက် ရောင်းချလျှက်ရှိသည်။

## POND'S ရဲ့ မျော်ခရာအမြည့်နဲ့ နွေရာသီ ပရိုမိုးရှင်းအစီအစဉ်




"နွေရာသီ ပရိုမိုးရှင်း" အစီအစဉ်တွင် POND'S Brand Ambassador ပြည်သူချစ်အနုပညာရှင်တစ်ဦးဖြစ်သော ဖွေးဖွေးနှင့်အတူ ငွေဆောင်သို့ တစ်ညအိပ်ခရီးသွားရောက်နိုင်မည့် အခွင့်အရေးကို ရယူနိုင်မည်ဖြစ်ပြီး ပရိုမိုးရှင်းကာလအတွင်းမည်သည့် POND'S အလှကုန်ပစ္စည်းကိုမဆို ၈၀၀၀ ကျပ်ဖိုး ဝယ်ယူသူတိုင်း ဖွေးဖွေး လက်မှတ်ပါဝင်သည့် POND'S အိတ် (၁)လုံး ပြန်လည်ရယူနိုင်ကြောင်း သိရသည်။

အဆိုပါ နွေရာသီပရိုမိုးရှင်းမိတ်ဆက်အခမ်းအနားကို ကမာရွတ်မြို့နယ်၊ Junction Square မတ်လ ၁ ရက်ညနေ ၃ နာရီကကျင်းပခဲ့သည်။

အခမ်းအနားတွင် POND'S Brand Ambassador ဖွေးဖွေးမှ ရိုးရှင်းသော အသားအရေထိန်းသိမ်းနည်းများကို မျှဝေပေးမည်ဖြစ်ပြီး ကံထူးရှင် (၅)ဦးကို ဖွေးဖွေးကိုယ်တိုင်ရွေးချယ်ပေးခဲ့သည်။ ထို့အပြင်ပျော်ရွှင်ဖွယ်ရာဂိမ်းအစီအစဉ်နှင့် တက်ရောက်လာသော ဧည့်သည်တော်များအတွက် အထူးအစီအစဉ်များလည်း ကျင်းပပေးခဲ့ကြောင်းသိရသည်။

ကျော်ကျော်

## တစ်နှစ်သား Yangon Book Plaza အထိမ်းအမှတ်ပွဲကျင်းပ

Yangon Book Plaza သည် ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ရက်မှစတင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင်တစ်နှစ်ပြည့်ခဲ့ပြီးကြောင်း တစ်နှစ်တင်းတင်းပြည့်အထိမ်းအမှတ်ပွဲအဖြစ် မတ်လ၁ရက်နေ့မှ ၅ ရက်တိုင်အထူးအစီအစဉ်များစွာတို့ဖြင့် လမ်းမတော်၊ သံဈေး ၅လွှာရှိ Yangon Book Plaza တွင် ကျင်းပခဲ့သည်။

စာအုပ်ရောင်းချရုံ သီးသန့်မဟုတ်ဘဲစာပေလှုပ်ရှားမှုများ၊ အထိမ်း အမှတ်ပွဲများ၊ စာအုပ်မိတ်ဆက်ပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ ပန်းချီပြပွဲများစွာကို တစ်နှစ်အတွင်း Yangon Book Plaza တွင် အောင်မြင်စွာအကောင်းအထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စာပေဖတ်ရှုနန်းနိမ့်ပါးသည့် မြန်မာနိုင်ငံမှာယခုကဲ့သို့ Book Plaza တစ်ခုဖွင့်လှစ်ရခြင်းမှာ ကြီးမားတဲ့ စိန်ခေါ်မှုကြီးတစ်ခုဖြစ်ကြောင်း စာပေချစ်သူများရဲ့ အားပေးမှုများကြောင့် တစ်နှစ်ဆိုသည့်အချိန်ကာလတစ်ခုကိုအောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်းနောင်နှစ်ပေါင်းများစွာကိုလည်းစာပေချစ်သူများစွာနှင့် အတူကျော်ဖြတ်နိုင်အောင် ကြိုးစားသွားဖြစ်ကြောင်း အထိမ်းအမှတ်ဖိတ်ကြားလွှာမှသိရသည်။

ဈေးလျှော့လေ့မရှိသည့် ဆရာမဂျူးစာအုပ်များ၊ ဆရာဖေမြင့်စာအုပ်များကိုလည်း ၁၀ ရာခိုင်နှုန်းလျှော့ထားပေးကြောင်း၊ စာအုပ်ဝယ်ယူသူတိုင်းအတွက် ဗလာမပါကံစမ်းမဲအစီအစဉ်တွေရှိကြောင်း။ စာအုပ်တိုင်ကိုလည်း ဈေးလျှော့ပေးဦးမျာဖြစ်ကြောင်း အထိမ်းအမှတ်ပွဲအတွင်းစာအုပ်တိုင်းကိုမူရင်းဈေးနှင့် လုံးဝရောင်းမှာမဟုတ်ကြောင်း အနည်းဆုံး ၁၀ ရာခိုင်နှုန်းလျှော့ရောင်းမှာဖြစ်ကြောင်း စာပေတိုက်တစ်ခု၏ စာအုပ်ရောင်းသူတစ်ဦးကဆိုသည်။

စာပေတိုက်တွေက ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိလျှော့ရောင်းပေးကြောင့်၊ စာအုပ်အဟောင်းအသစ်မရွေးလျှော့ ရောင်းပေးကြောင့် စိတ်အေးလက်အေး ရွေးဝယ်ယူနိုင်ကြောင်း ကိုယ်တိုင်ဖတ်ရှုပြီး သိမ်းဆည်းဖို့ဖြစ်စေ၊ လက်ဆောင်ပေးဖို့ဖြစ်စေ၊ စာကြည့်တိုက်များကို လှူဒါန်းဖို့ဖြစ်စေ၊ စာအုပ်စုံလင်စွာကို ဝယ်ယူလိုရကြောင်း စာပေချစ်၊ စာအုပ်များဝယ်ယူနေသူတစ်ဦးကပြောသည်။

တစ်နှစ်ပြည့် အထိမ်းအမှတ်ပွဲကိုလာ ရောက်အားပေးကြသည့်စာပေချစ်သူများ၊ စာအုပ်တိုက်အသီးသီးမှ တာဝန်ရှိသူများ၊ ထုတ်ဝေသူများ၊ စာပေ ပညာရှင်များတစ်ယောက်စီတိုင်းကို Yangon Book Plaza မိသာစုကလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်းသိရသည်၊ ကျော်ကျော်



## မြောက်ကိုရီးယားအပေါ် အကြီးမားဆုံး အရေးယူပိတ်ဆို့မှု အသစ်များ အမေရိကန်သတ်မှတ်





မြောက်ကိုရီးယားအပေါ် အကြီးမားဆုံးအရေးယူပိတ်ဆို့မှုအသစ်တစ်ခု သတ်မှတ်လိုက်ကြောင်းအမေရိကန်အစိုးရက အတည်ပြုကြေညာခဲ့သည်။ သမ္မတဒေါ်နယ်လ်ထရမ့်က အမေရိကန်၏ ယခုပိတ်ဆို့မှု အသစ်သည် မြောက်ကိုရီးယားနှင့် ပတ်သက်၍ အကြီးမားဆုံးအရေးယူမှုတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အရေးယူမှုသည် မြောက်ကိုရီးယားသာမက ဘဲတရုတ်နှင့် ထိုင်ဝမ်တို့တွင် အခြေစိုက်ထားသည့် ရေကြောင်း သယ်ယူပို့ဆောင်ရေးကုမ္ပဏီအချို့မှ သင်္ဘောအစီးရေ ၅၀ကျော်ကို အဓိကပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်၊ အဆိုပါသင်္ဘောများ အားလုံးသည်မြောက်ကိုရီးယား၏ ရေကြောင်းကုန်သွယ်မှုအတွက် ပါဝင်ထောက်ပံ့ပေးနေကြောင်း အမေရိကန်ကဆိုသည်။

မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်နှင့် တိုက်ချင်းပစ်ဒုံးကျည်နည်းပညာ ဖော်ဆောင်မှုများကြောင့် အမေရိကန်နှင့် ကုလသမဂ္ဂ၏ ဆက်တိုက်အရေးယူပိတ်ဆို့မှုအများအပြားနှင့် ယခင်ကတည်း ကြုံတွေ့ထားရပြီးဖြစ်သည်။

သို့သော် ကင်မ်ဂျုံအန်း ဦးဆောင်နေသည့် အထီးကျန်ကွန်မြူနစ်နိုင်ငံသည် ၎င်းတို့၏ တာဝေး တိုက်ချင်းပစ်ဒုံးကျည်နှင့် နျူကလီးယားစမ်းသပ်မှုများကို ယမန်နှစ်အထိ ဆက်လက်လုပ်ဆောင်နေခဲ့သည်။

ယခုသတ်မှတ်လိုက်သည့် အရေးယူမှုအသစ်များက မြောက်ကိုရီးယားအပေါ် ပိုမို၍အကျပ်အတည်းကြုံသွားစေမည်ဟု အမေရိကန်အစိုးရတာဝန်ရှိသူများက သုံးသပ်ကြသည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အရေးယူပိတ်ဆို့မှု စာရင်းတွင် ပါဝင်လာသော ကုမ္ပဏီပေါင်း ၂၇ ခုအနက် ၁၆ခုသည် မြောက်ကိုရီးယားတွင်အခြေစိုက်ကြသည်။

ထို့အပြင် ဟောင်ကောင်တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ ၅ခု၊ တရုတ်မှ ၂ခု၊ ပနားမားနှင့် စင်ကာပူတို့မှကုမ္ပဏီတစ်ခုစီသည်လည်း ယခုပိတ်ဆို့မှု သတ်မှတ်စာရင်းတွင် ပါဝင်လာကြသည်။

ဖေဖော်ဝါရီ ၂၃ရက် သတင်းစာရှင်းလင်းပွဲတွင်ထရမ့်က ယခုနောက်ဆုံးအရေးယူမှုအသစ်များက ထိရောက်မှုမရှိခဲ့လျှင် ပိုမိုတင်းကျပ်သည့် နောက်တစ်ဆင့်သို့ထပ်တက်မည်ဟု သတိပေးသွားခဲ့သည်။ "ဒီအရေးယူမှုတွေ မထိရောက်ဘူး ဆိုပါစို့။ ကျွန်တော်တို့ ဒုတိယအဆင့်ကို ဆက်သွားမယ်။ အဲဒီအဆင့်က သိပ်ခက်ထန်လိမ့်မယ်။ တစ်ကမ္ဘာလုံး အတွက်ပါ မကောင်းတဲ့ ရိုက်ခတ်မှုတွေရှိနိုင်ပါတယ်။ မြောက်ကိုရီးယားဟာ တကယ်ဆိုးရွားတဲ့နိုင်ငံတစ်ခုပါ။ သူတို့နဲ့ သဘောတူညီမှုတစ်ခုရနိုင်ရင် ကောင်းပါတယ်။ မဟုတ်ဘူးဆိုရင်တော့ တစ်ခုခုဖြစ်ပျက်ကြုံတွေ့လာမှာပဲ"ဟု ထရမ့်ကဆိုသည်။ ၎င်းက ဒုတိယအဆင့်ဆိုသော စကားလုံး၏ ရည်ညွှန်းအဓိပ္ပါယ်ကိုမူ ပွင့်ပွင့်လင်းလင်းပြောဆိုမှု မရှိခဲ့ချေ။

မြောက်ကိုရီးယားသည် နိုင်ငံတကာပိတ်ဆို့မှုများစွာနှင့် ဆက်တိုက်ကြုံနေရပြီး ပြီးခဲ့သည့်နှစ်၊ ဒီဇင်ဘာလကလည်း ကုလသမဂ္ဂသည် မြောက်ကိုရီးယားသို့တင်သွင်းသည့် လောင်စာဆီ ၉၀ရာခိုင်နှုန်းထိ ဖြတ်တောက်ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့သည်။

လရောင်– Ref: CNN



## အမေရိကန် အရေးယူပိတ်ဆို့မှုအသစ်ကို မြောက်ကိုရီးယားအစိုးရ ပြစ်တင်ရှုတ်ချ

အမေရိကန်အစိုးရက ပြုံယမ်းအစိုးရအပေါ် အရေးယူပိတ်ဆို့မှုသစ်များ ထပ်မံချမှတ်ရန် ကြေညာချက်ကို မြောက်ကိုရီးယားက ဖေဖော်ဝါရီ ၂၅ရက်တွင်ပြစ်တင်ရှုတ်ချခဲ့သည်။ အမေရိကန်အစိုးရ၏ အဆိုပါ အရေးယူပိတ်ဆို့မှုသစ်သည် ၂၀၁၈ဆောင်းရာသီအိုလံပစ်ပွဲတော်ကို အကြောင်းပြု၍ တိုးတက်လာသော တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ပြိုလဲစေရန် ကြိုးစားခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

"ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းပြီးတော့ အိုလံပစ်ပွဲတော်ကို အောင်အောင်မြင်မြင်ကျင်းပခဲ့ပါတယ်"ဟုမြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြောင်းKC-NA သတင်းဌာနက ဖော်ပြသည်။

ယင်းသို့ ကိုရီးယားနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးချောမွေ့နေစဉ် အိုလံပစ်ပွဲတော်အခမ်းအနားမတိုင်မီ အမေရိကန်က မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်၍ ကိုရီးယားကျွန်းဆွယ်၌ စစ်ပွဲဖြစ်ပွားနိုင်သည့်အန္တရာယ်ဆောင်ကျဉ်းလာကြောင်း ထိုသတင်းဌာနက ပြောသည်။

ပြုံယမ်းအစိုးရအနေဖြင့် အမေရိကန်၏ အဆိုပါ အရေးယူပိတ်ဆို့မှုအသစ်ကို စစ်လိုလားသောခြေလှမ်းတစ်ရပ်အဖြစ်ယူဆမည်ဟု ထိုသတင်းဌာနက ပြောသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ညီမ ကင်ယိုဂျုံဦးဆောင်သော မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားတွင် ကျင်းပသောထိုအိုလံပစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ မြောက်ကိုရီးယားသို့ပြန်ပြီးနောက် ပြုံယမ်းသို့ လာရောက်တွေ့ဆုံဆွေးနွေးရန် ကင်ဂျုံအန်က တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်အား ဖိတ်ကြားခဲ့သည်။

လရောင်—Ref: Reuters

## မြောက်ကိုရီးယားနှင့် ဆွေးနွေးဖြစ်ပါက နျူကလီးယားဖျက်သိမ်းရေးကိုသာ ဦးတည်မည်ဟု အမေရိကန်ဆို

မြောက်ကိုရီးယားနှင့် ဆွေးနွေးမှုများပြုလုပ်ဖြစ်ပါက အဓိကရည်မှန်းချက်ပန်းတိုင်သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက်သာ ဦးတည်စေမည်ဟု အမေရိကန်ကပြောကြားခဲ့သည်။ တောင်ကိုရီးယားတွင် ပြုလုပ်သည့် ဖြောင်ချန်းဆောင်းရာသီအိုလံပစ်ပိတ်ပွဲသို့ တက်ရောက်ခဲ့သည့် မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ကငင်းတို့၏ အစိုးရသည်အမေရိကန်နှင့် ဆွေးနွေးမှုများပြုလုပ်ရန် လိုလားလမ်းဖွင့်ထားသည်ဟု အသိပေးခဲ့ကြောင်း တောင်ကိုရီးယားက ဆိုသည်။

မြောက်ကိုရီးယားက ဆွေးနွေးမှုများအတွက် အဆင်သင့်ဖြစ်နေပြီဆိုသောသတင်းစကားကို စောင့်ကြည့်နေကြောင်း၊ သို့သော်ဆွေးနွေးမှုအားလုံး၏ ရည်မှန်းချက်သည် မြောက်ကိုရီးယား၏ နျူကလီးလက်နက်ပိုင်ဆိုင်မှုကို ရုပ်သိမ်းရန်အတွက်သာ ဦးတည်စေမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်ခဲ့သည်။

"မြောက်ကိုရီးယားအစိုးရရဲ့ သတင်းစကားဟာ နျူကလီးယားဖျက်သိမ်းမှုရဲ့ ပထမအဆင့်ခြေလှမ်းတွေကို ကိုယ်စားပြုပြီး ဆွေးနွေးညှိနှိုင်းလိုသလားဆိုတာကို စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်"ဟု အိမ်ဖြူတော်၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

မြောက်ကိုရီးယားသည် ယခင်ကမူအမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးရန်ဖြစ်နိုင်ခြေမှန်သမျှကို ငြင်းဆိုမည်ဖြစ်ကြောင်း အတိအလင်းပြောဆိုခဲ့ဖူးသည်။

ကျင်းပခဲ့ပြီး မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက် အိုလံပစ်ပိတ်ပွဲအခမ်းအနားမတိုင်မီတွင် တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်၊ အိုလံပစ်ပိတ်ပွဲသို့ အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်၏ သမီးဖြစ်သူ အိုင်ဗန်ကာ ထရမ့်လည်းတက်ရောက်ခဲ့သော်လည်း ဗိုလ်ချုပ်ကြီး ကင်မ်ယောင်ချိုလ် ဦးဆောင်သည့် မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရန် စီစဉ်ထားခြင်း မရှိဟုလည်း သတင်းများက ဖော်ပြသွားသည်။

လရောင် Ref: Reuters

## တရုတ်နိုင်ငံတွင် လေယာဉ်တစ်စီးပေါ်၌ လက်ကိုင်အိတ်အတွင်း ဖုန်းအားသွင်းဘက်ထရီ မီးလောင်မှုဖြစ်ပွား

ကွမ်ကျိုးမြို့မှ ဘေဂျင်းမြို့သို့ပျံသန်းမည့် တရုတ်နိုင်ငံတောင်ပိုင်း လေကြောင်းလိုင်းမှ လေယာဉ်တစ်စီးပေါ်၌ ခရီးဆောင်အိတ်ငယ်များထည့်သည့် အပေါ်ဘက်အကန့်တွင် အိတ်တစ်လုံးအတွင်းမှ ဖုန်းအားသွင်းသည့်ဘက်ထရီ (Power Bank)တစ်ခု မီးလောင်ခဲ့၍ ထိုလေယာဉ်ပေါ်ရှိ ခရီးသည်များပြန်လည် ဆင်းခဲ့ရသည်။ ဖေဖော်ဝါရီ ၂၅ရက်တွင် ကွမ်ကျိုးမြို့မှ ဘေဂျင်းမြို့သို့ပျံသန်းမည့် CZ3539လေယာဉ်ပေါ်၌ ခရီးသည်ထိုင်ခုံအပေါ်ဘက်ရှိအိတ်ငယ်များထည့်သည့်အကန့်တွင် လက်ကိုင်ခရီးဆောင်အိတ်တစ်လုံးမှ မီးခိုးများထွက်လာပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း China Southern Airlines လေကြောင်းလိုင်းက ထုတ်ပြန်ချက်တွင် ပြောသည်။

အဆိုပါမီးလောင်မှုကို မီးသတ်နှင့်လုံခြုံရေးဌာနအကူအညီဖြင့် ငြိမ်းသတ်ခဲ့ပြီး တစ်စုံတစ်ရာပျက်စီးထိခိုက်မှုမရှိကြောင်း ထိုလေကြောင်းလိုင်းက ပြောသည်။

ထိုအိတ်ပိုင်ရှင်ခရီးသည်ကို ရဲတပ်ဖွဲ့ကခေါ်ဆောင်ခဲ့ပြီး ကနဦးစုံစမ်းစစ်ဆေးမှုအရ ယင်းအိတ်အတွင်းရှိ Power Bankသည် မီးလောင်မှုဖြစ်ပွားစဉ် ဖုန်းအားသွင်းထားခြင်း မရှိကြောင်းသိရသည်။

ယင်းသို့ လေယာဉ်ပေါ်တွင် မီးလောင်မှုဖြစ်ပွားပြီးနောက် ခရီးသည်များအား နောက်ထပ်အစားထိုးလေယာဉ်တစ်စီး စီစဉ်ပေးခဲ့ရ၍ ထိုလေယာဉ်သည် GuangzhouBaiyun International Airport လေဆိပ်မှ ဒေသစံတော်ချိန်နေ့ လယ် ၂နာရီ ၅၃မိနစ်ခန့်မှသာ ထွက်ခွာခဲ့ရကာ မူလသတ်မှတ်ထားသည့် ထွက်ခွာချိန်ထက် သုံးနာရီခန့် နောက်ကျခဲ့သည်။

အခင်းဖြစ်ပွားစဉ် ခရီးဆောင်အိတ်အတွင်းမှ Power Bank မီးလောင်နေသည်ကို ခရီးသည်တစ်ဦးက ရေပုလင်း၊ အချိုရည်ပုလင်းဖြင့် ငြိမ်းသတ်နေသည့် ဗီဒီယိုဖိုင်လူမှုမီဒီယာစာမျက်နှာများတွင် ပျံ့နှံ့ခဲ့သည်ဟန်းဖုန်း၊ လက်ပ်တော့နှင့် Power Bankစသည့် အီလက်ထရွန်နစ်ပစ္စည်းများကို မီးလောင်နိုင်သည့် အန္တရာယ်ရှိသောကြောင့် နိုင်ငံတကာအရပ်ဘက်လေကြောင်းပျံသန်းမှုအဖွဲ့က ခရီးဆောင်အိတ်များအတွင်း သယ်ယူခွင့်တားမြစ်ခဲ့သော်လည်း လက်ကိုင်ခရီးဆောင်အိတ်ငယ်များတွင် သယ်ယူခွင့်ပြုနေဆဲဖြစ်သည်။

လရောင်-Ref: CNA



# ရုရှား၏ ခေတ်အမီဆုံးတိုက်လေယာဉ်များကို ဆီးရီးယားသို့ စေလွှတ်







ရုရှားသည် ၎င်းတို့၏ခေတ်အမီဆုံး တိုက်လေယာဉ်များကို ဆီးရီးယားသို့ စေလွှတ်ခဲ့ကြောင်း သိရှိရသည်။ အမေရိကန်စစ်ဘက်အရာရှိ တစ်ဦးကရုရှား စစ်တပ်ပိုင်းနည်းပညာအမြင့်ဆုံး Su-57တိုက်လေယာဉ်များသည်ဆီးရီးယား စစ်ပွဲတွင် ပါဝင်လာဖွယ်ရှိနေကြောင်းဆိုသည်။ Su-57များကို ၂၀၀၉ခုနှစ်တွင် စတင်ထုတ်လုပ်ပြီး လက်တွေ့ပျံသန်းနိုင်သည့် အဆင့်မြှင့်တင်ဆဲအဆင့်အဖြစ်သာ သတ်မှတ်ထားသေးသည်။

Sukhoiကုမ္ပဏီထုတ်တစ်ယောက်စီး တိုက်လေယာဉ်များသည်ရေဒါဖြင့် ထောက်လှမ်းမှုကို ရှောင်ကွင်းနိုင်သည့် ကိုယ်ပျောက်နည်းပညာပါရှိပြီး ခန့်မှန်းတန်ဖိုးတစ်စီးလျှင် ဒေါ်လာသန်း ၅၀မျှထိကျသင့်နိုင်ကြောင်း သိရသည်။

ရုရှားသမ္မတဗလာဒီမာပူတင်က ဆီးရီးယားတွင် တပ်ဖွဲ့ဝင်ဦးရေကိုသိသာစွာလျှော့ချရန် စီစဉ်ထားကြောင်း ပြောဆိုထားသည့်တိုင် ပိုမိုခေတ်မီဆန်းသစ်သည့်စစ်လက်နက်များ ဖြည့်တင်းပေးပို့သည့် သဘောမျိုးဖြစ်လာသည်။

Su-57များကို ဖြန့်ကျက်ရန် ဆုံးဖြတ်ခဲ့ခြင်းသည် အမေရိကန်၏ ခေတ်အမီဆုံး F-22ကိုယ်ပျောက် တိုက်လေယာဉ်များ ဆီးရီးယား၌ စစ်ဆင်ရေးဆင်နွှဲနေမှုနှင့် တိုက်ရိုက်ဆက်စပ်ဖွယ်ရှိနေသည်။ အမေရိကန်တစ်နိုင်ငံတည်းသာ ပိုင်ဆိုင်သည့် F-22များသည် ဖေဖော်ဝါရီ ၇ရက်က လေကြောင်းစစ်ဆင်ရေးတစ်ရပ်တွင် ဆီးရီးယားအစိုးရတပ်များကို ပါဝင်တိုက်ခိုက်သွားခဲ့သည်။

မြေပြင်ရှိမဟာမိတ်သူပုန်တပ်များကို လေကြောင်းပစ်ကူပေးသည့်ယင်းတိုက်ခိုက်မှုတွင် ဆီးရီးယားသမ္မတဘာရှာအာဆတ်ကို လိုလားသည့်ရန်သူအင်အားတစ်ရာကျော်မျှကို သုတ်သင်နိုင်ခဲ့ကြောင်း အမေရိကန်ကထုတ်ပြန်သည်။ သို့သော် သေဆုံးသူများထဲတွင် ရုရှားကြေးစားစစ်သားများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်ရပ်မတိုင်မီ ဒီဇင်ဘာလအတွင်းကလည်း F-22နှစ်စီးသည်စစ်မဲ့ဇုန်သတ်မှတ်ထားရာ ဆီးရီးယားပိုင်ဧရိယာတစ်ခုထဲ ချဉ်းကပ်လာသည့်ရုရှား Su-25လေယာဉ်နှစ်စီးကို ကြားဖြတ်ဟန့်တားခဲ့ဖူးသည်။ ထိုသို့သော အခြေအနေများကြောင့် နည်းပညာပိုင်းတွင် F-22များကို လက်တွေ့စိန်ခေါ်နိုင်မည့် Su-57များကို ရုရှားက ဆီးရီးယားသို့ ယူဆောင်လာခြင်း ဖြစ်ဖွယ်ရှိသည်။

"သေချာတာကတော့ ပဉ္စမမျိုးဆက် ကိုယ်ပျောက် တိုက်လေယာဉ်တွေကို ဆီးရီးယားထိ သယ်လာတယ်ဆိုကတည်းက ဒီစစ်ပွဲမှာ ရုရှားရဲ့ ပါဝင်မှုအရှိန်လျော့သွားမယ်ဆိုတာ မဖြစ်နိုင်တော့ပါဘူး"ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရအရာရှိ ဗိုလ်မှူးအက်ဒရီယန်ရန်ကိုင်ဂယ်လိုဝေးက မှတ်ချက်ပေးခဲ့သည်။

Su-57များကို ဆီးရီးယားထိ ယူဆောင်လာမှုသည် အမေရိကန်၏ F-22များနှင့် ထိပ်တိုက်အားပြိုင်မှုဖြစ်လာဖွယ်ရှိမရှိ ဆိုသောအချက်မှာလည်းစိတ်ဝင်စားစရာကောင်းနေသည်။ Su-52များသည် ရုရှား၏ ပထမဆုံးသောကိုယ်ပျောက်စွမ်းရည်ပါရှိသည့် မဟာဗျူဟာတိုက်လေယာဉ်များဖြစ်ပြီး ဝေဟင်ရော၊ မြေပြင်စစ်ပွဲများအတွက်ပါ ရည်ရွယ်တီထွင်ထားသည်။

လတ်တလောတွင် ရုရှားအစိုးရက Su-57 12စီးထိ Sukhoiထံမှ မှာယူထားပြီး ယခုနှစ်အတွင်း စစ်တပ်တွင် တရားဝင်စတင် တာဝန်ထမ်းဆောင်ရန်လျာထားကြောင်း သိရသည်။

လရောင် – Ref: CNN

# ဆီးရီးယားစစ်တပ်ဗုံးကြဲနေသည့် ဒေသတွင် အခြေအနေများ အလွန်ဆိုးရွားနေနိုင်ဟု ကုလသမဂ္ဂဆို



ဆီးရီးယားစစ်တပ်က ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အရှေ့ဂူတားဒေသတွင် အခြေအနေများ မမျှော်မှန်းနိုင်လောက်အောင် ဆိုးရွားနေနိုင်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ဆီးရီးယားအရေးစောင့်ကြည့်ကိုင်တွယ်ရန် ကုလသမဂ္ဂက ခန့်အပ်ထားသည့် အရာရှိပါနို့စ်မွမ်းတစ်ဖ်က ဒမတ်စကက်မြို့စွန်ရှိ အရှေ့ဂူတားတွင် ငရဲခန်းသဖွယ်အခြေအနေဆိုးနေနိုင်ကြောင်း ဝန်ခံခဲ့သည်။ ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က အရှေ့ဂူတားတွင် ၄စနာရီအတွင်း လူပေါင်း ၂၅၀ထက်မနည်း သေဆုံးခဲ့ကြောင်း ကြေညာထားသည်။

အရှေ့ဂူတားကို အစိုးရဆန့်ကျင်ရေး သူပုန်တပ်များက နှစ်အတန်ကြာထိန်းချုပ်ထားပြီး ယခုအခါဆီးရီးယားစစ်တပ်က ထိုနယ်မြေကို ပြန်လည်သိမ်းယူရန် အစပြုကြိုးစားလာသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း သူပုန်အခြေစိုက်စခန်းများနှင့် အနီးအနားရှိ လူနေဧရိယာများသို့ ဆီးရီးယားလေတပ်က ကြဲချသောဗုံးများနှင့် လက်နက်ကြီးတပ်က ပစ်ခတ်သော အမြောက်ဆန်များတဖွဲဖွဲကျဆင်းခဲ့သည်။ ဆီးရီးယားကြည်းတပ်သည် မကြာမီတွင် အရှေ့ဂူတားသို့ မြေပြင်ထိုးစစ်စတင်ဆင်နွှဲမည်ဟုလည်း ယုံကြည်ရသည်။

မွမ်းတစ်ဖ်က "သတင်းတွေကတော့ လုံးမြင့်ကောင်းပါဘူး။ အဲဒီနေရာမှာ အခြေအနေက မှန်းကြည့်လို့မရအောင် ဆိုးနေပုံပေါ်တယ်။ ဒေသခံတွေအတွက်အကြီးအကျယ်ကပ်ဘေးသင့်သလို ဖြစ်နေပါတယ်"ဟု ပြောကြားခဲ့သည်။

ဆီးရီးယားစစ်တပ်ကမူ ၎င်းတို့သည် အရှေ့ဂူတားကို အကြမ်းဖက်သမားများလက်အောက်မှ လွတ်မြောက်စေရန်စစ်ဆင်နေခြင်းဟု ကြေညာထားသည်။

ဆီးရီးယားလူ့အခွင့်အရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၄စနာရီအတွင်း ယင်းဧရိယာ၌ဗုံးနှင့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲ၍ ကလေးငယ် ၆၀နီးပါး၊ အမျိုးသမီး ၄၀ကျော်အပါအဝင် လူပေါင်း ၂၅၀ထက်မနည်းအသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မြို့ခံတစ်ဦးဖြစ်သည့် ဇီရက်စ်အက်ဘ်ဒူလာက "သူတို့အိမ်တွေထဲကနေကလေးတွေ၊ အမျိုးသမီးတွေ အော်ဟစ်ငိုယိုနေတာကို ကြားနေရပါတယ်။ ကျွန်တော်တို့ မြို့ခံတွေအပေါ် ကို ဒုံးကျည်တွေ၊ ဗုံးဆန်တွေက မိုးရွာသလိုကိုကျလာတာ။ ဒီအိပ်မက်ဆိုးကြီးကနေ ထွက်ပြေးစရာမြေမရှိပါဘူး။ ပြီးတော့ ဒီဖြစ်ရပ်တွေက အဆုံးလည်းသတ်မသွားဘူး"ဟု BBCသို့ ပြောကြားခဲ့သည်။

ကုလသမဂ္ဂက ဆီးရီးယားစစ်တပ်ရော၊ သူပုန်များကိုပါ အပစ်အခတ်အမြန်ဆုံးရပ်စဲပြီး လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးပို့နိုင်ရေး အလျင်အမြန် ဆောင်ရွက်ခွင့်ရရန် တောင်းဆိုထားသည်။ တိုက်ပွဲများအတွင်း အရှေ့ဂူတား၌ အနည်းဆုံးလူပေါင်း ၁၂၀၀ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်းလည်း သိရသည်။

လရောင် – Ref: BBC

# ကျောင်းများလုံခြုံရေးအတွက် ဆရာ၊ ဆရာမများကိုယ်တိုင် သေနတ်ကိုင်ရန် ထရမ့်အကြံပြု

ကျောင်းတွင်းပစ်ခတ်မှုများကိုတားဆီးရန် အဖြစ်သင့်ဆုံးနည်းလမ်းတစ်ခုက ဆရာ၊ ဆရာမများကိုယ်တိုင် သေနတ်ကိုင်ရန်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်က ပြောကြားလိုက်သည်။ ဖေဖော်ဝါရီ ၁၄ရက်က လော်ရီဒါပြည်နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် သေနတ်ကိုင်ပစ်ခတ်မှုကြောင့် လူပေါင်း ၁၇ဦးသေဆုံးခဲ့သည့် ဖြစ်ရပ်နှင့် ဆက်စပ်၍လက်နက်ရောင်းဝယ်မှု ကန့်သတ်ထိန်းချုပ်ရန် အမေရိကန်၌ တောင်းဆိုမှုများမြင့်တက်နေချိန်တွင် ထရမ့်က ဆရာ၊ ဆရာမများပါ သေနတ်ဝယ်ကိုင်ရန် တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

မာဂျော်ရီစတုန်းမန်းဒေါက်ဂလက်စ်ကျောင်းမှ ပစ်ခတ်မှုကို ကိုယ်တွေ့ကြုံခဲ့သည့် ကျောင်းသူကျောင်းသားများ၊ သေဆုံးသူများ၏ မိဘဆွေမျိုးများနှင့် အိမ်ဖြူတော်တွင် တွေ့ဆုံချိန်၌ ထရမ့်က ယခုမှတ်ချက်စကားကိုပြောကြားခဲ့ခြင်းလည်း ဖြစ်သည်။

ထရမ့်က "ကျောင်းမှာလက်နက်တွေကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တတ်တဲ့ ဆရာ၊ ဆရာမတစ်ယောက်ရှိနေတယ် ဆိုပါစို့၊ တိုက်ခိုက်မှုတစ်ခုကြုံလာချိန်မှာ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် တုံ့ပြန်နိုင်မှာပဲလေ။ ဆရာ၊ ဆရာမတွေကိုယ်တိုင် သေနတ်ကိုသိုသိုသိပ်သိပ် ဆောင်ထားသင့်ပါတယ်"ဟု ဆိုသည်။

၎င်းက အဆိုပါအကြံပြုချက်သည် အငြင်းပွားစရာများ ဖြစ်လာနိုင်သည်ကို နားလည်ကြောင်းလည်း ဝန်ခံခဲ့သည်။ "ဒီအတွက် အထူးလေ့ကျင့်မှုတွေတော့လိုမှာပေါ့။ သတိထားသင့်တာက လက်နက်ကင်းမဲ့ဇုန်တစ်ခုဆိုတာအမှန်တကယ် အဆင်မပြေပါဘူး။ ရမ်းကားပစ်ခတ်တယ် ဆိုတဲ့ကောင်တွေအကုန်လုံး သူရဲဘောကြောင်တဲ့ ငကြောက်တွေချည်းပဲ၊ ဒီလိုကောင်မျိုးက သူတို့ပစ်မှတ်ထားတဲ့နေရာမှာ သေနတ်လုံးဝမရှိနိုင်တာကို သိရင်ဘယ်လိုတွေးမလဲ။ အဲဒီကို ချက်ချင်းသွားပြီး ပစ်ကြခတ်ကြရအောင်လို့ပဲ စဉ်းစားမှာပေါ့"ဟု ထရမ့်က ပြောကြားခဲ့သည်။

ထရမ့်က အမေရိကန်တွင် လက်နက်ရောင်းချရာ၌ ဝယ်ယူသူ၏ နောက်ခံအကြောင်းအရာများကို လက်ရှိနည်းလမ်းများထက် ပိုမိုထိရောက် သေချာစွာ စစ်ဆေးရန်မှု ကြပ်မတ်ပေးသွားမည်ဟု ကတိပြုခဲ့သည်။ "နောက်ခံအခြေအနေတွေကို ဒီထက်ပိုပြီး အားကောင်းကောင်းနဲ့ စိစစ်စုံစမ်းပေးသွားပါမယ်။ လူတစ်ဦးချင်းရဲ့ စိတ်ကျန်းမာရေးနဲ့ ပတ်သက်လို့ ပိုပြီးခိုင်မာအားကောင်းတဲ့ စစ်ဆေးမှုတွေ ရှိလာစေရပါမယ်"ဟု ထရမ့်က အာမခံပြောဆိုသွားသည်။

လရောင်
– Ref: CNN

# တူရကီကိုတိုက်ရန် ဆီးရီးယားအစိုးရတပ်များနှင့် လက်တွဲမည်ဟု ကာ့ဒ်ပြောက်ကျားများ ကြေညာ





တူရကီတပ်များကို တွန်းလှန်တိုက်ခိုက်ရန်အတွက် ဆီးရီးယားအစိုးရနှင့် ယာယီလက်တွဲရန် သဘောတူခဲ့ကြောင်း ဆီးရီးယားအနောက်မြောက်ပိုင်းတွင် လှုပ်ရှားနေသည့် ကာ့ဒ်ပြောက်ကျားတပ်ဖွဲ့များက ထုတ်ပြန်ခဲ့သည်။ ဖွဲ့စည်းပုံ ရှုပ်ထွေးလွန်းသည့်ဆီးရီးယားပြည်တွင်းစစ်သည် တူရကီပါဝင်လာခြင်းနှင့်အတူ ပိုမို၍မျက်စိလည်စရာဖြစ်လာသည်။ ယခင်က ကာ့ဒ်တို့သည် ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ်ကို ဖြုတ်ချရန် ကြိုးစားနေသည့် အမေရိကန်အစိုးရ၏ အဓိကမဟာမိတ်အဖြစ် ရပ်တည်ခဲ့သည်။ သို့သော်ကာ့ဒ်တို့၏ ရန်သူတော်တူရကီ၏ စစ်တပ်များက နယ်စပ်ကိုဖြတ်ကျော်ကာ ဆီးရီးယားပိုင် အာဖရင်မြို့ရှိ ကာ့ဒ်ပြောက်ကျားများကို ထိုးစစ်ဆင်လာသောအခါ အခြေအနေများ ပြောင်းလဲလာသည်။

အာဖရင်ရှိကာ့ဒ်များက ၎င်းတို့သည် ဆီးရီးယားအစိုးရနှင့် ညှိနှိုင်းမှုတစ်ခုပြုလုပ်ခဲ့ကြောင်း၊ သဘောတူညီမှုအသစ်အရဆီးရီးယားအစိုးရသည် နယ်စပ်ကို ကျူးကျော်လာသည့် တူရကီတပ်များကို တွန်းလှန်ရန်အတွက် တပ်ဖွဲ့များစေလွှတ်ပေးရန် ကတိပြုခဲ့ကြောင်း ကြေညာခဲ့သည်။

သို့သော် ဒမတ်စကက်တွင် ရှိနေသည့် အာဆတ်၏ အစိုးရက ထိုကြေညာချက်အပေါ် ငြင်းဆန်ခြင်း၊ အတည်ပြုခြင်း မရှိသေးချေ။ တူရကီက ကာ့ဒ်ပြောက်ကျားများကို အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားပြီး ဇန်နဝါရီလတွင် နယ်စပ်ဖြတ်ကျော် ထိုးစစ်ဆင်မှုများ စတင်လာခဲ့သည်။ တူရကီအစိုးရကဆီးရီးယားနှင့် နယ်ခြားတွင် ခိုအောင်းနေသည့်ကာ့ဒ်အင်အားစု အားလုံးကို ရှင်းလင်းသွားမည်ဟု ကြွေးကြော်ထားသည်။

လက်ရှိအခြေအနေအရ အာဖရင်နှင့် အနီးတဝိုက်တွင်ဆီးရီးယားအစိုးရတပ်များ လုံးဝမရှိဘဲ တူရကီစစ်တပ်နှင့် ကာ့ဒ်ပြောက်ကျားများသာ လှုပ်ရှားနေကြသည်။ အကယ်၍ ကာ့ဒ်ပြောက်ကျားများ၏ ကြေညာချက်သာ မှန်ကန်သည်ဆိုပါက နယ်ကျံ့ဝင်ရောက်နေသော တူရကီတပ်များသည် ကာ့ဒ်တို့နှင့်သာမကဘဲ ဆီးရီးယားစစ်တပ်နှင့်ပါထိပ်တိုက်တွေ့တော့မည့်သဘော ဖြစ်လာသည်။

သမ္မတအာဆတ်ကို သစ္စာခံသော ဆီးရီးယားစစ်တပ်များသည် ပြည်တွင်းစစ်အရှိန် အားကောင်းလာသည့် ၂၀၁၂ခုနှစ်တွင် မြောက်ပိုင်းဒေသကာ့ဒ်နယ်မြေများမှ ဆုတ်ခွာသွားခဲ့သည်။ ထို့နောက်တွင် ယင်းဒေသကို ထင်ရှားသည့် ကာ့ဒ်ပါတီတစ်ခုဖြစ်သော PYDက လျှင်လျှင်မြန်မြန် ထိန်းချုပ်ခဲ့သည်။ PYDကို YPGခေါ် လက်နက်ကိုင်ကာ့ဒ်ပြောက်ကျားတပ်က အပြည့်အဝထောက်ခံ ရပ်တည်ပေးသည်။ YPGတို့သည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို ရှင်းလင်းခဲ့သည့် စစ်ဆင်ရေးတွင် အမေရိကန်၏ အဓိက အကျဆုံးမြေပြင်မဟာမိတ် အင်အားစုအဖြစ် ရပ်တည်ခဲ့သည်။

တူရကီအစိုးရကမူ ၎င်းတို့ မတရားအသင်း ကြေညာထားသည့် PKKခေါ် ကာ့ဒ်နိုင်ငံရေးပါတီကို YPGက ထောက်ခံအကူအညီပေးနေကြောင်း စွပ်စွဲကာ YPGကိုပါရန်ပြုလာခဲ့သည်။ YPGကမူ ၎င်းတို့သည် PKKနှင့် တိုက်ရိုက်ကျသောစစ်ရေးနှင့် နိုင်ငံရေးဆက်သွယ်မှုများ လုံးဝမရှိဟု ငြင်းဆိုထားသည်။

YPGနှင့် ဆီးရီးယားစစ်တပ်သည် ပြည်တွင်းစစ်ကာလအတွင်း အသေးစားရင်ဆိုင်ထိတွေ့မှုများရှိခဲ့သော်လည်း ပြင်းပြင်းထန်ထန်ထိပ်တိုက်တိုက်ပွဲဖြစ်မှုမျိုး မရှိစေရန်မူ နှစ်ဖက်စလုံးသတိကြီးကြီးဖြင့် ရှောင်လွှဲခဲ့ကြောင်းသိရသည်။

လရောင်–Ref: BBC

# သမ္မတသက်တမ်း ကန့်သတ်ချက်ကို ပြင်ဆင်ပြောင်းလဲရန် တရုတ်ကွန်မြူနစ်ပါတီလုပ်ဆောင်နေ



တရုတ်ကွန်မြူနစ်ပါတီက ဖွဲ့စည်းပုံဥပဒေပါ သမ္မတသက်တမ်းကန့်သတ်ချက်ကို ပြင်ဆင်ဖျက်သိမ်းရန် စတင်ဆောင်ရွက်နေကြောင်း သိရသည်။ တရုတ်အစိုးရပိုင် Xinhua သတင်းဌာနက ပါတီအနေဖြင့် နိုင်ငံ၏သမ္မတနှင့် ဒုတိယသမ္မတများသည် ငါးနှစ်သက်တမ်းနှစ်ကြိမ်ဆက်တိုက်ထက် ပိုမို၍ တာဝန်ယူရန် မသင့်ဆိုသော ဖွဲ့စည်းပုံဥပဒေ သတ်မှတ်ချက်ကို ပြင်ဆင်လိမ့်မည်ဟု စတင်ဖော်ပြခဲ့သည်။

ထို့ကြောင့် လက်ရှိဒုတိယသမ္မတသက်တမ်းကို တာဝန်ယူထားသောစီသည် တတိယငါးနှစ်သက်တမ်းအတွက်ပါ လမ်းပွင့်ပြီးသား ဖြစ်လာမည်ဟု သိရသည်။ အာဏာရကွန်မြူနစ်ပါတီ၏ အဆိုပြုမှုကို မတ်လတွင် ကျင်းပမည့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်က လက်ခံပေးသွားမည် ဖြစ်သည်။ ယင်းကွန်ဂရက်သည် ပါတီ၏ ဆန္ဒမှန်သမျှကို တံဆိပ်တုံးထု၍ အတည်ပြုပေးသည့် အဆင့်ထက်မပိုကြောင်း မီဒီယာများက ဖော်ပြကြသည်။

ဖွဲ့စည်းပုံဥပဒေကို ယခုလိုပြောင်းလဲရန် လုပ်ဆောင်လာခြင်းသည် ပါတီအပေါ်ကြီးမားစွာ ဩဇာညောင်းနေသည့် စီအနေဖြင့် ၎င်း၏ အာဏာသက်တမ်းကိုချဲ့ထွင်ရန် ပေါ်ပေါ်ထင်ထင်ကြံဆဆောင်ရွက်လာခြင်းဟု ဆိုနိုင်သည်။

စီသည် ခေတ်သစ်တရုတ်နိုင်ငံသမိုင်းတွင် မော်စီတုံးနောက်ပိုင်းအာဏာအကြီးဆုံး နိုင်ငံခေါင်းဆောင်အနေဖြင့်လည်း တင်စားခံရသူ ဖြစ်သည်။ ဇန်နဝါရီလကလည်း ပါတီညီလာခံတွင် သမ္မတစီတင်သွင်းသည့် အတွေးအမြင်သဘောတရားများကို ပါတီ၏လုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး ဖြစ်သည်။

စီသည် ၎င်း၏နေရာကို ဆက်ခံရန် ထင်ရှားမြင်သာစွာ ရွေးချယ်မှုမရှိသည့်နောက် နိုင်ငံအာဏာကို ဆက်လက်ဆုပ်ကိုင်ထားရန် ကြိုးစားလိမ့်မည်ဆိုသော ဝေဖန်မှုများ ပြီးခဲ့သည့် အောက်တိုဘာလကတည်းက ထွက်ပေါ်ခဲ့ဖူးသည်။

လရောင်–Ref: CNN

# စစ်သားများ ဒဏ်ရာရမှုအတွက် ဂါဇာတွင် အစ္စရေးက တုံ့ပြန်တိုက်ခိုက်

ပေါက်ကွဲမှုတစ်ခုကြောင့် အစ္စရေးစစ်သားများ ဒဏ်ရာရခဲ့သည့် ဖြစ်ရပ်နှင့် ပတ်သက်၍ ဂါဇာတွင် အစ္စရေးက စစ်ရေးအရ တုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၈ရက်တွင် အစ္စရေးကဂါဇာရှိ စစ်သွေးကြွအခြေစိုက်စခန်း ၁၈ခုသို့ ဖြန့်ကျက်တိုက်ခိုက်ခဲ့ပြီး ပါလက်စတိုင်းလူငယ်နှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံကျန်းမာရေး ဌာနက ကြေညာသည်။

ယခုတိုက်ခိုက်မှုသည် ၂၀၁၄နောက်ပိုင်း ဂါဇာကမ်းမြှောင်တွင် အစ္စရေးက အကြီးမားဆုံးစစ်ရေး လှုပ်ရှားမှုပြုလုပ်လာခြင်းလည်း ဖြစ်သည်။ ထိုစဉ်က အစ္စရေးတပ်များသည် ဂါဇာသို့ဝင်ရောက်ကာ ဒေသခံစစ်သွေးကြွများကို ချေမှုန်းခဲ့ဖူးသည်။

ပြီးခဲ့သည့် သီတင်းပတ်ကုန်က ဂါဇာနှင့် နယ်ခြားအနီးတွင် ဗုံးကွဲမှုတစ်ခုကြောင့် အစ္စရေးစစ်သားလေးဦးဒဏ်ရာရခဲ့သည့်နောက် ယခုလိုလေတပ်ရော၊ ကြည်းတပ်ကပါ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးစစ်တပ်က ဟားမားစ်စစ်သွေးကြွများ၏ အခြေစိုက်စခန်း ဧရိယာ ၁၈ခုကို ဗုံးကြဲခဲ့သလို တင့်ကားများဖြင့်ပစ်ခတ်ခဲ့ကြောင်း ဆိုသည်။

ဟားမားစ်တို့သည် အစ္စရေးနှင့် နှစ်ရှည်လများ ရန်သူသဖွယ် ရပ်တည်ခဲ့သည့် အစွန်းရောက်စစ်သွေးကြွအုပ်စုဖြစ်ပြီး ဂါဇာတွင် အခိုင်အမာ ခြေကုပ်ယူထားသည်။ ဂါဇာရှိ ဆေးတပ်ဖွဲ့များက အစ္စရေးတိုက်ခိုက်မှုအပြီးတွင် အပျက်အစီးပုံများ အောက်ထဲမှ အသက် ၁၇နှစ်အရွယ် လူငယ်နှစ်ဦး၏ အလောင်းများကို ရှာတွေ့ခဲ့ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးတွင် ဖြစ်ပွားသည့် ပေါက်ကွဲမှုနှင့်ပတ်သက်၍ ဂါဇာတွင်ခိုအောင်းနေသည့် မည်သည့်စစ်သွေးကြွအုပ်စုကမျှ ၎င်းတို့၏ လက်ချက်ဟု ဝန်မခံခဲ့ချေ။ သို့သော် အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာနကမူ အဆိုပါဖြစ်ရပ်သည် ဟားမားစ်တို့၏ လုပ်ရပ်သာဖြစ်ကြောင်း အခိုင်အမာစွပ်စွဲပြီး စစ်ရေးအရ တုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။

လရောင်–Ref: Jerusalem Post

# မိုဇမ်ဘစ်တွင် အမှိုက်ပုံပြိုကျမှုကြောင့် အနည်းဆုံး ၁၇ဦးသေဆုံး

မိုဇမ်ဘစ်နိုင်ငံ၏ မြို့တော်တွင် မိုးသည်းထန်စွာရွာသွန်းမှုများနှင့်အတူ အမှိုက်ပုံကြီးပြိုကျရာ လူပေါင်း ၁၇ဦးထက်မနည်း သေဆုံးခဲ့ကြောင်းသိရသည်။ မာပူတိုမြို့စွန်ရှိ ဆယ်စုနှစ်များစွာ အမှိုက်များ စုပုံထားရှိရာဧရိယာတွင် အမှိုက်ပုံ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဟု ဒေသခံ မီဒီယာများက ဖော်ပြခဲ့သည်။ ထိုနေရာတွင် အမှိုက်ကောက်ပြီး အသက်မွေးနေသည့် အိမ်ခြေရာမဲ့များ စုရုံးနေထိုင်ကြသောကြောင့် ပြိုကျမှု ဖြစ်ချိန်တွင် အသေအပျောက် များခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက အမှိုက်များ ပြိုကျသည့် နေရာကို ရှင်းလင်းဖယ်ရှားမှုများပြုလုပ်နေပြီး နောက်ထပ်ရုပ်အလောင်းများ ထပ်မံရှာတွေ့လာနိုင်ကြောင်း ဝန်ခံထားသည်။


ဟူလီနီ အမှိုက်ကျင်း ဧရိယာတွင် စုပုံထားသည့် အမှိုက်ပုံကြီးများသည် သုံးထပ်တိုက် တစ်လုံးစာမျှ မြင့်မားလေ့ ရှိသည်။ အမှိုက်ပုံ ပြိုကျမှုနှင့်အတူ အနီးတွင် အဖီဆွဲ၍ ဆောက်လုပ်ထားသည့် တဲငယ်များပါ ပိပြားပြိုကျသွားခဲ့သည်။

အဲဒီအိမ်လေးတွေမှာက မိသားစုတွေ စုပြီးနေကြတာ။ အမှိုက်ပုံတောင်ပို့ကြီးက တည့်တည့်ပြိုကျတဲ့အချိန် အထဲမှာ လူတွေ တော်တော်များများရှိနေကြတယ်လို့ ပြောပါတယ်ဟု ကယ်ဆယ်ရေး လုပ်ငန်းများကို လက်တွေ့ကြီးကြပ်နေသည့် ဖာတီမာ ဘယ်လ်ချိုင်က ပြောကြားခဲ့သည်။ သူမကဒဏ်ရာရသူ အများအပြားလည်း ရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။

မာပူတိုတွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိုးသည်းသည်းထန်ထန်ဆက်တိုက် ရွာသွန်းခဲ့ပြီး အောက်ခံမြေသား နူးပျော့လာခြင်းကြောင့် အမှိုက်ပုံ၏ အလေးချိန်ကို မခံနိုင်ဘဲ ပြိုကျခြင်းဖြစ်နိုင်ကြောင်း စုံစမ်းစစ်ဆေးရေးအရာရှိများက ကောက်ချက်ချထားသည်။



လရောင် Ref: EPA




## ကမ္ဘာလှည့်ဂီတခရီးစဉ်အတွင်း အမေရိကန်မြို့များတွင် သွားရောက်ဖျော်ဖြေမည့် GOT7 အဖွဲ့

တောင်ကိုရီးယားကေ ပေါ့ပ်အဖွဲ့ GOT7သည် ၎င်းတို့၏ ကမ္ဘာလှည့်ဂီတခရီးစဉ်အတွင်း အမေရိကန်မြို့များသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်သည်။ GOT7 အဖွဲ့က ၎င်းတို့၏ ၂၀၁၈ GOT7 WORLD TOUR ကမ္ဘာလှည့်ဂီတခရီးစဉ်ကို မေလ ၄ရက်မှ ၆ရက်အထိ ဆိုးလ်မြို့တွင် ဖျော်ဖြေ၍ စတင်မည်ဖြစ်ကြောင်းတွစ်တာ စာမျက်နှာတွင် ကြေညာခဲ့သည်၊

အဆိုပါဂီတခရီးစဉ်အတွင်း ၎င်းတို့အဖွဲ့သည် ဖူလိုင်တွင် လော့စ်အန်ဂျလိစ်၊ ဟူစတန်နှင့် နယူးယောက်စသည့်မြို့များတွင် ဖျော်ဖြေမည်ဖြစ်သည်။ထို့ပြင် ဖေဖော်ဝါရီ ၂၁ရက်က ကြေညာချက်အရ GOT7 အဖွဲ့သည် ဆိုးလ်၊ ဘန်ကောက်၊ မကာအို၊ ဂျကာတာ၊ စင်ကာပူ၊ ဟောင်ကောင်၊ ဘာလင်၊ ပါရီနှင့် မက္ကဆီကိုစီးတီး စသည့်မြို့များ သို့ သွားရောက်ဖျော်ဖြေမည်ဖြစ် ကြောင်း သိရသည်၊

JYP Entertainment ကုမ္ပဏီက ၂၀၁၄တွင် အဖွဲ့ဝင် ခုနစ်ဦးဖြင့်စတင်တည်ထောင်ခဲ့သော GOT7 အဖွဲ့သည် 'Fly'၊ 'Hard Carry' နှင့် 'Around the World' စသည့်သီချင်းများဖြင့် ပရိသတ်အားပေးမှုအများအပြား ရရှိခဲ့သည်။

လရောင် RefUPI

## ဂျယ်ဂျူးကျွန်းမှာ ပရိသတ်တွေနဲ့ တွေ့ဆုံတဲ့ G-Dragon



မကြာမီ စစ်မှုထမ်းဝင်ရောက်မည့် Big Bang အဖွဲ့ဝင် G-Dragonသည် ဂျယ်ဂျူးကျွန်းသို့ သွားရောက်ကာ ပရိသတ်နှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ ဂျယ်ဂျူးကျွန်းသို့ ရောက်လာသော G-Dragonဟူသည့် စာသားများနှင့်တကွ ၎င်းနှင့် ပရိသတ်များ ရိုက်ကူးထားသည့် ဓာတ်ပုံများ လူမှုမီဒီယာစာမျက်နှာများတွင် ပျံ့နှံ့ခဲ့သည်။

အသက် (၂၉)နှစ်အရွယ် G-Dragonသည်ဂျယ်ဂျူးကျွန်းရှိ စားသောက်ဆိုင်တစ်ခုသို့ လာရောက်စဉ် ပရိသတ်များနှင့် တွေ့ဆုံကာ ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

တောင်ကိုရီးယား၏ အအောင်မြင်ဆုံး ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Big Bang နှင့်အတူ နာမည်ကျော်လာသောG-Dragonသည် စစ်မှုထမ်းဝင်ရောက်မည်ဖြစ်သည်။

လရောင်
—Ref: allkpop

## မတ်လမှာ တေးအယ်လ်ဘမ်သစ် ဖြန့်ချိမယ့် Wanna One အဖွဲ့

တောင်ကိုရီးယားကေ ပေါ့ပ်အဖွဲ့ Wanna Oneသည် မတ်လတွင် တေးအယ်လ်ဘမ်အသစ်ဖြန့်ချိမည်ဖြစ်သည်။ အဖွဲ့ဝင် ၁၁ဦးဖြင့်ဖွဲ့စည်းထားသော Wanna One အဖွဲ့သည် ၎င်းတို့၏ တရားဝင်တွစ်တာစာမျက်နှာ၌ တေးအယ်လ်ဘမ်သစ် 'Golden Age Begins' ဖြန့်ချိမည့်အကြောင်း ကြေညာခဲ့သည်။

၎င်းတို့အဖွဲ့၏ အနုပညာကုမ္ပဏီ YMC Entertainmentကလည်း မတ်လ ၁၉ရက်တွင် ထိုအယ်လ်ဘမ်အသစ်ဖြန့်ချိမည်ဟု အတည်ပြုခဲ့သည်။

မကြာသေးမီက Wanna Oneအဖွဲ့သည် ထိုအယ်လ်ဘမ်တွင်ပါဝင်သော သီချင်းသစ်တစ်ပုဒ် ဗီဒီယိုရိုက်ကူးမှုပြီးဆုံးခဲ့ကြောင်း The Korea Herald သတင်းဌာနကဖော်ပြသည်။ 'Energetic'၊ 'Burn It Up' နှင့် 'Beautiful' စသည့်သီချင်းများဖြင့် နာမည်ရလာသော Wanna One အဖွဲ့သည် ကေပေါ့ပ်ပရိသတ်များအကြား ရေပန်းစားနေသည်။

လရောင် UPI







## ဂီတသက်တမ်း ခုနစ်နှစ်ကြာပြီးနောက် ဖျက်သိမ်းတော့မယ့် STELLAR အဖွဲ့

အမျိုးသမီး ကေပေါ့ပ်အဖွဲ့ STELLERသည် ဂီတသက်တမ်းခုနစ်နှစ်ကြာပြီးနောက် အဖွဲ့ဖျက်သိမ်းမည်ဖြစ်ကြောင်း တရားဝင်ကြေညာသည်။ STELLER လက်ရှိအဖွဲ့ဝင်များဖြစ်သော မင်ဟီ၊ ယိုအန်၊ ဆိုယောင်နှင့် ယောင်ဟွန်တို့က ပရိသတ်တွေ့ဆုံပွဲကျင်းပစဉ် အဖွဲ့ဖျက်သိမ်းမည်ဖြစ်ကြောင်း ဝမ်းနည်းစွာကြေညာခဲ့သည်။ ထိုအဖွဲ့ဝင် လေးဦးသည် မကြာသေးမီက The Entertainment Pascal အနုပညာကုမ္ပဏီနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး နောက်စာချုပ်သစ်ထပ်မချုပ်ရန် ဆုံးဖြတ်ခဲ့သည်။ STELLER အဖွဲ့ကို ဖျက်သိမ်းခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဂီတလောကတွင် ဆက်လက်လှုပ်ရှားမည်ဖြစ်သည်။ STELLER အဖွဲ့နှင့် ၂၀၁၁တွင် The Entertainment Pascal ကုမ္ပဏီက တည်ထောင်ခဲ့ပြီး ၎င်းတို့၏ 'Marionette' နှင့် 'Sting' စသည့် သီချင်းများ လူကြိုက်များသည်။

လရောင် - Ref: Soompi







# ဦးကြည်လွင်ကို ယူ-၂၃ နည်းပြချုပ်အဖြစ် စာချုပ်ချုပ်ဆို




မြန်မာယူ-၂၃ နည်းပြချုပ်အဖြစ် ဦးကြည်လွင်ကို ဖိလစ်ပိုင်ဆီးဂိမ်းကာလအထိ တရားဝင်စာချုပ်ချုပ်ဆိုကြောင်း ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း ဦးကြည်လွင်သည် မတ်လ ၁ ရက်ကစတင်ကာ နည်းပြချုပ်အဖြစ် စတင်တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၉ ဒီဇင်ဘာအထိ စာချုပ်ချုပ်ဆိုခြင်းဖြစ်သည်။

"ကျွန်တော့်အနေနဲ့ကတော့ တာဝန်ပေးလာပြီဆိုရင် အကောင်းဆုံးဖြစ်အောင်၊ အောင်မြင်အောင်လုပ်မှာပါ။ အဓိကအနေနဲ့ ၂၀၁၉ ဆီးဂိမ်းအတွက်ပြင်ဆင်လေ့ကျင့်သွားမှာပါ"ဟု မြန်မာ့လက်ရွေးစင်ယူ-၂၃ နည်းပြချုပ် ဦးကြည်လွင်က ဆိုသည်။

မြန်မာယူ-၂၃အသင်းသည် ဖိလစ်ပိုင်နိုင်ငံက လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက်ဆီးဂိမ်းပြိုင်ပွဲ မတိုင်မီ နိုင်ငံတကာ ဖိတ်ခေါ်ပွဲများ၊ ခြေစမ်းပွဲများယှဉ်ပြိုင်ရန်စီစဉ်ထားကြောင်း ၎င်းကဆိုသည်။ မြန်မာ ယူ-၂၃ အသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၃၀ ဦးဖြင့် တစ်ပတ်လျှင် အင်္ဂါ၊ ဗုဒ္ဓဟူးနှစ်ရက်လေ့ကျင့်ပြင်ဆင်နေသည်။

ဦးကြည်လွင်သည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး မြန်မာလိဂ်ကလပ် မကွေးအသင်းတွင်လည်း မန်နေဂျာအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။

မြတ်မင်းဇင်




# ကော်စတာနှင့် တွဲဖက်ကစားရသဖြင့် ဂရစ်ဇ်မန်း ခြေစွမ်းပိုကောင်းလာဟု ဆီမွန်နီပြော

ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း၏ သွင်းဂိုးများဖြင့် လီဟာနက်စ်ကို ၄-၀ ဂိုးဖြင့်အနိုင်ရပြီးနောက် အက်သလက်တီကိုနည်းပြဆီမွန်နီက ဂရစ်ဇ်မန်းသည် ကော်စတာနှင့်တွဲကစားရ၍ ခြေစွမ်းပိုကောင်းလာသည်ဟုပြောသည်။

ဇန်နဝါရီက ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ကော်စတာ အက်သလက်တီကိုတွင် စတင်ကစားခဲ့ခြင်းက ဂရစ်ဇ်မန်း၏ခြေစွမ်းကို နောက်တစ်ဆင့်မြင့်မားလာစေသည်ဟု ဆီမွန်နီက ယုံကြည်နေသည်။

ဂရစ်ဇ်မန်းသည် ဆီဗီလာကို ၅-၂ ဂိုးဖြင့်နိုင်သောပွဲတွင် ဟက်ထရစ်သွင်းယူခဲ့ပြီး လီဟာနက်စ်ဘက်သို့တစ်ဦးတည်းလေးဂိုးသွင်းယူခဲ့သည်။

ဂရစ်ဇ်မန်းသည် ပြိုင်ပွဲအရပ်ရပ် အက်သလက်တီကိုအတွက် ဂိုး ၁၀၀အထိ သွင်းယူထားပြီး မက်ဆီ၊ဆွာရက်ဇ်နှင့် အက်စ်ပက်စ်တို့နှင့်အတူ လာလီဂါထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နေသည်။

ထိုအတောအတွင်း အက်သလက်တီကိုကွင်းလယ်လူ သောမက်စ်ပါတေကို ၂၀၂၃ ဇွန်လအထိစာချုပ်သက်တမ်းတိုးခဲ့သည်။ ၎င်းသည် ၂၀၁၁က အက်သလက်တီကိုဘောလုံးအကယ်ဒမီမှ ရောက်လာကာ ဆီမွန်နီ၏အဓိကကစားသမားတစ်ဦးဖြစ်လာသည်။

လက်ရှိစာချုပ်သက်တမ်းကုန်ပါက အက်သလက်တီကိုမှထွက်ခွာမည့် စပိန်တိုက်စစ်မှူးတောရက်စ်၏ အနာဂတ်နှင့်ပတ်သက်၍ ဆီမွန်နီက တောရက်စ်အခြေအနေကိုသိထားသော်လည်း အသင်းတွင်ဆက်လက်နေမည်ဟု မျှော်လင့်ကြောင်းပြောသည်။

မြတ်မင်းဇင်

# ကာဂျစ္စတန်နှင့်ပွဲမတိုင်မီ မြန်မာဘောလုံးအသင်း တောင်ကိုရီးယားတွင် ခြေစမ်းမည်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှဖလားခြေစစ်ပွဲ ကာဂျစ္စတန်နှင့် ပွဲမတိုင်မီတောင်ကိုရီးယားနိုင်ငံရှိ အသင်းတစ်သင်းနှင့်ခြေစမ်းပွဲကစားရန် စီစဉ်ထားကြောင်း ဘောလုံးအဖွဲ့ချုပ်အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်ကပြောသည်။

လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့သည့် ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ပွဲကို မတ်လ ၂၂ ရက် မြန်မာစံတော်ချိန် နေ့လယ် ၁၂နာရီခွဲတွင် တောင်ကိုရီးယား နိုင်ငံ အင်ချွန်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာဂျစ္စတန်နှင့်ပွဲမတိုင်မီ ပြည်တွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်တော့မည်မဟုတ်ဘဲ တောင်ကိုရီးယားနိုင်ငံရာသီဥတုနှင့် အသားကျစေရန် ပြိုင်ပွဲမတိုင်မီ တစ်ပတ်အလို မတ်လ ၁၅ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း ဦးဘုန်းနိုင်ဇော်ကပြောသည်။

"တောင်ကိုရီးယားက အခုတော်တော်လေးအေးနေတယ်။ ဒါကြောင့် တောင်ကိုရီးယားရာသီဥတုနဲ့အသားကျဖို့အတွက် တစ်ပတ်လောက်စောပြီးသွားမယ်။ ဟိုရောက်ရင် တောင်ကိုရီးယားကအသင်းတစ်သင်းနဲ့ ခြေစမ်းပွဲကစားနိုင်ဖို့ တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်ကို အကူအညီတောင်းထားတယ် ဟု ၎င်းကပြောသည်။

မြန်မာအသင်းပါဝင်သည့် ၂၀၁၉ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲအုပ်စု(က)တွင် အိန္ဒိယအသင်းက ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး လက်ကျန်ခြေစစ်ပွဲအောင်တစ်နေရာအတွက် ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲနောက်ဆုံးပွဲအဖြစ်မကာအိုအသင်းနှင့် မတ်လ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

"လက်ကျန်နှစ်ပွဲမှာ ကျွန်တော်တို့အမှတ်ပြည့်မရရင်တောင် အနိမ့်ဆုံးလေးမှတ်တော့လိုပါတယ်။ ခြေစစ်ပွဲအောင်မြင်ဖို့အတွက်မဖြစ်မနေ နိုင်ပွဲရဖို့ ကြိုးစားရမှာပါ။ ကစားသမားတွေအားလုံးကိုလည်း အစွမ်းကုန်ကြိုးစားဖို့မှာထားပါတယ်"ဟု ဦးဘုန်းနိုင်ဇော်က ပြောသည်။

အာရှဖလားခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်ခြေစစ်ပွဲနှစ်ပွဲတွင် တစ်သင်းလုံးအကောင်းဆုံး ကြိုးစားမည်ဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းခေါင်းဆောင် ရန်အောင်ကျော်ကပြောသည်။

"ကျွန်တော်တို့အနေနဲ့ ပရိသတ်တွေကို ပျော်ရွှင်အောင် မလုပ်ပေးနိုင်သေးပါဘူး။ ဒါကြောင့်ဒီလက်ကျန်နှစ်ပွဲကို ကျွန်တော်တို့မှာရှိတဲ့ အင်အားတွေကိုအကုန်ထုတ်သုံးပြီး ပရိသတ်တွေကို ပျော်ရွှင်မှုပေးချင်တယ်။ ဘယ်မှာကစားရပါစေ၊ မြန်မာနိုင်ငံအတွက် ကျွန်တော်တို့တိုက်ပွဲဝင်သွားမှာပါ"ဟု ရန်အောင်ကျော်က ပြောသည်။

မြတ်မင်းဇင်

# ကျော်ကိုကိုနှင့် အောင်သူ ကာဂျစ္စတန်နှင့်ပွဲမတိုင်မီ သုံးရက်အလိုမှ လက်ရွေးစင်အသင်းနှင့် ပူးပေါင်းမည်




ထိုင်းလိဂ်သို့အငှားဖြင့် သွားရောက်ကစားနေသည့် တိုက်စစ်မှူး ကျော်ကိုကိုနှင့်အောင်သူသည်ကာဂျစ္စတန်အသင်းနှင့် အာရှခြေစစ်ပွဲမတိုင်မီသုံးရက်အလိုမှ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပြောသည်။

ကျော်ကိုကိုသည် မြန်မာလိဂ်ကလပ်ရန်ကုန်ယူနိုက်တက်မှထိုင်းလိဂ်(၁) ကလပ်ချင်းရိုင်အသင်းသို့လည်းကောင်း၊ အောင်သူသည်မြန်မာလိဂ်အသင်းရတနာပုံမှ ထိုင်းလိဂ်(၁)ကလပ် Police Teroအသင်းသို့လည်းကောင်း တစ်ရာသီအငှားစာချုပ်ဖြင့် အသီးသီးပြောင်းရွှေ့ကစားနေသည်။

မြန်မာအသင်းသည် ၂၀၁၉ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ အုပ်စု(က)တွင် အိန္ဒိယ၊ မကာအို၊ ကာဂျစ္စတန်အသင်းတို့နှင့်ကျရောက်နေပြီး၊ မတ်လ ၂၂ရက်၌ ကာဂျစ္စတန်အသင်း၊ မတ်လ ၂၇ရက်တွင် မကာအိုအသင်းနှင့် အုပ်စုလက်ကျန်နှစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

"အောင်သူနဲ့ ကျော်ကိုကိုက သူတို့ကစားနေတဲ့ထိုင်းလိဂ်ပွဲတွေရှိနေတဲ့အတွက်အသင်းကို ကာဂျစ္စတန်နဲ့ပွဲမတိုင်မီသုံးရက်အလိုလောက်မှ ပူးပေါင်းနိုင်မှာပါ။ မတ်လ ၁၈ရက်အထိ ပွဲရှိနေတဲ့အတွက် မတ်လ ၁၉ရက်ညမှ ကိုရီးယားကိုလာပြီး အသင်းနဲ့လာပေါင်းမှာပါ"ဟု ဦးဘုန်းနိုင်ဇော်ကပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လ ၅ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ကာဂျစ္စတန်အသင်းနှင့် အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် တောင်ကိုရီးယားနိုင်ငံသို့ မတ်လ ၁၅ရက်၌ ကြိုတင်သွားရောက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့သည့် ကာဂျစ္စတန်နှင့်မြန်မာအသင်းတို့ပွဲကို မတ်လ ၂၂ရက် မြန်မာစံတော်ချိန် နေ့လယ်၁၂နာရီခွဲတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းအားကစားကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုနောက်ဆုံးပွဲဖြစ်သည့် မြန်မာနှင့် မကာအိုအသင်းတို့ပွဲကို မတ်လ ၂၇ရက် ညနေ၆နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၉ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲအုပ်စု (က)တွင် အိန္ဒိယအသင်းက ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး လက်ကျန်ခြေစစ်ပွဲအောင်တစ်နေရာအတွက် ကာဂျစ္စတန် နှင့် မြန်မာတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြတ်မင်းဇင်

## စပါးအသင်း အက်ဖ်အေဖလား ကွာတားသို့တက်ရောက်

ဗီဒီယိုလက်ထောက်ဒိုင်လူကြီးစနစ် (VAR)ကို ပြန်လည်ကြည့်ရှုရမှုများလွှမ်းမိုးခဲ့သောအက်ဖ်အေဖလားပဉ္စမအဆင့်တွင် တတိယတန်းကလပ် ရော့ချ်ဒေးလ်ကို စပါးက ၆-၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သောပွဲ၌ တိုက်စစ်မှူးလော်ရန်တေးက ၁၂မိနစ်အတွင်း ဟက်ထရစ်သွင်းယူခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသား ဆွန်ဟွမ်မင်က နှစ်ဂိုးသွင်းယူကာ လူစားဝင်လာသူကိုင်လီဝေါကာက တစ်ဂိုးသွင်းယူခဲ့သည်။


နည်းပြပိုချက်တီနိုလက်ထက် ပထမဆုံးဖလားရရှိရန်ကြိုးစားနေသောစပါးသည် မတ်လ ၁၇ရက် ကွာတားဖိုင်နယ်ပွဲစဉ်တွင်ဆွမ်ဆီးနှင့်ကစားရမည်ဖြစ်သည်။ VARစနစ်ကိုမကြာခဏရည်ညွှန်းခဲ့ရသဖြင့်ပထမပိုင်းအချိန်ပိုငါးမိနစ်ကျော်ကစားခဲ့ရပြီး ပရိသတ်များ၊ ကစားသမားများနှင့်နည်းပြများအတွက်ရှုပ်ထွေးခဲ့ကာ ဒေါသထွက်စရာလည်းဖြစ်ခဲ့သည်။


"ပထမပိုင်းက လူတိုင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာပါ။ ဘောလုံးကိုပဲအာရုံစိုက်ဖို့ ခက်ခဲပါတယ်"ဟု ပိုချက်တီနိုကပြောသည်။ စပါးအသင်းသည် VAR စနစ်ကြောင့် ဂိုးနှစ်ဂိုးပယ်ဖျက်ခံခဲ့ရပြီး ဆွန်ဟွမ်မင်သွင်းယူသောပင်နယ်တီဂိုးတစ်ဂိုးလည်းပါဝင်သည်။ VARစနစ်အသုံးပြုနေကြောင်းသိရှိရန် ကြီးမားသောရုပ်သံမျက်နှာပြင်ထောင်ထားသော်လည်း ပထမပိုင်းအပြီးတွင်ပရိသတ်ကလှောင်ပြောင်ခဲ့ပြီး ပွဲကြီးကြပ်သူများကို ပစ်မှတ်ထားခဲ့သည်။

ဘောလုံးအားကစားသည် စိတ်လှုပ်ရှားမှုများဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပရိသတ်များက ယနေ့မြင်တွေ့ခဲ့ရသည်ကိုပျော်ရွှင်မှုမရှိဟု ပေါ် ချက်တီနိက VAR စနစ်နှင့်ပတ်သက်၍ ပြောကြားသည်။

မြတ်မင်းဇင်

















# နိုင်ငံခေါင်းဆောင်တွေ လစာဘယ်လောက်ရကြသလဲ

လူတွေက တခြားလူတွေရဲ့ လစာနဲ့ပတ်သက်ရင် အမြဲသိချင်စိတ်ပြင်းပြလေ့ရှိကြပါတယ်။ ကျောင်းနေဖက်တွေ၊ သူငယ်ချင်းတွေကတော့ သူတို့ရဲ့လစာနဲ့ပတ်သက်ပြီး သိပ်ပြောလေ့မရှိပေမယ့် နိုင်ငံတော်သမ္မတတွေရဲ့ လစာကတော့ အားလုံးသိရှိနိုင်ပါတယ်၊ သမ္မတဒေါ် နယ်ထရန့်ရဲ့ တစ်နှစ်လစာကသင့်ရဲ့တစ်လ လစာထက်ပိုပြီး နည်းတယ်ဆိုတာသိရရင် အံ့ဩကုန်ကြမလား၊ ကဲနိုင်ငံခေါင်းဆောင်သမ္မတတွေရဲ့ လစာတွေနဲ့ပတ်သက်ပြီးဆက်ကြည့်လိုက်ရအောင်။

## ၁။ Donald Trump

ယူအက်စ်သမ္မတ Donald Trumpရဲ့တစ်နှစ်စာလစာကဘယ်လောက်ရတယ်ထင်ပါသလဲ၊ တစ်နှစ်လုံးအတွက် တစ်ဒေါ်လာသာရပါတယ်တဲ့၊ သင့်ရဲ့တစ်လဝင်ငွေထက် နည်းတယ်ဟုတ် DonaldTrumpuသူ့ရဲ့သမ္မတလစာတစ်နှစ်ကို ဒေါ်လာ၄၀၀၀၀၀ရတာကို ငြင်းပယ်ခဲ့ပြီး တစ်ဒေါ်လာသာယူခဲ့ပါတယ်။ တစ်နှစ်လုံးအလုပ်လုပ်ခအတွက် တစ်ဒေါ် လာသာယူခဲ့ပြီး ဥပဒေအရ

စာ- ၂၀ »





# ယုန်များကိုသေစေသည့်ဗိုင်းရပ်စ်ဖြန့်ဝေမည့်နယူးဇီလန်အစိုးရ၏အစီအစဉ်ကိုဝေဖန်မှုများရှိနေ

ယုန်များကို သေစေမည့် ဗိုင်းရပ်စ်တစ်မျိုးဖြန့်ဝေမည့် နယူးဇီလန်အစိုးရ၏ အစီအစဉ်အပေါ် ဝေဖန်မှုများစွာ ထွက်ပေါ်နေကြောင်း သိရသည်။ နယူးဇီလန်အစိုးရက နိုင်ငံတန်းတလျားတွင် ယုန်များပေါက်ဖွားကျက်စားမှုအလွန်ထူထပ်များပြားနေသဖြင့် အရေအတွက်အတိုင်းအတာတစ်ခုထိ ၎င်းတို့ကို ဖျက်ဆီးသုတ်သင်ရန် လိုအပ်နေကြောင်းဝန်ခံခဲ့သည်။

သို့သော်သဘာဝအတိုင်း ရှင်သန်ကျက်စားနေသည့် ယုန်များကိုသေစေသည့် RHDV1-K5ခေါ်ဗိုင်းရပ်စ်ပိုးကို ဖြန့်ဝေမည့်အစီအစဉ်မှာ မူရက်စက်လွန်းရာ ကျနေကြောင်း တိရစ္ဆာန်အခွင့်အရေးလှုပ်ရှားသူများကရှုတ်ချနေကြသည်။

နယူးဇီလန်အစိုးရသည် အဆိုပါဗိုင်းရပ်စ်ကိုမတ်လအတွင်း၌ စတင်အသုံးပြုရန်ရည်ရွယ်ထားသည်။ နယူးဇီလန်ရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များကမူ အစိုးရ၏ အစီအစဉ်ကို ထောက်ခံကြိုဆိုလျက်ရှိသည်။ ယုန်ရိုင်းများက စိုက်ခင်းများထဲဝင်ရောက်ဖျက်ဆီးသဖြင့် စီးပွားရေးအရနစ်နာမှုများ ကြီးမားစွာဖြစ်ပေါ်နိုင်ကြောင်း၎င်းတို့ကဆိုသည်။

၁၈၃၀ပြည့်လွန်နှစ်များက နယူးဇီလန်သို့ယုန်များကိုစတင်ဘေးမဲ့လွှတ်ပေးခဲ့ပြီး ထို့နောက်တွင်အရေအတွက် လျင်မြန်စွာတိုးပွားလာခြင်းနှင့်အတူ တောင်သူလယ်သမားများအတွက် ခေါင်းခဲစရာသဘာဝစိန်ခေါ်မှုတစ်ခုအသွင်ကိုဆောင်လာသည်။

ယုန်များသည် စိုက်ခင်းများထဲဝင်ရောက်ကာ သီးနှံများကို ဖျက်ဆီးစားသောက်ကြသလို မြေကျင်းများတူးခြင်းကြောင့်လည်း စိုက်ပျိုးမြေများပျက်စီးလေ့ရှိကြောင်းသိရသည်။

နယူးဇီလန်အစိုးရက ယုန်များ၏ဖျက်ဆီးမှုကြောင့် စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၆သန်းဖိုးမျှနှစ်စဉ် အဆုံးအရှုံးကြုံနေကြောင်းဆိုသည်။ ယုန်များ၏ အရေအတွက်ကိုသုတ်သင်လျှော့ချပါက အခြားနည်းလမ်းများသုံးသင့်ကြောင်း ထောက်ပြမှုများရှိနေသော်လည်း ပြဿနာကိုဖြေရှင်းရန် လုံလောက်မှုမရှိဟုအာဏာပိုင်များကဝန်ခံထားသည်။

နယူးဇီလန်တွင် ယုန်များကိုသေစေသည့်ဗိုင်းရပ်စ်ကို၁၉၉၇ခုနှစ်ကစတင် ဖော်ထုတ်တီထွင်ခဲ့သည်။ ယင်းဗိုင်းရပ်စ်ကူးစက်သည့် အခါယုန်များကိုသာထိခိုက်သက်ရောက်ပြီး အခြားတိရစ္ဆာန်များအပေါ် မည်သည့်အာနိသင်မျှမရှိဟုဆိုသည်။ သို့သော်နှစ်ပေါင်း၂၀ကျော်ကြာမြင့်လာချိန်တွင်မူ အဆိုပါဗိုင်းရပ်စ်ကိုတောယုန်ရိုင်းများ၏ပဋိဇီဝစနစ်က ခံနိုင်ရည်ရှိလာသည့်အတွက် ဗိုင်းရပ်စ်မျိုးကွဲသစ်ကိုဖန်တီးအသုံးပြုရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

လရောင် Ref: Stuff